ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ချမ်းသာခြင်းအကြောင်းတရား

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 December 2017 ၉၁၄၄

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျေးလက်အိမ်ပုံစံနမူနာနှင့် နေ့ကလေးထိန်းဌာနတို့ကို ကြည့်ရှုစစ်ဆေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် "မေမေ့ရင်ခွင်" နေ့ကလေးထိန်းဌာနမှ ကလေးငယ်များ ဆော့ကစားနေမှုကို ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ညနေပိုင်းတွင် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းမည့် ကျေးလက်အိမ်ပုံစံနမူနာနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနၐ ဖွင့်လှစ်ထားသည့် နေ့ကလေးထိန်းဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညနေ ၃ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ရောက်ရှိပြီး ဝန်ကြီးဌာနရုံးဝင်းအတွင်း နမူနာပုံစံအဖြစ် ဆောက်လုပ်ပြသထားသည့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခုံတိုင်ကျေးရွာ၌ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းမည့် ကျေးလက်အိမ်ပုံစံကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် SEVEN KING Construction Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမျိုးကိုကိုတို့က ကျေးလက်အိမ်ဆိုင်ရာ အချက်အလက်များနှင့် ဒေသနှင့်ကိုက်ညီမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖

အာရှတိုက်ရှိ ဂျာနယ်လစ်များအား ရည်ရွယ် ချီးမြှင့်သည့် Kate Webb ဆု မြန်မာနိုင်ငံမှ သတင်းထောက်ကိုမြတ်ကျော်သူ ရရှိ
စာမျက်နှာ » ၇



မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၆၁ တွဲ ထပ်မံရောင်းချနိုင်ခဲ့
စာမျက်နှာ » ၉

စစ်တွေမှ မောင်တောသို့ ကားလမ်းဖြင့် သွားလာနိုင်တော့မည်
စာမျက်နှာ » ၁၁

ကမ္ဘာ့အကြီးဆုံး ကြယ်လိပ်ကို ပုဂံဒေသ လောကနန္ဒာဘေးမဲ့ ဥယျာဉ်၌ လေ့လာနိုင်
စာမျက်နှာ » ၁၆

# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များအပေါ် သဘောတူညီမှုရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ သွားရောက်ခဲ့ပြီး နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် ရှာဟီဒူလ် ဟတ်ခ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဒီဇင်ဘာ ၁၉ ရက်က ဒါကာမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များ (Terms of Reference)အပေါ် သဘောတူညီမှုရရှိခဲ့ပြီး အဆိုပါ သဘောတူညီချက်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဗ္ဗူလ်ဟာဆန် မာမွတ်အလီ၏ ရှေ့မှောက်တွင် အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် ရှာဟီဒူလ် ဟတ်ခ်တို့က လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ပူးတွဲလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းသွားရန်ရှိပြီး ယင်းလုပ်ငန်းအဖွဲ့သည် နေပြည်တော်တွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

ကြေးမုံ

# နှစ်ပေါင်းထောင်ချီ ဂုဏ်ယူဖွယ် ညီညွတ်မှု

ကရင်နှစ် ၂၇၅၇ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် ကရင် အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနားကို ဒီဇင်ဘာလ ၁၈ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ နှစ်သစ်ကူးမိန့်ခွန်း ပြောကြားခဲ့သည်။ အလားတူ အခမ်းအနားများကို နိုင်ငံတစ်ဝန်းတွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်ကို တွေ့ရပါသည်။

ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို တစ်နိုင်ငံလုံးတွင် နှစ်စဉ် နှစ်တိုင်း ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၇၉) နှစ် ရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရရှိသေးသည့် ကိုလိုနီခေတ်ကာလကတည်းက စတင်ကျင်းပလာခဲ့သည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တစည်းတလုံးတည်း အတူတကွ နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားလူမျိုးတစ်မျိုး၏ စည်းလုံးညီညွတ်မှု စွမ်းအားကို လှစ်ဟဖော်ထုတ် ပြသရာလည်း ရောက်ပေသည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး တိုင်းရင်းသားလူမျိုး တစ်ရာကျော်တို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အေးချမ်းစွာ ဖြင့် အတူတကွ လက်တွဲနေထိုင်ခဲ့ကြသည်။ ရှမ်း၊ ချင်း၊ ကချင်၊ မွန်၊ ဗမာ၊ ရခိုင်၊ ကရင်၊ ကယား အမည်နာမကွဲပြားခြားနားသော်လည်း အမိမြန်မာနိုင်ငံတော်ကြီးအတွင်း အတူတကွနေထိုင်လာခဲ့ကြသဖြင့် မြန်မာတည်းဟူသော အိမ်ထောင်စုကြီးတစ်ခုအတွင်းမှ မိသားစုဝင် များဖြစ်ပေသည်။

မိသားစုဝင်ဟူသောသဘောဖြင့် တစ်ဦးနှင့်တစ်ဦး သီးခြားစီရပ်တည် မနေဘဲ အတူယှဉ်တွဲ ရောယှက်နေထိုင်လျက် ရှိသည်ကို ယခုကဲ့သို့သော တိုင်းရင်းသားလူမျိုးများ၏ ထုံးတမ်းစဉ်လာ အမျိုးသားပွဲများ၊ ယဉ်ကျေးမှု ပွဲများက သက်သေပြလျက်ရှိပေသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးစုအားလုံးသည် မြန်မာနိုင်ငံအတွင်း နှစ်ပေါင်း ထောင်ချီကာလ ကတည်းက အခြေချနေထိုင်ခဲ့သည့် မိသားစုဝင်များဖြစ်သည်။ လူမျိုးစုများ စတင်ဖြစ်တည်နေထိုင်ခဲ့ကြသည့် အရပ်ဒေသများတွင် စုပေါင်း နေထိုင်ကြသည်ဆိုသော်လည်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားများအားလုံးတို့မှာ မိသားစုအိမ်ကြီးအတွင်း အတူယှဉ်တွဲရောယှက် နေထိုင်ကြသဖြင့် မိသားစုဟုခေါ်ဆိုထိုက်သည်။

တိုင်းရင်းသားအားလုံးတို့သည် လူ့သဘာဝအရ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြရာ မြန်မာပြည်တွင်သာမက ကမ္ဘာတွင်ပါ ပျံ့နှံ့ နေသဖြင့် ကမ္ဘာ့ရွာကြီးဟုပင် ခေါ်ဆိုလာကြသည်။ မည်သို့ပင် အနေ ကွဲပြားစေကာမူ အမိမြန်မာနိုင်ငံအတွင်းမှ သက်ဆင်းပေါက်ဖွားလာကြ သည်ဖြစ်၍ တစ်မိသားစုဝင်အချင်းချင်း ချစ်ခင်ရင်းနှီး ပေါင်းသင်းဆက်ဆံ ကြရမည်သာဖြစ်သည်။ လူဟူသည်မှာ လူတစ်ကိုယ်၊ စိတ်တစ်မျိုးစီဖြစ်၍ အခန့်မသင့်သည့်အခါ စိတ်သဘောကွဲပြားကြသည်များရှိသလို သွေးခွဲမှု ကြောင့် ကွဲပြားတတ်သည်လည်း ရှိပေလိမ့်မည်။

မည်သို့ရှိစေ မိသားတစ်စုတည်းဖြစ်သည့် ပင်ကို ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ ပွင့်ပွင့်လင်းလင်း နေထိုင်တတ်ခြင်းဟူသော ရှေးဘိုးဘေး ဘီဘင်တို့၏ လက်ဆင့်ကမ်းအမွေကို မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်သည်။ ကရင်အမျိုးသားတို့၏ နှစ်ပေါင်း ထောင်ချီဖြတ်သန်းလာခဲ့သည့် သမိုင်းကြောင်းနှင့် အလားတူ ကျန် တိုင်းရင်းသားအားလုံးတို့၏ ချစ်ခင်နှစ်လိုဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ်၊ ကောင်းမွန်သည့် ဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ မိသားစု ဝင်အားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။

တိုင်းရင်းသားများ စည်းလုံးညီညွတ်မှု အားကောင်းသည့်အခါ အမိမြန်မာနိုင်ငံတော်ကြီး ဂုဏ်ယူဝင့်ကြွားဖွယ် ထည်ထည်ဝါဝါ ရပ်တည် နိုင်သည်ကို ဂုဏ်ယူရမည်ဖြစ်သလို စိတ်သဘောထား မတိုက်ဆိုင်မှုကြောင့် ဖြစ်စေ၊ သွေးခွဲမှုကြောင့်ဖြစ်စေ ညီညွတ်မှုအားနည်းသည့်အခါ အမိမြန်မာ နိုင်ငံတော်ကြီး အားအင်ချည့်နဲ့ရသည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။

သို့ဖြစ်ရာ နှစ်ပေါင်းထောင်ချီ အရှည်တည်တံ့ခိုင်မြဲလာသော အမိ မြန်မာနိုင်ငံတော်ကြီးအတွင်းမှ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် တိုင်းတစ်ပါးသားတို့ သွေးခွဲမှုများ၊ နှောင့်ယှက်စွက်ဖက်မှုများကို သင်ခန်းစာယူသတိမူကာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကြီးအဖြစ် ညီညွတ်စွာ လက်တွဲရပ်တည်နိုင်ကြပါစေဟု နှစ်သစ်တောင်းဆု ခြွေအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တရုတ်တိဘက် သုတေသနဌာန အကြီးအကဲ မစ္စတာကျန်းယွင် ဦးဆောင်သည့် တိဘက် ယဉ်ကျေးမှုဖလှယ်ရေး ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်အား တရုတ်တိဘက် သုတေသနဌာန အကြီးအကဲ ပါမောက္ခချုပ် မစ္စတာကျန်းယွင် ဦးဆောင်သည့် တိဘက်ယဉ်ကျေးမှု ဖလှယ်ရေး ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက် ၁၀ နာရီတွင် တိုင်းရင်း သားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွား ကဏ္ဍမြှင့်တင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ဖွံ့ဖြိုး တိုးတက်စေရေးနှင့် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်း သားလူမျိုးများ၏ စာပေနှင့် ဘာသာ စကားများအား ဖြန့်ဝေနိုင်ရေး၊



မြန်မာနိုင်ငံနှင့် တိဘက်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတို့ကြား နှစ်ဦး နှစ်ဖက်အကျိုးစီးပွားများ ဖွံ့ဖြိုး တိုးတက်စေရေး၊ နှစ်နိုင်ငံတိုင်းရင်းသား လူမျိုးစုများ၏ အကျိုးစီးပွား တိုးတက် ကောင်းမွန်စေရန် ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ် များတွင် ကူညီဆောင်ရွက်မှုများနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာ နိုင်ငံအရေးနှင့် ပတ်သက်၍ တရုတ် ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံ ဘက်မှ မှန်ကန်စွာ ရပ်တည်ပေးမှု အပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**မြိတ် ဒီဇင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်သည် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီဇင်ဘာ ၁၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မြိတ်မြို့၏ သမိုင်းဝင် ရေကန်တစ်ခုဖြစ်သော မြစ်ငယ်ရပ်ကွက်တွင်တည်ရှိသည့် ၂၂ ဒသမ ၆၄၀ ဧကရှိ ကန်တော်မင်္ဂလာရေကန်စိမ်းလန်းစိုပြည် ရေး၊ သာယာလှပရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြန်လည် တူးဖော်ရေး လုပ်ငန်းကြိုတင်ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ရေကန်တူးဖော်ရေးအတွက် ရေကန်အတွင်းရှိ ဗေဒါများဆယ်ယူခြင်း၊ ရေများစုပ်ထုတ်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန် မှာကြားခဲ့သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ရေကန်တူးဖော်ရေးလုပ်ငန်းအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်သိန်း ၂၀၀၀ လျာထားရန် စဉ်းစားထားကြောင်း ရေကန် တူးဖော်ရေးလုပ်ငန်းကော်မတီအား ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ရေများစုပ်ထုတ်ခြင်း ဆောင်ရွက်ရာတွင် ရေကန်အတွင်းရှိ ရေများကို



မြင်းကောင်ရေ (၁၈၀) HINO ခြောက်လုံးထိုး အင်ဂျင်ရေစုပ်စက်ကြီးဖြင့် ပြည်ဖြိုးထွန်းကုမ္ပဏီမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သည် ရေပုန်းရပ်ကွက်တွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ပြည်သူများအတွက် တည်ဆောက်လျက်ရှိသည့် ခြောက်ခန်းတွဲလေးထပ် တန်ဖိုးနည်းအိမ်ရာ တည် ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ကြပြီး တည်ဆောက်ပြီးစီးခဲ့သည့် အဆောက်အအုံ နှစ်လုံးအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် တည်ဆောက်လျက်ရှိသည့် အဆောက်အအုံများ အား ကြည့်ရှုစစ်ဆေးခဲ့ကြကာ ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(မြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်(ရွှေဈေး) ၉၁၆၅၀၀ - ၉၁၆၅၀၀၊ မန္တလေး(ရွှေဈေး) ၉၁၆၅၀၀ - ၉၁၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၇၅/၇၈၅ ကျပ်၊ | ၈၂၅/၈၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၃၀ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၇၉၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၅/၇၇၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၃၅ ကျပ်

***၁၂-၁၂-၂၀၁၇ ရက်နေ့မှ ၁၅-၁၂-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၃၆ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၆၀ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၅၂ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၄ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၇.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆.၃၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၇၁၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၄.၄၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၅၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၂.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၅၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းနှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





### ❖ နိုင်ငံတော်၏အတိုင်ပင်ခံမှ

အဆိုပါကျေးလက်အိမ်သည် အလျားပေ ၄၀၊ အနံပေ ၆၀ ခြံဝင်းအတွင်း တည်ဆောက်မည်ဖြစ်ပြီး အဆောက်အအုံ အကျယ်အဝန်းမှာ ၁၈ ပေနှင့် ၂၈ ပေရှိကာ သွပ်မိုး၊ ကွန်ကရစ် ကျောက်ပြားအကာနှင့် သစ်ခင်း အဆောက်အအုံအမျိုးအစားဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝင်းအတွင်း ဖွင့်လှစ်ထားသည့် **"မေမေ့ရင်ခွင်"** နေ့ကလေးထိန်းဌာနသို့ ရောက်ရှိပြီး သုံးနှစ်အောက်ကလေးငယ်များအား အသက်အရွယ်အလိုက် ပြုစုစောင့်ရှောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နေ့ကလေးထိန်းဌာန ကစားကွင်းငယ်သို့ ရောက်ရှိပြီး ကလေးငယ်များ၏ ဆော့ကစားနေမှုများကို ကြည့်ရှုသည်။ အဆိုပါ နေ့ကလေးထိန်းဌာန၌ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းရုံးများမှ နိုင်ငံ့ဝန်ထမ်းများ၏ သားငယ်၊ သမီးငယ်များကို ရုံးချိန်အတွင်း လက်ခံပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းမည့် ရခိုင်ပြည်နယ် ကျေးလက်အိမ်ပုံစံနမူနာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြည့်ရှုစစ်ဆေးစဉ်။

### O ရှေ့ဖုံးမှ

နိုဝင်ဘာ ၂၃ ရက်က လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့် ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်ကို အခြေခံ၍ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရယူရေးအတွက် အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ လိုအပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ပူးတွဲလုပ်ငန်းအဖွဲ့သည် ပြန်လည်လက်ခံရေးအစီအစဉ်တွင် ပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အထွေထွေမူဘောင်များ၊ မူဝါဒရေးရာ အစီအမံများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါသွားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက်ရှာဟီဒူလ်ဟတ်ခ်တို့ လက်မှတ်ရေးထိုးကြစဉ်။

# လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရွှေကူ ဒီဇင်ဘာ ၁၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ပဥ္စမနှစ်စက်ဝန်းတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွှေကူမြို့နယ်သည်လည်း အပါအဝင်ဖြစ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ရွှေကူမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးမြသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက စီမံကိန်းအဖွင့် မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်နုက စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြောကြား၍ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူတို့က ဖြေကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းက ကျေးဇူးတင်စကား ပြောကြားသည်။

**ကြေးမုံ**

# ဂျေရုဆလင်ဆိုင်ရာ ကုလလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုအာဏာသုံး ပယ်ချ

**ကုလသမဂ္ဂ ဒီဇင်ဘာ ၁၉**

အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် ဂျေရုဆလင်အား အသိအမှတ်ပြုသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းစေရန် ရည်ရွယ်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်မူကြမ်း တစ်ရပ်ကို မဲခွဲဆုံးဖြတ်ရာတွင် အမေရိကန်က ဗီတိုအာဏာသုံး၍ ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

### ထောက်ခံ


အီဂျစ်နိုင်ငံက ကမကထပြု တင်သွင်းသော ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၄ နိုင်ငံတို့က ထောက်ခံမဲ ပေးခဲ့ကြသည်။ အဆိုပါ ဆုံးဖြတ်ချက်မူကြမ်း၌ အမေရိကန်ပြည်ထောင်စု သို့မဟုတ် သမ္မတထရန့်ဟူ၍ အတိအကျ ရည်ညွှန်းဖော်ပြထားခြင်း မရှိကြောင်း၊ ဂျေရုဆလင်အား အဆင့်အတန်းသတ်မှတ်ချက်ပြုသည့် အသိအမှတ်ပြုမှု မကြာမီက ပေါ်ထွက်လာခဲ့ခြင်းအတွက် မိမိတို့ အလွန်အမင်း ဝမ်းနည်းမှုဖြစ်ရသည်ဟူ၍သာ ဖော်ပြထားကြောင်း သံတမန်များက ပြောကြားကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မိမိတို့ ယနေ့ တွေ့မြင်ရသည့်ကိစ္စမှာ အမေရိကန် အစိုးရအဖွဲ့အား စော်ကားမှုဖြစ်ကြောင်း မဲပေးပွဲအပြီးတွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလီက ပြောကြားသည်။

ခြောက်နှစ်ကျော်ကာလအတွင်း အမေရိကန်က ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဗီတိုအာဏာအသုံးပြုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည် ဆို၏။

အမေရိကန်၏ အချုပ်အခြာအာဏာကို ကာကွယ်ပေးနိုင်ရန် ဗီတိုအာဏာ အသုံးပြုရခြင်းဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမေရိကန်၏ အခန်းကဏ္ဍရှိသော်လည်း ယနေ့မဲခွဲဆုံးဖြတ်မှုသည် မိမိတို့အား ကာယိန္ဒြေပျက်စေသည့် ပုံစံမျိုးဖြစ်သည်ဟု လုံခြုံရေးကောင်စီအား မိမိတို့က သတိပေးလိုကြောင်း သံအမတ်ကြီးဟာလီက ပြောကြားသည်။

**ရိုက်တာ**



ဂျေရုဆလင်မြို့၏ မြင်ကွင်း။

# ကုဋေကြွယ်သူဌေးကြီး သမ္မတ ရွေးချယ်ခံရမှု ချီလီရင်းနှီးမြှုပ်နှံသူများ မျှော်လင့်ချက်များ တောက်ပြောင်လာ



**ဆန်တီယေဂို ဒီဇင်ဘာ ၁၉**

ချီလီနိုင်ငံ၌ ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ အောင်ပွဲခံခဲ့သူ ကုဋေကြွယ်သူဌေးကြီး ဆီဘက်ရှန် ပီနဲရားသည် သမ္မတရာထူးတွင် လာမည့်မတ်လမှစ၍ တာဝန်ထမ်းဆောင်တော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

### ကြွယ်ဝ

ကွန်ဆာဗေးတစ်တစ်ဦးဖြစ်သူ ပီနဲရားသည် ဒေါ်လာငွေသန်းထောင်ပေါင်းများစွာ ကြွယ်ဝသူ တစ်ဦးဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်တွင် ချီလီနိုင်ငံ၌ ဒီမိုကရေစီစနစ် စတင်ကျင့်သုံးလာခဲ့ချိန်နောက်ပိုင်း ထောက်ခံမဲအများဆုံး ရရှိသော သမ္မတဖြစ်သည်။

ပီနဲရားရွေးကောက်ပွဲတွင် အောင်ပွဲခံခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများနှင့် သဟဇာတရှိစေမည့် စီးပွားရေးမူဝါဒများကို ၎င်းက အကောင်အထည်ဖော်မည်ဟု မျှော်လင့်ချက်များ တောက်ပြောင်လာစေသည်။

ပီနဲရားသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ် အထိ သမ္မတရာထူးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

### ကြွေးကြော်

အခွန်အကောက်နှုန်းထားများ လျှော့ချပေးရန် လည်းကောင်း၊ ရာထူးမှ နုတ်ထွက်ပေးရတော့မည့် လက်ရှိသမ္မတ မိုက်ကယ်ဘာချေလက်၏ စီးပွားရေးမူဝါဒများကို ပြင်ဆင်ပြောင်းလဲရန်လည်းကောင်း ပီနဲရားက ကြွေးကြော်ထားသော်လည်း နှစ်ပိုင်းကွဲနေသော ပါလီမန်နှင့် လက်ဝဲယိမ်းညွှန့်ပေါင်းအဖွဲ့တို့က ၎င်း၏ စီးပွားရေးမူဝါဒသစ်များကို ဆန့်ကျင်ချေဖျက်ရန် အလားအလာများလည်း ရှိနေသည်။

### ညီညွတ်မှု

ဝန်ကြီးအဖွဲ့ကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းခြင်းဖြင့် နိုင်ငံရေးအရ သဘောကွဲလွဲမှုများမှ ကျော်လွှားကာ ညီညွတ်မှုရှိစေမည်ဟု ပီနဲရားက ဒီဇင်ဘာ ၁၈ ရက်တွင် သမ္မတဘာချေလက်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် သတင်းထောက်များကို ပြောကြားသည်။

ချီလီနိုင်ငံသည် ကမ္ဘာပေါ်တွင် ကြေးနီထုတ်လုပ်မှုအရ ထိပ်တန်းနိုင်ငံဖြစ်ပြီး သတ္တုတွင်းလုပ်ငန်းများကို ပီနဲရားက ထောက်ခံအားပေးမည်ဟု မျှော်လင့်ချက်များ ဖြစ်ပေါ်လျက်ရှိသည်။

**ရိုက်တာ**

# ၂၀၁၇ ခုနှစ်အတွင်း သတင်းသမား ၆၅ ဦး လုပ်ငန်းဆောင်ရွက်စဉ်အတွင်း သေဆုံးဟု နယ်စည်းမခြား သတင်းထောက်များအဖွဲ့ ပြောကြား

**ဘာလင် ဒီဇင်ဘာ ၁၉**

၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ သတင်းသမား ၆၅ ဦးထက်မနည်း ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်နေစဉ်အတွင်း သေဆုံးခဲ့ကြရကြောင်း သတင်းလွတ်လပ်ခွင့် လှုပ်ရှားမှု အဖွဲ့အစည်းတစ်ခုဖြစ်သည့် နယ်စည်းမခြား သတင်းထောက်များအဖွဲ့က ထုတ်ပြန်ကြေညာသည်။

သေဆုံးသွားသည့် သတင်းသမားများထဲတွင် ၅၀ ဦးမှာ သတင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် သတင်းသမားများဖြစ်ပြီး ခုနစ်ဦးမှာ အွန်လိုင်းမှ သတင်းဖြန့်ချိသော သာမန်အရပ်သားသတင်းသမားများဖြစ်ကာ အခြားရှစ်ဦးမှာ သတင်းလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်၍ လုပ်ကိုင်နေသူများဖြစ်သည်ဟု ယင်းအဖွဲ့က ပြောကြားသည်။

ကမ္ဘာပေါ်တွင် သတင်းသမားများအတွက် ဘေးအန္တရာယ်အကြီးမားဆုံး နိုင်ငံငါးနိုင်ငံရှိပြီး ၎င်းတို့မှာ ဆီးရီးယား၊ မက္ကဆီကို၊ အာဖဂန်နစ္စတန်၊ အီရတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်သည်။

သေဆုံးသူ သတင်းသမားများအနက် ၃၅ ဦးမှာ ၎င်းတို့ဒေသတွင်း၌ ဖြစ်ပွားသည့် လက်နက်ကိုင်တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြား ၃၀ မှာ ပြင်ပဒေသများ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

### အသတ်ခံရ

သေဆုံးသွားသည့်သတင်းသမား ၃၉ ဦးသည် နိုင်ငံရေးအရ အကျင့်ပျက်ခြစားမှုများနှင့် ရာဇဝတ်ဂိုဏ်းဖွဲ့လှုပ်ရှားမှုသတင်းများနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်ရေးသားမှုများကြောင့် အသတ်ခံရသူများဖြစ်ကြပြီး ၂၆ ဦးမှာ သတင်းလုပ်ငန်းများလုပ်ဆောင်နေစဉ် အမြောက်ကျည်ဆန် ပေါက်ကွဲထိမှန်မှုနှင့် ဗုံးပေါက်ကွဲမှုများကြောင့် သေဆုံးခဲ့ကြရကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

ကမ္ဘာပေါ်တွင် မကြာသေးမီအချိန်ထိ အကျဉ်းထောင်များအတွင်း၌ ချုပ်နှောင်ခံထားရသူ သတင်းသမားဦးရေ ၃၀၀ ခန့်ရှိနေပြီး ၎င်းတို့၏ထက်ဝက်ခန့်မှာ တူရကီ၊ တရုတ်၊ ဆီးရီးယား၊ အီရန်နှင့် ဗီယက်နမ်နိုင်ငံများတွင်ဖြစ်ကြောင်း နယ်စည်းမခြား သတင်းထောက်များအဖွဲ့က ပြောကြားသည်။

**ရိုက်တာ**

# ဝါရှင်တန်ပြည်နယ်တွင် ရထားတစ်စင်းလမ်းချော်တိမ်းမှောက် လူခြောက်ဦး သေဆုံး၊ ၂၂ ဦး ထိခိုက်ဒဏ်ရာရ

**ဆန်ဖရန်စစ္စကို ဒီဇင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်တွင် ဒီဇင်ဘာ ၁၈ ရက်က အမ်းထရက်ခရီးသည်တင်ရထားကုမ္ပဏီမှ ရထားတစ်စင်း လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးပြီး ၂၂ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူများအား ဆေးရုံသုံးရုံသို့ တင်ပို့ပေးထားရကြောင်း ဒေသတွင်းရှိ သတင်းမီဒီယာများက ဖော်ပြကြသည်။




အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းရိုးတန်းဒေသ ဝါရှင်တန်ပြည်နယ် ဆီရက်တယ်မြို့၏ တောင်ဘက် တာကိုမာမြို့ အနီးတွင် ရထားတွဲဆိုင်း ၁၄ တွဲပါရှိသော အမ်းထရက်ရထား အမှတ်(၅၀၁) လမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ ရထားတွဲ စုစုပေါင်း ၁၃ တွဲ လမ်းချော်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ လှည့်ကင်းအဖွဲ့က ပြောကြားသည်။

### ထိုးကျ

လမ်းချော်မှုဖြစ်ပွားသည့် ရထားမှ အတွဲတစ်တွဲထက် မနည်းသည် ကားလမ်းကူးတံတားပေါ်မှ အောက်သို့ ထိုးကျကာ အဝေးပြေးလမ်းကိုပိတ်ဆို့စေကြောင်း၊ ရထားတွဲ အောက်သို့ ထိုးကျစဉ် အမြန်လမ်းပေါ်ရှိ မော်တော်ယာဉ်ငါးစင်းနှင့် တိုက်မိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

### လိုက်ပါ

အမျိုးသား ခရီးသည်တင်ရထားကော်ပိုရေးရှင်း(အမ်ထရက်စ်)က ထုတ်ပြန်သည့် ကြေညာချက်တွင် လမ်းချော်မှုဖြစ်ပွားသည့် ရထားတွဲများပေါ်တွင် ခရီးသည် ၇၈ ဦးနှင့် ရထားဝန်ထမ်းငါးဦးတို့ အခင်းဖြစ်အချိန်တွင် လိုက်ပါသွားကြောင်း ဖော်ပြသည်။

**ရိုက်တာ**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်အား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းအား ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ရုံးအမှတ်(၁၈)၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိ ဟီဂူချီအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိ ဟီဂူချီနှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် မောင်တောဒေသ အရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံခြားသား အမြဲ နေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ညှိနှိုင်း အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ(၂/၂၀၁၇) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မှု၊ နည်းဥပဒေထုတ်ပြန် ပြဋ္ဌာန်းမှုနှင့် ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် နည်းဥပဒေပြင်ဆင်ရေးဆွဲထုတ်ပြန်ပြဋ္ဌာန်းမှု ပြင်ဆင်သည့် နည်းဥပဒေအရ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ကနဦးလျှောက်ထားခြင်းကို မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများ၌လည်း လျှောက်ထားနိုင်မှုနှင့် လက်ရှိစင်ကာပူနိုင်ငံရှိ မြန်မာသံရုံးမှ လျှောက်ထားလာမှု၊ စတင်ဆောင်ရွက်ချိန်မှ ယခုအထိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားမှု၊ စိစစ်ခွင့်ပြုမှု၊ ငြင်းပယ်မှုနှင့် ခွင့်ပြုပြီးသူများအား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးပြီးစီးမှု၊ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီမှ စိစစ်တင်ပြလာသူများအား ဗဟိုကော်မတီအဖွဲ့ဝင်များက ထပ်မံစိစစ်အတည်ပြု ဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းတာဝန်ခံအရာရှိက အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် တာဝန်များ၊ အမှတ်ပေးစနစ်နှင့် လျှောက်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဝင်များက နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုနိုင်ရေး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ခွင့်ပြုထားသူ မြန်မာနိုင်ငံသားဟောင်းများအနက် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားသူလေးဦး၏ အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် အတည်ပြုချက်ရယူခြင်း၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် နှစ်စဉ်သက်တမ်းအတည်ပြု ဆောင်ရွက်ပြီးစီးမှုနှင့် ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲလျှောက်ထားမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြပြီးနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ စတင်၍ ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားဟူ၍ အမျိုးအစား လေးမျိုးခွဲခြားသတ်မှတ်ကာ လျှောက်လွှာများလက်ခံဆောင်ရွက်ခဲ့ကြကြောင်း၊ စတင်ဆောင်ရွက်ချိန်မှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်အထိ လျှောက်ထားသူ စုစုပေါင်း ၄၂၉ ဦးရှိပြီး ဗဟိုကော်မတီအစည်းအဝေး ငါးကြိမ်ကျင်းပ၍ ၃၅၂ ဦးအား လူတွေ့စစ်ဆေးအကဲဖြတ် စိစစ်အတည်ပြုကာ ၃၃၈ ဦးအား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ကျန် ၁၄ ဦးမှာ လက်မှတ်နှင့်ကတ်ပြား လာရောက်ထုတ်ယူခြင်းမရှိသေးကြောင်း သိရသည်။ ထို့ပြင် လျှောက်ထားသူများအနက် နည်းဥပဒေနှင့် ကိုက်ညီမှုမရှိသူ ရှစ်ဦးအား ငြင်းပယ်ခဲ့ပြီး ယခုအချိန်အထိ ဗဟိုကော်မတီသို့ လာရောက်၍ လူတွေ့စစ်ဆေးအကဲဖြတ်ရန် ၁၂ ဦး ကျန်ရှိကြောင်း၊ ယခုအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူနှစ်ဦး၊ မြန်မာနိုင်ငံသားဟောင်း ၃၅ ဦး၊ ဆက်စပ်နိုင်ငံခြားသားကိုးဦးနှင့် လျှောက်ထားသူများ၏ မိသားစုဝင် ၁၁ ဦး စုစုပေါင်း ၅၇ ဦး စိစစ်အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပ

**မင်းလှ ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် အထကကျောင်း မြို့တွင်းအားကစားကွင်း၌ ကရင်သက္ကရာဇ် ၂၇၅၇ ခုနှစ် တိုင်းဒေသကြီးကိုယ်စားပြု ဆဋ္ဌမအကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၅ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဌာန ဝန်ကြီး ဦးအောင်ဇော်နိုင်၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပွယ်စေးတို့က အခမ်းအနားကို ဖွင့်ပွဲမုခ်ဦးရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် အထက မင်းလှဘင်ခရာအဖွဲ့များက ပန်းဖွားအကအလှများဖြင့် ဖျော်ဖြေမှုနှင့်အတူ ကရင်၊ ရှမ်း၊ ပအိုဝ်း၊ မွန်၊ ချင်းနှင့် ကယားတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာပဒေသာ အကများဖြင့် သီးဆိုဖျော်ဖြေကြပြီး ကရင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ငြိမ်းချမ်းရေးပြခန်း၊ ကရင်ရိုးရာ ပစ္စည်းအရောင်းဆိုင်များကို ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကြည့်ရှုလေ့လာကြသည်။ အခမ်းအနားသို့ ကရင်တိုင်းရင်းသားများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော တိုင်းရင်းသားခေါင်းဆောင် ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၆၀၀၀ ကျော်တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




**တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး**

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၁)ရက်မှ (၃၁)ရက်**

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

# ကိုယ့်သမိုင်းကို ကိုယ်ပဲ ရေးကြသည်

■ ဝေယံမောင်

Bullet သတင်းဂျာနယ်ကို ထုတ်ဝေသူလည်းဖြစ်၊ သတင်းဆောင်းပါးများ၊ အယ်ဒီတာ့အာဘော်များ ရေးသားနေသူတစ်ဦးလည်းဖြစ်သည့် ဦးလှဆွေက သူ၏ လူမှုကွန်ရက် စာမျက်နှာတွင် ဒီဇင်ဘာ ၁၈ ရက် နံနက် ၃ နာရီ ၅၉ မိနစ်တွင် Post တစ်ခုတင်လာပြီး အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်-

**“ဆရာ ဖေမြင့်တို့ ပြန်ကြားရေးကိုင်လိုက်မှ မြန်မာစာအရေးအသားတိုးတက်လာတယ်၊ မြန်မာ့အကောက်ခွန်က အရင်လူဟောင်းတွေနဲ့ ရောင်းဝယ်ဖောက်ကားမှာ မဟုတ်တော့ဘူး ဆိုတဲ့သဘော၊ အခု ဝယ်လက်အသစ်ရလာတဲ့သူက အောဇီက နယ်စပ်တပ်ဖွဲ့တဲ့၊ သူနဲ့ ပူးပေါင်းမှာတဲ့”**

အဆိုပါ စာသားနှင့်အတူ တွဲလျက်ဖော်ပြလာသည်က ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ် Democracy Today သတင်းဂျာနယ် (အတွဲ ၄၊ အမှတ် ၃၃၉) စာမျက်နှာ ၉ တွင် ဖော်ပြထားသည့် **“မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေခြင်းကို မြန်မာ အကောက်ခွန် ဦးစီးဌာနက ဩစတြေးလျ နယ်စပ်တပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည်”** ဟူသော သတင်းခေါင်းစီးနှင့် သတင်းဖြစ်ပါသည်။ (ဖြစ်စဉ်ကို ပိုမိုပေါ်လွင်စေရန်သာ ရည်ရွယ်ပြီး သက်ဆိုင်ရာ သတင်းစာကို ထိခိုက်နစ်နာစေလိုသည့် ဆန္ဒဖြင့် ဖော်ပြခြင်းမဟုတ်ပါ)။

**မတော်တဆအမှား**

သတင်းက မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုကို ကာကွယ်တားဆီးရန် ပြည်ပနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စကို ရေးသားထားခြင်းဖြစ်သော်လည်း သတင်းခေါင်းစဉ် စာသားတပ်မှုက အဓိပ္ပာယ်တစ်မျိုး ပေါက်နေသည်ကို ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်ပါသည်။

**ထပ်ဆင့်အမှား ပို၍ဆိုးရွား**

သို့သော် ပို၍ ဆိုးရွားသည်က Democracy Today သတင်းစာသည် ပုဂ္ဂလိကပိုင် သတင်းစာ တစ်စောင်ဖြစ်ပြီး ပြန်ကြားရေးမှ ထုတ်ဝေသော သတင်းစာ မဟုတ်။ ဦးလှဆွေ ရေးသားသော Post ကို ဖတ်မိသူ အားလုံးကမူ ပြန်ကြားရေးမှ ထုတ်သည့်စာစောင်ဟု အဓိပ္ပာယ်ချက်ချင်းပေါက်စေနိုင်သည့် ပြန်ကြားရေးဝန်ကြီး၏ အမည်ကို ဖော်ပြထားခြင်း။

အဆိုပါ သတင်းကို နိုင်ငံပိုင် ကြေးမုံသတင်းစာ (ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ်) စာမျက်နှာ ၁၇ တွင်လည်း **“တရားမဝင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဩစတြေးလျ နယ်စပ်တပ်ဖွဲ့နှင့် မြန်မာ အကောက်ခွန်ဌာနတို့ လက်မှတ်ရေးထိုး”** ဟု ခေါင်းစီးတပ်ကာ ဖော်ပြခဲ့ပါသည်။

သို့သော် ဦးလှဆွေ၏ Post ကို ဖတ်ပြီး မှတ်ချက်ပေးကြသူများက ပြန်ကြားရေးဝန်ကြီးဌာန၏ အမှားဟု မှတ်ယူကာ အမျိုးမျိုး ဝေဖန်ရေးသားကြ၏။ အဆိုပါသတင်းကို သိရှိပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ အတွေ့အကြုံမန်နေဂျာဖြစ်သူ ဦးသက်ဆွေက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက အရင်အတိုင်း ကြေးမုံ၊ မြန်မာ့အလင်းနှင့် The Global New Light of Myanmar ၃ စောင်ကို နိုင်ငံပိုင်အဖြစ် ထုတ်ဝေနေကြောင်း၊ ယခု ဖော်ပြထားသည့် သတင်းစာက ၎င်းတို့ ထုတ်တာမဟုတ်ကြောင်း စသည်ဖြင့် ဖော်ပြ၍ ဦးလှဆွေ တင်ထားသည့် Post အောက်တွင်လည်းကောင်း၊ ဦးလှဆွေ၏ Messenger Box တွင်လည်းကောင်း ယင်းနေ့ ညနေ ၃ နာရီ ၃၃ မိနစ်တွင် ပြန်လည်ရေးသားခဲ့ပါသည်။ သို့သော် ယခု ဤစာစုရေးနေသည့်အချိန်ထိ ကာယကံရှင် ဦးလှဆွေက မှားယွင်းကြောင်း တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးပါ။ ယင်း Post ကိုလည်း ယခုအထိ တင်ထားဆဲဖြစ်ပါ၏။

သတင်းမီဒီယာနယ်ပယ်တွင် ကျင်လည်ကျက်စားသူအားလုံး သတင်းမီဒီယာကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းကြရန် တာဝန်ရှိပါသည်။ ထိုသို့ တာဝန်ရှိကြောင်းလည်း မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေတစ်ခုဖြစ်သော သတင်းမီဒီယာဥပဒေ ပုဒ်မ ၉ ၌ အတိအလင်း ပြဋ္ဌာန်းထားပါ၏။ ပုဒ်မ ၉ ၏ ပုဒ်မခွဲ(ခ) တွင် “တိကျမှန်ကန်မှုမရှိသော သတင်းကို ဖော်ပြ၍ ပြင်ဆင်ရန် လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသော စာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံးအချိန်၌လည်းကောင်း အမြန်ဆုံး ဖော်ပြခြင်း” ဟု ပါရှိပါသည်။

ကျင့်ဝတ်ကို မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်တွင် “လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရား”ဟု ဖော်ပြထားပါသည်။ သတင်းမီဒီယာသမားတို့ လိုက်နာအပ်သည့် ကျင့်ဝတ်၊ စောင့်ထိန်းအပ်သော ဝတ္တရားတို့ကို မီးမောင်းထိုးပြနေခြင်းပင် ဖြစ်ပါ၏။

Post ကို တင်သည့်အချိန်က နံနက်မိုးမလင်းသေးသည့်အချိန် ၄ နာရီ၊ အမှားကို ပြင်ဆင်ရန် လုံလောက်သည့် အချိန်အတိုင်းအတာတစ်ခုဟု လူတိုင်း သိနိုင်သည့် တစ်ရက်ကျော်ကာလ ကျော်လွန်ခဲ့သော်လည်း ယနေ့တိုင် မပြင်ဆင်သေးသည်က ကာယကံရှင်၏ အားနည်းချက်ယွင်းမှုဟု ပြောဆိုရမည်ဖြစ်ပါသည်။

**ကျင့်ဝတ်၏ တန်ဖိုး**

ကျင့်ဝတ်ကို လိုက်နာခြင်းဖြင့် အောက်ပါ အကျိုးတရားတို့ ရရှိစေနိုင်သည်ဟု သတင်းမီဒီယာကျင့်ဝတ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် မှတ်သားခဲ့ဖူးပါသည်-

(၁) ကျင့်ဝတ်က မိမိ၏ ပရော်ဖက်ရှင်နယ် အဆင့်အတန်းကို ပြဆိုသည်။

(၂) ကျင့်ဝတ်က မိမိ၏ ဂုဏ်သိက္ခာနှင့်ဆက်စပ်သည်။

(၃) ကျင့်ဝတ်သည် မိမိ၏ အသိတရားရှင်သန်မှုကို ပြဆိုသည်။

(၄) ကျင့်ဝတ်သည် မိမိ၏ စိတ်သဘောထား ခံယူချက်တစ်မျိုးလည်းဖြစ်သည်။

(၅) ကျင့်ဝတ်သည် မိမိ၏ တန်ဖိုးဖြစ်သည်။

**အမှားနှင့်ကင်းသည့် မီဒီယာသမား ရှားလှသည်**

လူတိုင်း အမှားနှင့် မကင်းနိုင်သလို ပုထုဇဉ်လူသားဖြစ်သည့် သတင်းမီဒီယာသမားတို့လည်း အမှားနှင့်မကင်းနိုင်ပါ။ သို့သော် မိမိရေးသားလိုက်သော သတင်းတစ်ပုဒ်သည် အချက်အလက် မမှန်မကန် မှားယွင်းမှုကြောင့် သက်ဆိုင်သူ တစ်ဦးဦး၊ အဖွဲ့အစည်းတစ်ခုခုတို့အပေါ် အထင်အမြင်လွဲမှားသွားစေခြင်း၊ ဂုဏ်သိက္ခာ ထိခိုက်နစ်နာစေခြင်းတို့ မပေါ်ပေါက်စေသင့်ပါ။ မတော်တဆ ပေါ်ပေါက်ခဲ့ပါကလည်း သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဖြေရှင်းရမည်သာဖြစ်ပါသည်။

**ကိုယ့်သမိုင်းကို ကိုယ်ပဲ ရေးကြသည်**

ယခုအဖြစ်အပျက်ကို တွေးရှုဆင်ခြင်ရင်း ကျွန်တော့်ဆရာသမားတစ်ဦးက ပြောခဲ့ဖူးသည့် စကားတစ်ခွန်းကို ပြန်လည်ကြားယောင်လာမိပါသည်-

**“သတင်းပုံနှိပ်မှု အလွန်လွယ်ကူသော ဒီခေတ်ကြီးမှာ မိမိတို့ပြောသော စကားလုံးတိုင်း၊ မိမိတို့ ရေးသားသော စာကြောင်းတိုင်း၊ မိမိတို့ လုပ်သော အလုပ်တိုင်းသည် မိမိတို့၏ သမိုင်းဖြစ်သည်။ မိမိတို့သမိုင်းကို အခြားလူများက လာရေး၍ မရ၊ မိမိတို့ ဘာသာရေးကြရမည်”**ဟူ၍။ ။




ဦးလှဆွေက လူမှုကွန်ရက်စာမျက်နှာတွင် ဒီဇင်ဘာ ၁၈ ရက်နေ့က တင်ထားသော Post ကို တွေ့ရစဉ်။




ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ် Democracy Today သတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြထားသည့် သတင်းခေါင်းစဉ်နှင့် သတင်း၊ သတင်းဓာတ်ပုံကို တွေ့ရစဉ်။

## တရားမဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဩစတြေးလျ နယ်စပ်တပ်ဖွဲ့နှင့်မြန်မာ အကောက်ခွန်ဌာနတို့ လက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

တရားမဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ဩစတြေးလျ နယ်စပ်တပ်ဖွဲ့ (ABF) နှင့် မြန်မာ့အကောက်ခွန်ဌာန (MCD) တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာနရုံးချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါ နှစ်နိုင်ငံ အဖွဲ့အစည်းနှစ်ခုအကြား တရားမဝင်မူးယစ်ဆေးဝါးများ မှောင်ခိုကူးခြင်း၊ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများချိုးဖောက်မှုများကို စုံစမ်းထောက်လှမ်းရန်၊ ဟန့်တားရန်နှင့် ကာကွယ်တားဆီးရန်အတွက် သမိုင်းဝင် သတင်းအချက်အလက်မျှဝေ ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ လက်မှတ်ရေးထိုးနိုင်ခြင်းသည် မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ် ကာကွယ်စောင့်ရှောက်ရေး (DIBP) နှင့် မြန်မာ့အကောက်ခွန်တို့အကြား ပထမဆုံးရေးထိုးသည့် နားလည်မှုစာချွန်လွှာဖြစ်ပြီး အဖွဲ့အစည်းနှစ်ခုအကြား ဆက်ဆံရေးတွင် သိသာထင်ရှားသည့် မှတ်တိုင်တစ်ခုအဖြစ် ကိုယ်စားပြု၍ ဒေသအတွင်း တရားမဝင် မူးယစ်ဆေးဝါးများနှင့် အစပျိုးစမ်းသပ်ပစ္စည်းများအား တိုက်ဖျက်ရာတွင် အတူလုပ်ဆောင်နိုင်ရေး အနာဂတ်မူဘောင်တစ်ရပ်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဩစတြေးလျနိုင်ငံသည် မြန်မာ့အကောက်ခွန်ဌာန၏ ခေတ်မီတိုးတက်ရေးလုပ်ငန်းစဉ်နှင့်ဒေသတွင်း တရားမဝင် မူးယစ်ဆေးဝါးများ မှောင်ခိုကူးခြင်းကို စုံစမ်းထောက်လှမ်းတားဆီးရေးအတွက် အခိုင်အမာ အားပေးထောက်ခံလျက်ရှိပြီး နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မူးယစ်ဆေးဝါး စမ်းသပ်သည့် ပစ္စည်းများနှင့် မိုဘိုင်းနည်းပညာဆိုင်ရာ ပစ္စည်းများကို မြန်မာ့အကောက်ခွန်ဌာနသို့ လက်ဆောင်အဖြစ်ပေးအပ်ခဲ့ရာ အဆိုပါ ပစ္စည်းကိရိယာများသည် သံသယရှိသည့် ကုန်စည်များတွင် တရားမဝင် မူးယစ်ဆေးဝါးများကို စစ်ဆေးရာတွင် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေမည်ဖြစ်ပြီး မိုဘိုင်းနည်းပညာဆိုင်ရာ ပစ္စည်းများသည် ရန်ကုန်ဆိပ်ကမ်းကဲ့သို့သော လုပ်ငန်းဆောင်ရွက်ရသည့် ပတ်ဝန်းကျင်များတွင် ပိုမိုထိရောက်စွာ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့မိတ်ဖက်ဆောင်ရွက်မှုသည် DIBP နှင့် အခြားသော တားဆီးနှိမ်နင်းရေးအဖွဲ့များ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဖွဲ့အစည်းများကြား ထူထောင်ထားသည့် အပြန်အလှန်အကျိုးရှိမည့် ဆက်ဆံရေးများကို ကောင်းမွန်စေမည်ဖြစ်သည်။ အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်စောင့်ရှောက်ရေး (DIBP) ညွှန်ကြားရေးမှူး မစ္စတာဒေးဗစ်နက်စ်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်စောင့်ရှောက်ရေး (DIBP) ညွှန်ကြားရေးမှူး မစ္စတာ ဒေးဗစ်နက်စ်နှင့် မြန်မာ့အကောက်ခွန်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **ဆုနှင်းလှဲ**

ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၇ တွင် ဖော်ပြထားသည့် သတင်းခေါင်းစဉ်နှင့် သတင်းကို တွေ့ရစဉ်။

# အာရှတိုက်ရှိ ဂျာနယ်လစ်များအား ရည်ရွယ်ချီးမြှင့်သည့် Kate Webb ဆု မြန်မာနိုင်ငံမှ သတင်းထောက် ကိုမြတ်ကျော်သူ ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

အာရှတိုက်ရှိ ဂျာနယ်လစ်များအတွက် ရည်ရွယ်ချီးမြှင့်သော Kate Webb ဆုကို မြန်မာနိုင်ငံမှ အကြီးတန်းသတင်းထောက် ကိုမြတ်ကျော်သူ ရရှိကြောင်း ဒီဇင်ဘာ ၁၈ ရက်တွင် AFP သတင်းဌာနက ကြေညာခဲ့သည်။ ကိုမြတ်ကျော်သူသည် Frontier Myanmar သတင်းဌာနတွင် အကြီးတန်းသတင်းထောက်အဖြစ် စစ်ပွဲသတင်းနှင့် ပဋိပက္ခ သတင်းများကို ကိုယ်တိုင်သွားရောက်ရေးသားနေသူဖြစ်သည်။

ကိုမြတ်ကျော်သူက "ဒီဆုကို ရဖို့အတွက် အထူးသဖြင့် အာရှတစ်ခုလုံးမှာရှိတဲ့ သတင်းထောက်တွေ ဝင်ပြိုင်ကြပါတယ်၊ စစ်ပွဲတွေ၊ ပဋိပက္ခတွေထဲမှာ ရှေ့တန်းကိုရောက်ပြီးရေးခဲ့တဲ့ သတင်းတွေကို အဓိက ဦးစားပေးရွေးချယ်တာပါ။ ကျွန်တော် ရေးခဲ့တာက ၂၀၁၆ ခုနှစ်မှာ မောင်တောက ရဲစခန်းသုံးခုကို ဝင်တိုက်ခံရတဲ့အကြောင်း ရေးတယ်၊ ကျွန်တော်က အဲဒီကို ပထမဆုံး ရောက်ခဲ့တယ်၊ နောက် ပဲခူး၊ ဝေါ-သူရဲသူမိန် နောက် မူဆယ်၊ ရှမ်းမြောက်မှာ ဖြစ်ခဲ့တဲ့ မိုးကိုးတိုက်ပွဲမှာ ကျွန်တော်သွားခဲ့တဲ့ ခရီးလမ်းတစ်လျှောက် ကြုံခဲ့တာတွေ ရေးတယ်၊ လိုလိုချင်ချင်နဲ့ ကိုယ်တိုင်ထဲထဲဝင်ဝင် လိုက်ပြီး လုပ်ခဲ့ရတဲ့ သတင်းတွေနဲ့ ဒီဆုကို ရတာဆိုတော့ ကျွန်တော့်အတွက်ကတော့ အတိုင်းမသိ ဝမ်းသာရတာပေါ့"ဟု Kate Webb ဆုရရှိမှုနှင့်ပတ်သက်၍ ဖြေကြားသည်။

နယူးဇီလန်နိုင်ငံတွင် မွေးဖွားသည့် Kate Webb သည် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ စစ်ပွဲသတင်းများနှင့် အခြားသမိုင်းဝင် အဖြစ်အပျက်များစွာကို နှစ်ပေါင်းများစွာ သတင်းရယူခဲ့သည့် ဩစတြေးလျ ဝါရင့်ဂျာနယ်လစ်တစ်ဦးဖြစ်သည်။ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင် အစရှိသည့် အာရှဒေသနိုင်ငံများ အပါအဝင် အရှေ့အလယ်ပိုင်းဒေသများတွင်လည်း သတင်းရယူခဲ့ပြီး အကြင်နာနှင့် ကရုဏာတရားကြီးမားမှုတို့ကြောင့် Kate သည် အာရှ၏ အတုယူဖွယ်ဂျာနယ်လစ် တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။ Kate Webb သည် အသက် ၆၄ နှစ်အရွယ် ၂၀၀၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ အာရှတိုက်ရှိ ဂျာနယ်လစ်များအတွက် ရည်ရွယ်ပြီး ကွယ်လွန်သွားသော နယူးဇီလန်နိုင်ငံသူ Kate Webb ကို အစွဲပြု၍ AFP သတင်းဌာနသည် ၂၀၀၈ ခုနှစ်မှ စတင်ပြီး Kate Webb ဆုကို ချီးမြှင့်ပေးခဲ့သည်။

ကိုမြတ်ကျော်သူ Kate Webb ဆုရရှိမှုအပေါ် Frontier Myanmar (နေပြည်တော်တာဝန်ခံ) ကိုဉာဏ်လှိုင်လင်းက "မရတ်(မြတ်ကျော်သူ)က ၂၀၁၆ ခုနှစ်မှာ မောင်တောပဋိပက္ခ၊ ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးခဲ့တဲ့သူတွေ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)က တိုက်ပွဲတွေ အကြောင်းတွေလည်း သွားရေးတယ်၊ ဒါကြောင့် ရတယ်လို့ ဆုရွေးချယ်ရေးအဖွဲ့က ညွှန်းပါတယ်၊ သူက ဂျာနယ်လစ်တစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ လက္ခဏာတွေ ရှိတယ်လို့ ကျွန်တော်ယုံတယ်၊ သူက တစ်ခုခုဖြစ်ပြီဆို ထဲထဲဝင်ဝင် သိချင်တယ်၊ အားထုတ်တယ်၊ လုပ်ဖော်ကိုင်ဖက် တစ်ယောက်အနေနဲ့ သူဟာ သတင်းထောက်ကောင်းဖြစ်တယ်လို့ ကျွန်တော်ယုံကြည်တယ်၊ ၂၀၁၄ လောက်မှာ သူနဲ့ လုပ်ဖော်ကိုင်ဖက်သတင်းသမားတွေအဖြစ် ဆုံခဲ့တာပါ"ဟု ပြောသည်။

ကိုမြတ်ကျော်သူသည် Kate Webb ဆုကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးရရှိသည့် သတင်းထောက်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့် လူ့အသိုင်းအဝိုင်းကြား တိုက်ခိုက်မှုများကို ဖော်ထုတ်ရေးသားခဲ့သည့်အတွက် ဆုရွေးချယ်ရေးကော်မတီက အသိအမှတ်ပြုရွေးချယ်ခဲ့ခြင်းဖြစ်သည်။ AFP သတင်းဌာနသည် အာရှသတင်းထောက်များအတွက် Kate Webb ဆုကို နှစ်စဉ်ချီးမြှင့်လျက်ရှိသည်။

Kate Webb ဆု ရရှိခဲ့သော Frontier Myanmar မှ အကြီးတန်းသတင်းထောက် ကိုမြတ်ကျော်သူက "၂၀၁၆ ခုနှစ်မှာ ကျွန်တော်သတင်းလိုက်ပြီး ရေးသားခဲ့တဲ့ အထူးသဖြင့် စစ်ပွဲတွေ၊ အဓိကရုဏ်းတွေနဲ့ ဆိုင်တဲ့သတင်းတွေကို ကြည့်ပြီးပေးတာပါ၊ ကျွန်တော် ရေးခဲ့တာက ၂၀၁၆ မောင်တောမှာရှိတဲ့ ရဲစခန်း သုံးခုကို ဝင်တိုက်ခံရတဲ့အကြောင်း ရေးတယ်၊ ပဲခူး၊ ဝေါ-သူရဲသူမိန်မှာ ဖြစ်ခဲ့တဲ့ကိစ္စ၊ နောက် မူဆယ် ရှမ်းမြောက်မှာ ဖြစ်ခဲ့တဲ့ မိုးကိုးတိုက်ပွဲမှာ ကျွန်တော်သွားခဲ့တဲ့ ခရီးလမ်းတစ်လျှောက် ကြုံခဲ့တာတွေ ရေးတယ်၊ စစ်ပွဲတွေ၊ ပဋိပက္ခတွေထဲမှာ ရှေ့တန်းကို ရောက်ပြီး ရေးခဲ့တဲ့ သတင်းတွေကို အဓိက ဦးစားပေးပို့ခဲ့တာပါ။



**သတင်းထောက် ကိုမြတ်ကျော်သူ**

"ဒီဆုကို ရဖို့အတွက် အထူးသဖြင့် အာရှတစ်ခုလုံးမှာရှိတဲ့ သတင်းထောက်တွေ ဝင်ပြိုင်ကြပါတယ်၊ စစ်ပွဲနဲ့ အဓိကရုဏ်းသတင်းတွေရေးတဲ့ သတင်းထောက်တွေများတာပေါ့၊ အဓိကထား ရွေးချယ်တာလည်း အဲဒီလို သတင်းတွေ ရယူရေးသားခဲ့တဲ့ သူတွေကိုပါ။

"ဒီဆုအတွက် စာမူသတ်မှတ်တာက လေးခုပါ၊ ကျွန်တော်က သူတို့ထည့် စဉ်းစားလို့ရအောင် ငါးခု ပို့ခဲ့တယ်၊ ခံစားချက်ကတော့ သတင်းထောက်တစ်ယောက် သတင်းအလုပ်လုပ်တယ်၊ နောက် ကျွန်တော်ကိုယ်တိုင်လည်း တကယ်ဖြစ်နေတဲ့ နေရာတွေကို ကိုယ်တိုင်သွားပြီး သတင်းတွေ ရေးချင်တယ်၊ လိုလိုချင်ချင်နဲ့ ကိုယ်တိုင် ထဲထဲဝင်ဝင် လိုက်ပြီး လုပ်ခဲ့ရတဲ့ သတင်းတွေနဲ့ ဒီဆုကို ရတာဆိုတော့ ကျွန်တော့်အတွက်ကတော့ အတိုင်းမသိ ဝမ်းသာရပါတယ်။

"သတင်းလောကထဲ ဝင်လာမယ့်သူတွေ၊ ရှိနေတဲ့သူတွေအတွက်တော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ သတင်းထောက်တွေ အကုန်လုံး ဘာသာ၊ လူမျိုးဆိုပြီး အစွဲမထားဘဲ ဂျာနယ်လစ်ဇင်ကိုသာ စိတ်ထဲမှာ စွဲပြီးလုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ ရေးသမျှသတင်းတိုင်းက ညီမျှနေမယ်ဆိုတာကို ကျွန်တော်ကိုယ်တိုင်လည်း ယုံကြည်တယ်၊ ကျွန်တော့်ကို ဒီဂျာနယ်လစ်ဇင် အတတ်ပညာ သင်ပေးခဲ့တဲ့ ဆရာဦးရဲနိုင်မိုးတို့ ပြောသလိုပါပဲ၊ သတင်းကသာ ဆုံးဖြတ်ပေးတာပါ၊ ကျွန်တော်တို့ စိတ်ထဲမှာ ရှိနေတဲ့ ဘာသာရေး၊ လူမျိုးရေးတွေက တကယ့်သတင်းဆိုတာနဲ့ ယှဉ်လိုက်ရင် ဘာမှ မဟုတ်တော့ဘူး၊ သတင်းရေးတဲ့နေရာမှာ အစွဲတွေ ဖြုတ်ပြီးတော့ ရေးကြမယ်၊ ဖော်ပြနိုင်မယ်ဆို အကောင်းဆုံးပါပဲ။

"အဓိကကတော့ဗျာ၊ မီးလောင်၊ ရေကြီး၊ သူပုန်စီးဆိုတဲ့ အဆိုတောင်ရှိတယ်၊ မီးလောင်တာရော၊ ရေကြီးတာရော၊ သူပုန်စီးတာရော မကောင်းဘူး၊ ဒါပေမယ့် သတင်းအလုပ်ဆိုတာကလည်း အဆင်မပြေတဲ့ ကိစ္စတွေ၊ လူထုအတွက် ခံစားနေရတာတွေ၊ အောက်ခြေက အဖြစ်အပျက်တွေ၊ နောက် အပေါ်က ပြည်ထောင်စုအဆင့်၊ နိုင်ငံတော်အဆင့်အထိ အဆင်မပြေတာတွေ ရေးသားတင်ပြနေရတာ၊ ဘယ်သတင်းထောက်ကမှ ကိုယ့်နိုင်ငံမှာ ဖြစ်နေတဲ့ စစ်ပွဲတွေ၊ အဓိကရုဏ်းတွေ မမြင်ချင်ဘူး၊ မတွေ့ချင်ကြဘူး၊ ဒါပေမယ့် ဒီဟာတွေဖြစ်နေတော့ ရေးနေကြရတယ်၊ သတင်းထောက်မှ မဟုတ်ဘဲ ဘယ်သူမဆို ဒီလိုအရာတွေ အဖြစ်အပျက်တွေကို မမြင်ချင်ကြပါဘူး။

"၂၀၁၀ ခုနှစ်မှာ ကျွန်တော်တို့ ယူနတီဂျာနယ် စလုပ်ကြတယ်၊ ကျွန်တော်က သတင်းထောက်တစ်ယောက်အနေနဲ့ စတင်တယ်၊ အဲဒီမှာ အယ်ဒီတာချုပ်က ကိုဖြိုးဝေလင်းပေါ့၊ အစ်ကို ဆရာပါပဲ၊ နောက် ဆရာဦးရဲနိုင်မိုးဆီက ဂျာနယ်လစ်ဇင်နဲ့ပတ်သက်တဲ့ အတတ်ပညာတွေ ပထမဆုံး သင်ကြားခဲ့ရပြီး ကျွန်တော် သတင်းအတတ်ပညာတွေ စရပါတယ်၊ နောက် ကျွန်တော် မဇ္ဈိမမှာ သုံးနှစ်ခွဲလောက် လုပ်တယ်၊ အယ်ဒီတာရာထူးအထိ ရခဲ့ပါတယ်၊ အဲဒီကနေ ၂၀၁၅ ခုနှစ်စမှာ မြန်မာတိုင်းမ်မှာ အလုပ်ဝင်တယ်၊ အဲဒီမှာ ခြောက်လလောက်လုပ်ပြီး ကျွန်တော် Frontier မှာ ယနေ့အထိ အကြီးတန်းသတင်းထောက်အဖြစ် လုပ်နေပါတယ်"ဟု မြန်မာ့သတင်းစဉ်မှ မေးမြန်းမှုများကို စိတ်ရှည်လက်ရှည် ဖြေကြားပေးခဲ့သည်။

**မေး၊ ရေး-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-AFP သတင်းဌာန**

# ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းတို့က အမျိုးသမီးပြိုင်ပွဲတွင် ပထမဆု ရရှိသော မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ပူးတွဲတတိယဆုရရှိကြသော မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့်အတူ ဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဌေးနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသော ကရင်ပြည်နယ်အသင်း၊ ပူးတွဲတတိယဆုရရှိကြသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်၍ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်း ဦးရဲအောင်က လက်ရည်စစ်ပွဲတွင် ညွန့်ပေါင်းအသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက လက်ရည်စစ်ပွဲတွင် အနိုင်ရရှိသော အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အမျိုးသား၊ အမျိုးသမီးအသင်းတို့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီကို ပေးအပ်ချီးမြှင့်၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နာယက ဒေါ်နီက 3×3 ပြိုင်ပွဲတွင် ပထမရရှိသွားသော အမျိုးသား ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်းနှင့် အမျိုးသမီး မွန်ပြည်နယ်အသင်းတို့အား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



### ❒ ထိုင်းကလပ်မှ

အောင်မြင်ပါက အပြီးသတ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ကစားသမားဘဝ တိုးတက်ရန်နှင့် မြန်မာ့ဘောလုံးလောကကို ပြန်လည်အကျိုးပြုနိုင်ရန် အငှားဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး တစ်ရာသီအငှားစာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ ကျော်ကိုကိုအား ခေါ်ယူမည့် ချင်းရိုင်ယူနိုက်တက်အသင်းသည် ၂၀၁၇ ဘောလုံးရာသီ ထိုင်းလိဂ်-၁ ပြိုင်ပွဲတွင် အဆင့် ၄ ရခဲ့သည့် အသင်းဖြစ်ပြီး လာမည့်ရာသီတွင် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲဒုတိယအဆင့်၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကျော်ကိုကိုသည် ဇေယျာရွှေမြေအသင်းတွင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို စတင်ခဲ့ပြီး ရန်ကုန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ထိုင်းကလပ်အသင်းများသည် ၎င်းတို့ဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အာဆီယံကစားသမားတစ်ဦး မဖြစ်မနေခေါ်ယူရမည်ဖြစ်သောကြောင့် မြန်မာကစားသမားများအား ကြိုးပမ်းလာခြင်းဖြစ်ပြီး အောင်သူ ပြီးနောက် ဒုတိယမြောက် မြန်မာကစားသမားအဖြစ် ကျော်ကိုကိုက ထိုင်းလိဂ်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ရတနာပုံတိုက်စစ်မှူး အောင်သူသည် နိုဝင်ဘာလကုန်ပိုင်းတွင် ထိုင်းကလပ် Police Tero အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ဒီဇင်ဘာ ၁၉ ရက်က ထိုင်းနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

### ✪ YBS ယာဉ်မောင်းများမှ

အသိအမှတ်ပြု ယာဉ်မောင်းစမတ်ကတ်တွေ ထုတ်ပေးသွားမယ်၊ ကားအာမခံထားတဲ့အခါမှာလည်း အာမခံထားပေမယ့် လိုင်စင် မညီညွတ်တဲ့အခါ လျော်ကြေးမရတဲ့ အဖြစ်တွေ ရှိနေတာကြောင့် သတ်မှတ်လိုင်စင်ဖြစ်ဖို့၊ YRTA အသိအမှတ်ပြု ယာဉ်မောင်းဖြစ်ဖို့ လိုအပ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် YRTA ယာဉ်မောင်းသင်တန်း အပတ်စဉ် ၄ အထိ သင်တန်းအောင်မြင်ထားသူ သင်တန်းဆင်းယာဉ်မောင်း ၃၅၈ ဦးအထိရှိကြောင်း သိရသည်၊ YBS ယာဉ်လိုင်းများတွင် မောင်းနှင်နေသော ယာဉ်မောင်းများတွင် သတ်မှတ်လိုင်စင်ကိုင်ဆောင်ထားသူများရှိသော်လည်း ယာဉ်မောင်းလိုအပ်ချက်များရှိနေပြီး သတ်မှတ်လိုင်စင်မရှိသော်လည်း ယာဉ်လိုင်းတာဝန်ရှိသူများနှင့် နားလည်မှုယူကာ မောင်းနှင်နေသော ယာဉ်မောင်းများ ရှိနေကြောင်း၊ အချို့မှာလည်း YRTA ၏ ယာဉ်မောင်းသင်တန်းကို တက်ရောက်လိုသော်လည်း သင်တန်းကြေး ပေးသွင်းနိုင်ရန် အခက်အခဲဖြစ်နေကြောင်း သိရသည်။

**၀၀၁**

ပတ်ဝန်းကျင်သာယာလှပစေဖို့ အပင်များကို စနစ်တကျ စွန့်ပစ်စို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား UNICEF၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့် ဂျပန်သံအမတ်ကြီးတို့က သီးခြားစီ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား UNICEF မှ ဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့် အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းနှင့်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟီဂူချီနှင့်အဖွဲ့တို့က ယနေ့တွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။

UNICEF မှ ဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့် တွေ့ဆုံစဉ် UNICEF က ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေး ထောက်ပံ့ငွေပေးအပ်ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ရခိုင်ပြည်နယ်တွင် UEHRD စီမံကိန်းအရ ပါဝင်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းနှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေးကိစ္စ၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအနေဖြင့် အကူအညီပေးမည့်ကိစ္စ၊ UEHRD တည်ထောင်၍ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေနိုင်ငံများ အကူအညီဖြင့် ဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ကူညီနိုင်မည့်ကိစ္စရပ်များအား ဆွေးနွေးသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟီဂူချီနှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွက် လမ်းဖောက်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ စာသင်ကျောင်းများ ဆောက်လုပ်ရေးနှင့် အရေးပေါ်လိုအပ်သော လူသားချင်းစာနာကူညီမှုများ၊ ယာယီအဆောက်အအုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းတို့ တွေ့ဆုံစဉ်။**

# လူကုန်ကူးခံရပြီး အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းမှ ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သား ရှစ်ဦးအတွက် နစ်နာကြေးငွေများ ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဖေ ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့မှ တာဝန်ရှိသူများပါဝင်သည့် နစ်နာကြေးပေးအပ်ရေးလုပ်ငန်းကော်မတီက အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းမှ ပြန်လည်ရောက်ရှိခဲ့သည့် မြန်မာရေလုပ်သား ရှစ်ဦးအတွက် နစ်နာကြေးငွေများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကာယကံရှင်များထံ တိုက်ရိုက်လွှဲပြောင်း ပေးအပ်သည်။



မြန်မာရေလုပ်သား ရှစ်ဦးအတွက် နစ်နာကြေးငွေများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်းပြီး ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဖေက "နစ်နာကြေးရရှိတဲ့ မြန်မာနိုင်ငံသား ရှစ်ဦးဟာ ထိုင်းနိုင်ငံ ဘန်ကောက်ကနေ အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ ကျွန်းတွေမှာ ရေလုပ်သားအဖြစ် လူကုန်ကူးခံခဲ့ရပြီး ရောက်ရှိသွားခြင်းဖြစ်ပါတယ်၊ ဂျကာတာမှာရှိတဲ့ မြန်မာသံရုံးက အင်ဒိုနီးရှားမှာရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းတွေ၊ အခြားအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပြီး လူကုန်ကူးခံနေရတယ်ဆိုတာကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်၊ လူကုန်ကူးခံရခြင်းအတွက် တာဝန်ရှိတဲ့သူတွေကို တရားဥပဒေနဲ့အညီ အရေးယူဖို့နဲ့ သက်သေအဖြစ် ရေလုပ်သား ရှစ်ဦးကလည်း ထွက်ဆိုနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နစ်နာသူတွေအတွက် လျော်ကြေးငွေရရှိဖို့ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်၊ လျော်ကြေးငွေကို အင်ဒိုနီးရှားနိုင်ငံ ရှေ့နေချုပ်ရုံးရဲ့ သဘောတူညီခွင့်ပြုချက်နဲ့အညီ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက လွှဲပြောင်းရယူခဲ့ပါတယ်၊ ရေလုပ်သား ရှစ်ဦးက နစ်နာခဲ့ရတဲ့ အချိန်ကာလအပိုင်းအခြားနဲ့ အနေအထားပေါ်မူတည်ပြီး အမေရိကန်ဒေါ်လာ ၃၂၂၂၉ ဒေါ်လာခန့် ရရှိခဲ့ပါတယ်"ဟု ပြောသည်။

လျော်ကြေးငွေရရှိခဲ့သည့် ကော့သောင်းမြို့နယ်မှ ဦးဇော်ဇော်မြတ်က "၂၀၁၃ ခုနှစ် ဇူလိုင်လလောက်က ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်ရင်း လူကုန်ကူးခံခဲ့ရပြီး အင်ဒိုနီးရှား ရောက်သွားတယ်၊ ဟိုမှာ ငါးဖမ်းလှေတွေမှာ အလုပ် လုပ်ရတယ်၊ လစာက သူတို့ပေးသလောက်ပဲရတယ်၊ မြန်မာနိုင်ငံကို ၂၀၁၅ ခုနှစ် ဇွန်လလောက်က ပြန်ရောက်တယ်။ အခု လျော်ကြေးငွေက အမေရိကန်ဒေါ်လာ ၄၉၀၀ ကျော် ရပါတယ်"ဟု ပြောသည်။

ထိုင်းနိုင်ငံ ငါးဖမ်းစက်လှေများမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ ကျွန်းများပေါ်သို့ ရောက်ရှိခဲ့ပြီး လူကုန်ကူးခံခဲ့ရသူ မြန်မာရေလုပ်သားများနှင့်စပ်လျဉ်း၍ စစ်ဆေးဖော်ထုတ်ခဲ့ရာ သံသယရှိသူများကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ကျူးလွန်သူတရားခံများ ပြစ်ဒဏ်ကျခံစေရေးနှင့် လူကုန်ကူးခံရသူ မြန်မာရေလုပ်သားများ နစ်နာကြေးငွေရရှိရေးအတွက် အမှုနှင့် သက်ဆိုင်သူများအား တရားရုံး၌ သက်သေထွက်ဆိုနိုင်ရေး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများသည် အင်ဒိုနီးရှားနိုင်ငံမှ Lembaga Perlindungan Saksi Dan Korban (LPSK) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့ ညှိနှိုင်းဆွေးနွေးခဲ့မှုအရ အင်ဒိုနီးရှားအစိုးရက လူကုန်ကူးမှုပပျောက်ရေးဥပဒေနှင့် တရားစွဲဆိုခဲ့ရာ အဆိုပါအမှုအား သက်သေထွက်ဆိုနိုင်ခဲ့သည့် မြန်မာရေလုပ်သား ရှစ်ဦးအတွက် ၎င်းတို့ အလုပ်လုပ်ကိုင်ခဲ့သည့် အချိန်ကာလ၊ နစ်နာမှု၊ အတိုင်းအတာများအရ PT. Benjina Pusaka Resources ကုမ္ပဏီမှ နစ်နာကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၂၂၂၉ ခန့်ပေးလျော်ရန် အင်ဒိုနီးရှားနိုင်ငံ ရှေ့နေချုပ်ရုံးက ယခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် အမိန့်ချမှတ်ခဲ့သည်။

အဆိုပါနစ်နာကြေးငွေအား လွှဲပြောင်းလက်ခံနိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်ဇ က ဦးဆောင်၍ အင်ဒိုနီးရှားနိုင်ငံ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ဒီဇင်ဘာ ၆ ရက်တွင် ဂျကာတာရှိ မြန်မာသံရုံးမှ အခမ်းအနားဖြင့် ကိုယ်စား ထုတ်ယူလက်ခံခဲ့သည်။ ထို့နောက် မြန်မာသံရုံးက အဆိုပါ နစ်နာကြေးငွေများကို ယနေ့တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကာယကံရှင်များထံသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

### ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၁၀ ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် လေးဦး၊ မဂ္ဂဇင်း ငါးဦး၊ အထွေထွေ ၁၆ ဦး ပေါင်း ၂၅ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ နှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၇၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၂၆၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၃၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ် ခွင့်ပြုပေးခဲ့သည်။

မဂ္ဂဇင်းထုတ်ဝေခြင်းလုပ်ငန်း လျှောက်ထားသူ တစ်ဦးအား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လာနိုင်မှုအပေါ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား ပိုလန်တက္ကသိုလ်မှ ဘွဲ့ပေးအပ်ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည့် အခြေအနေနှင့် ရန်ကုန်မြို့၏ ပြုပြင်ပြောင်းလဲ ဆောင်ရွက်လာနိုင်မှုအပေါ် အသိအမှတ်ပြုသည့်အနေဖြင့် Honorary Doctorate in Business Administration ဘွဲ့ကို ပိုလန်နိုင်ငံ University of Information Technology and Management in Rzeszow, Poland က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

"အဓိကကတော့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲဆောင်ရွက်နေတဲ့အခြေအနေနဲ့ ရန်ကုန်ရဲ့ ပြုပြင်ပြောင်းလဲဆောင်ရွက်လာနိုင်မှုအပေါ်မှာ အသိအမှတ်ပြုတဲ့ ဆုတစ်ခုပဲဖြစ်ပါတယ်၊ ဒီအတွက် ကျွန်တော် ဝမ်းသာပါတယ်၊ ဒီဟာက ဂုဏ်ပကာသနအတွက် မဟုတ်ပါဘူး၊ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုအတွက် တွန်းအားတစ်ခုဖြစ်စေလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ထပ်မံ၍ ဝန်ကြီးချုပ်က "စံနှုန်းတွေကတော့ သူတို့နိုင်ငံမှာ သူတို့တက္ကသိုလ်ကနေပြီးတော့ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နေတဲ့သူတွေ၊ Business Administration နဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်တဲ့ သူတွေ၊ အဲဒီသူတွေကို သူတို့ကလေ့လာတယ်၊ စွမ်းဆောင်နိုင်သူတွေကို ကြည့်တယ်၊ ဒီအပေါ်ကနေ ကြည့်ပြီးပေးတာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါဘွဲ့ ပေးအပ်ချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် နေအိမ်တွင် ကျင်းပခဲ့ကြောင်းနှင့် University of Information Technology and Management in Rzeszow, Poland မှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား ၎င်းတို့ တက္ကသိုလ်တွင် ဟောပြောပို့ချရန် ဖိတ်ကြားထားကြောင်း သိရသည်။

**မင်းသစ်(MNA)**



❖ **ကျောဖုံးမှ**

"ဆုံးဖြတ်ချက်ကတော့ လုပ်ငန်းဆောင်ရွက်ချက် ဆုံးဖြတ်အတည်ပြုမှုအချက် ၂၀ နဲ့ မှတ်တမ်းလေးချက်ထွက်ပါတယ်၊ နိုင်ငံရေးဆွေးနွေးပွဲတွေ ပိုမိုအောင်မြင့်ဖို့အတွက် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်သွားဖို့ ဆုံးဖြတ်တာရှိပါတယ်၊ ကျွန်တော်တို့ ငြိမ်းချမ်းရေးတည်ဆောက်တဲ့အခါမှာ ပိုမိုအောင်မြင်ဖို့အတွက် လက်မှတ်ရေးထိုးတဲ့အဖွဲ့တွေ ဒေသအလိုက်၊ လူမျိုးအလိုက်ကျင်းပတဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပတဲ့နေရာမှာ အဟန့်အတား၊ အနှောင့်အယှက်မရှိဖို့၊ ယုံကြည်မှုပိုမိုရဖို့ သက်ဆိုင်ရာတာဝန်ရှိသူ ခေါင်းဆောင်တွေက တာဝန်ယူပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပဒိုစောကွယ်ထူးဝင်းက ပြောသည်။

NCA အပစ်ရပ် ရှစ်ဖွဲ့၏ နိုင်ငံရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) နှင့် လုပ်ငန်းကော်မတီများအကြား ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အစည်းအဝေးအပြီးတွင် အချက် ငါးချက်ကို သဘောတူခဲ့ကြသည်။ ယင်းတို့မှာ-

၁။ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ထားသော အဆိုပြုစာတမ်း (မူကြမ်း)များကို အတည်ပြုပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) မှ မိမိတို့ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မိမိတို့ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ လူထုတွေ့ဆုံဆွေးနွေးပွဲများတွင် ပြန်လည်ရှင်းလင်းတင်ပြပြီး အကြံပြုချက်များ၊ သဘောထားများ ရယူသွားမည်။

၂။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပိုမိုအောင်မြင်နိုင်ရေးအတွက် ကဏ္ဍအလိုက် အလွတ်သဘောဆွေးနွေးသွားမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားရန် ချမှတ်သည်။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်မည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ လူထုတွေ့ဆုံပွဲများ (Public Consultations) အောင်မြင်စွာကျင်းပနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများမှလည်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ ဆုံးဖြတ်ချက်များကို အလေးထားလိုက်နာပံ့ပိုးရန် တိုက်တွန်းသည်။

၄။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်းနှင့် လုပ်ငန်းကော်မတီအစည်းအဝေးများတွင် အကျေအလည် ဆွေးနွေးကာ ရရှိထားသောရလဒ်များကို ထိရောက်အောင်မြင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖြစ်ပေါ်လာနိုင်ရေးကို ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၅။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA-S EAO) ရှစ်ဖွဲ့အနေဖြင့် မိမိတို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လက်ခံနိုင်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာအခြေခံမူများရရှိရေးကို ဦးတည်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် တက်ကြွစွာ ပါဝင်ဆွေးနွေးသွားပြီး ယင်းရလဒ်များကိုလည်း ရရှိသွားအောင် ကြိုးစားသွားမည် စသည်တို့ဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်၊**
**ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

# သက်ငယ်မုဒိမ်း ပပျောက်ရေး မှုခင်းအသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ သဲဖြူကျေးရွာအုပ်စု သဲဖြူကျေးရွာ မူလတန်းကျောင်း၌ အဖျောက်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးခိုင်နှင့်အဖွဲ့သည် သက်ငယ်မုဒိမ်းမှုပပျောက်စေရေးအတွက် ကျေးရွာပြည်သူများ ပြစ်မှုကျူးလွန်ခြင်းမခံရစေရေး ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ မိမိတို့ကလေးငယ်များကို အဆိုပါပြစ်မှုမျိုး မကျူးလွန်မိစေရန် အထူးစောင့်ရှောက်ပေးရန်လိုကြောင်း၊ မိမိတို့ ရဲတပ်ဖွဲ့က ကျေးရွာအတွင်း ခိုး၊ ဆိုး၊ လုယက်မှုများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ မှုခင်းအသိ၊ မှုခင်းလုံခြုံရေး၊ မှုခင်းအသိပညာများ သိရှိလာပါက မှုခင်းများလျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာပြည်သူများ၊ မိမိတို့ရဲတပ်ဖွဲ့နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ညဏ်ဟိန်း**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၆၁ တွဲ ထပ်မံရောင်းချနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲပေါင်း ၈၆၁ တွဲအား ရတနာကုန်သည်များထံ ထပ်မံရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။



ယနေ့နံနက်ပိုင်းတွင် ကျောက်စိမ်းအတွဲ ၁၁၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၈၆၁ တွဲကို စုစုပေါင်းတန်ဖိုး ယူရိုငွေ ၃၈ ဒသမ ၂၂၆ သန်းခန့်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ပြပွဲအဌမနေ့သို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်းဦးရေ ၄၄၂၉ ကျော် တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ ကျောက်စိမ်း၊ တန်ဖိုးမြင့် အချောထည်များနှင့် ကျောက်စိမ်းအတွဲများအား စိတ်ကြိုက်ကြည့်ရှုလေ့လာ ဝယ်ယူကြသည်။

၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပခဲ့သည်မှာ အဌမမြောက်နေ့သို့ ရောက်ရှိပြီဖြစ်ပြီး ယနေ့အထိ ကျောက်မျက်အတွဲပေါင်း ၃၂ တွဲကို တန်ဖိုးငွေယူရိုသန်း သုည ဒသမ ၇၆၇ သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၃၅၂၀ ကို တန်ဖိုးငွေ ယူရိုသန်း ၂၀၃ ဒသမ ၅၄၉ သန်းဖြင့် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၄၆၀၁)မှ(၅၇၅၀)အထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၅၇၅၁)မှ (၆၆၈၅)အထိ လည်းကောင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ ရုပ်အလောင်း ၁၀ လောင်း တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ လူများအား သတ်ဖြတ်မြှုပ်နှံထားကြောင်း သတင်းပေးပို့ တိုင်ကြားလာမှုအရ ယမန်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကနဦး သွားရောက်စစ်ဆေးခဲ့ရာ ရုပ်အလောင်း ၁၀ လောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ယနေ့တွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွန်း ဦးဆောင်ပြီး မြို့နယ်တရားသူကြီး၊ အင်းဒင်ရဲစခန်းမှ တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ပါဝင်သောအဖွဲ့ဖြင့် စစ်ဆေးဖော်ထုတ်ရာ မည်သူမည်ဝါမခွဲခြားနိုင်သော ရုပ်အလောင်း ၁၀ လောင်းအား တွေ့ရှိခဲ့ပြီး အဆိုပါအဖွဲ့အနေဖြင့် ရုပ်အလောင်းများ၏ စိစစ်ဖော်ထုတ်ချက်နှင့် ဖြစ်စဉ်မှန်ပေါ်ပေါက်နိုင်ရေးအတွက် ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သိရသည်။

**သတင်းစဉ်**

# မြန်မာ ယူ-၂၃ အသင်း တတိယနေရာလုပွဲကစားရမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၂၀၁၇ ဗီယက်နမ် ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၂၃ အသင်းသည် တတိယနေရာလုပွဲ ကစားခွင့်ရခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် ပွဲကုန်လေးပွဲ ကစားအပြီးတွင် လေးမှတ်သာ ရသောကြောင့် တတိယနေရာလုပွဲ ကစားခွင့်ရခြင်းဖြစ်ပြီး တွေ့ဆုံမည့်အသင်းကိုမူ ယနေ့ကျင်းပမည့် အုပ်စုနောက်ဆုံးပွဲပြီးမှသာ ထွက်ပေါ်မည်ဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ထိုင်း ယူ-၂၃ အသင်းနှင့် ဗီယက်နမ် ယူ-၁၉ အသင်း၊ ညနေ ၆ နာရီတွင် ဗီယက်နမ် ယူ-၂၃ အသင်းနှင့် ယိုကိုဟားမား ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုစတုတ္ထနေ့အပြီးတွင် ယိုကိုဟားမား ယူ-၂၃ အသင်းက သုံးပွဲကစား ကိုးမှတ်ဖြင့် ဗိုလ်လုပွဲတက်သွားပြီး ဗီယက်နမ် ယူ-၂၃ အသင်းက သုံးပွဲကစား ခြောက်မှတ်၊ မြန်မာအသင်းက ပွဲကုန် လေးပွဲကစား လေးမှတ်၊ ထိုင်း ယူ-၂၃ အသင်းက သုံးပွဲကစား သုံးမှတ်၊ ဗီယက်နမ် ယူ-၁၉ အသင်းက သုံးပွဲကစား တစ်မှတ်ရထားသည်။ ဗိုလ်လုပွဲ လက်ကျန်တစ်နေရာအတွက် ခြောက်မှတ်ရထားသည့် ဗီယက်နမ် ယူ-၂၃ အသင်းက အခြေအနေကောင်းနေပြီး ထိုင်းအသင်းသည် ဗိုလ်လုပွဲမျှော်လင့်ချက်အတွက် ဗီယက်နမ် ယူ-၁၉ အသင်းကို အနိုင်ကစားရန် လိုအပ်နေသလို တတိယလုပွဲကစားခွင့်ရရန် အနိမ့်ဆုံးသရေတစ်မှတ်ရယူရမည်ဖြစ်သည်။ ဗီယက်နမ် ယူ-၁၉ အသင်းမှာမူ နိုင်ပွဲရမှ တတိယနေရာလုပွဲကစားခွင့်ရမည်ဖြစ်သည်။ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဘူးသီးတောင်၊ မောင်တောဒေသ လမ်းတံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**မောင်တော ဒီဇင်ဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မောင်တောမြို့နယ် မေယုတောင်ကျော်လမ်းဖြစ်သည့် ကြိမ်ချောင်း-ဂုပ္ပိလမ်းဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့နယ်ရှိ ပြန်လည်လက်ခံကြိုဆိုရေးစခန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့ (၁၄) က တာဝန်ယူတည်ဆောက်နေသော Modular House များ တည်ဆောက်နေမှု၊ အဆောက်အအုံတွင် အသုံးပြုထားသောပစ္စည်း၊ တည်ဆောက်မှုပုံစံ၊ အရည်အသွေးကောင်းမွန်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ Modular House များကို ဒီဇင်ဘာလဆန်းပိုင်းမှစ၍ တည်ဆောက်နေခြင်းဖြစ်ပြီး ဇန်နဝါရီလကုန်ပိုင်းတွင် ပြီးစီးမည်ဖြစ်ကာ အရေအတွက်အားဖြင့် ပေ ၉၀ × ၁၈ပေရှိ Modular House ၁၇ လုံး ရှိမည်ဖြစ်ကြောင်း၊ လက်ရှိတွင် သုံးလုံးတည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြိမ်ချောင်း-ဂုပ္ပိလမ်း ဖောက်လုပ်နေသော လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းလမ်းကို လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၇)က မောင်တောဒေသတွင် တာဝန်ယူဖောက်လုပ်နေသည့် တောင်ကျော်လမ်းနှစ်လမ်းအနက် တစ်လမ်းဖြစ်၍ အရှည် ၁၅ မိုင်ဖြစ်ပြီး မြေသားလမ်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တံတားအထူးအဖွဲ့ (၇)မှ တာဝန်ယူတည်ဆောက်နေသော ဘူးသီးတောင်-ကျောက်တော်လမ်းပေါ်ရှိ စိုင်းဒင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်



နှင့် ရသေ့တောင်-ပုဏ္ဏားကျွန်းလမ်းပေါ်ရှိ ရသေ့တောင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကာ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြင့်မောင်၊ ဇေယျာ**

**ဓာတ်ပုံ-နေဝင်းထွန်း**

# စစ်တွေမှ မောင်တောသို့ ကားလမ်းဖြင့် သွားလာနိုင်တော့မည်

မောင်တောဒေသ တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့များက အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး မောင်တောဒေသရှိ လမ်းတံတားစီမံကိန်းများ ကြည့်ရှုစစ်ဆေးရန် ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများအား လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းထားသည်ကို စုစည်းဖော်ပြလိုက်ပါသည်-



ဒုတိယဝန်ကြီး ဦးကျော်လင်း



ဦးအုန်းလွင်



ဦးခင်သက်



ဦးရွှေလေး

**ဦးကျော်လင်း**
**ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တောဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားတွေ တည်ဆောက်လျက်ရှိပါတယ်။ ပထမဆုံးအနေနဲ့ အငူမော်ကနေ မောင်တောအထိ မိုင် ၅၀ ရှိပါတယ်။ အဲဒါကတော့ UEHRD အောက်ကနေ အေးရှားဝေါကုမ္ပဏီက ၁၈ ပေခွဲ ကွန်ကရစ်လမ်းကြီးခင်းဖို့ ကျွန်တော်တို့ဝန်ကြီးဌာနက ဒီဇိုင်းထုတ်ပေးပါတယ်။ ပြီးတော့ QC ဆောင်ရွက်ပေးပါတယ်။ ဒါနဲ့ပတ်သက်ပြီး အသေးစိတ်ညှိနှိုင်းဖို့ လာရောက်ခြင်းဖြစ်ပါတယ်။ ပြီးတော့ အငူမော်ကနေ ဘူးသီးတောင်အထိ လမ်းမကြီးရှိပါတယ်။ ဒီလမ်းကတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ရိုးမဖြတ်လမ်းနှစ်လမ်း ဖောက်လုပ်နေပါတယ်။ ကျောက်ပန္နူ-စေတီပြင်လမ်းနဲ့ ကြိမ်ချောင်း-ဂုပ္ပိ လမ်းဖြစ်ပါတယ်။ နယ်မြေဒေသဖွံ့ဖြိုးဖို့ဆိုတာ လမ်းပန်းဆက်သွယ်ရေးက အရေးကြီးပါတယ်။ အဓိကကတော့ ဘူးသီးတောင်၊ မောင်တောဒေသကို မော်တော်ကားနဲ့ သွားလာနိုင်မယ့် လမ်းတစ်လမ်း လိုအပ်နေပါတယ်။ စစ်တွေကနေ မောင်တောကို တိုက်ရိုက်မော်တော်ကားလမ်းတစ်လမ်း လိုအပ်နေပါတယ်။ အဲဒီလမ်းအတွက်လည်း စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောလမ်းကို ဆောင်ရွက်နေပါတယ်။ အားလုံး ၉၅ မိုင်လောက်ရှိတဲ့ လမ်းမကြီးကို ဖောက်လုပ်နေပါတယ်။ ဒီလမ်းမကြီး ဖောက်လုပ်ရာမှာ မြစ်တွေက အတားအဆီးဖြစ်နေပါတယ်။ ဒီအတွက် တံတားကြီး ငါးစင်းကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်နေပါတယ်။ လာမယ့် မတ်လမှာ ပြီးစီးမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် မတ်လမှာ စစ်တွေကနေ မောင်တောကိုကားနဲ့ သွားလာနိုင်တော့မှာဖြစ်ပါတယ်။

**ဦးအုန်းလွင်**
**ညွှန်ကြားရေးမှူးချုပ် လမ်းဦးစီးဌာန**

လမ်းဦးစီးဌာနအနေနဲ့ မေယုတောင်တန်းကြီးကို အရှေ့အနောက်တောင်ကျော်ဖြတ်လမ်းလေးခု ဖောက်လုပ်မယ့်အထဲက နှစ်ခုဆောင်ရွက်နေပါတယ်။ ပထမလမ်းကတော့ စေတီပြင်-အင်းဒင်-ကျောက်ပန္နူ ၁၀ မိုင် ၇ ဖာလုံလမ်း ဖြစ်ပါတယ်။ ယာဉ်ယန္တရား ၂၆ စီးနဲ့ ဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ ၃၄ ပေ မြေသားလမ်းရရှိဖို့ ဦးစွာဆောင်ရွက်ပါတယ်။ ဒီလမ်းပေါ်မှာ ၈ လက်မဒု ကျောက်ခင်းပြီး တစ်ချိန်တည်းမှာ ဒီလမ်းပေါ်မှာ ၁၈ ပေ ကွန်ကရစ်လမ်းခင်းမှာဖြစ်ပါတယ်။ ဒီလမ်းပေါ်မှာ တံတားကြီး၊ ငယ် ၇၅ စင်းဆောက်လုပ်မှာ ဖြစ်ပါတယ်။ ဒုတိယလမ်းကတော့ ကြိမ်ချောင်း-ဂုပ္ပိ လမ်းဖြစ်ပါတယ်။ ၁၅ မိုင် ရှိပါတယ်။ တံတားကြီး၊ ငယ် ၅၂ စင်းကိုလည်း ဒီလမ်းပေါ်မှာ တည်ဆောက်သွားမှာဖြစ်ပါတယ်။ လမ်းအကျယ် ၃၄ ပေ ရှိပါတယ်။ ဒီလမ်းကိုလည်း ဘတ်ဂျက်ရရှိမှု ပေါ်မူတည်ပြီး ၁၈ ပေ ကွန်ကရစ်လမ်း ခင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒီလမ်းနှစ်လမ်း ဖောက်လုပ်ပေးလိုက်တဲ့အတွက် မေယုတောင် အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းဒေသတွေ လမ်းပန်းဆက်သွယ်ရေးတိုးတက်လာမှာ ဖြစ်ပါတယ်။

**ဦးခင်သက်**
**ညွှန်ကြားရေးမှူးချုပ်**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

ကျွန်တော်တို့ဌာနအနေနဲ့ မောင်တောဒေသမှာ ဘူးသီးတောင်-အငူမော်လမ်း ၄၆ မိုင် ငါးဖာလုံလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်နေပါတယ်။ တစ်မိုင်နဲ့ လေးဖာလုံကတော့ ကွန်ကရစ်လမ်းဖြစ်ပါတယ်။ ကျန်တဲ့ ၃၈ မိုင်နှစ်ဖာလုံကတော့ ကျောက်လမ်းဖြစ်ပါတယ်။ ခုနစ်မိုင်ကတော့ မြေသားလမ်းဖြစ်ပါတယ်။ ဒီလမ်းကို ရာသီမရွေး သွားလာနိုင်တဲ့လမ်းဖြစ်အောင် ခုနစ်မိုင် မြေသားလမ်းကို ကျောက်ခင်းတဲ့ လုပ်ငန်းရှိပါတယ်။ ဒီလမ်းကို သွားလာလို့မရတာက တံတားတွေ မပြီးသေးလို့ဖြစ်ပါတယ်။ တံတားကြီး၊ ငယ် ၄၉ စင်း တည်ဆောက်သွားမှာဖြစ်ပါတယ်။ ၃၈ မိုင်ကျောက်လမ်းကို လမ်းချောသွားအောင်ပြုံးကျောက် ခြောက်လက်မဒု ခင်းသွားမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ပေးတဲ့အတွက် ရာသီမရွေးသွားလာနိုင်တော့မှာဖြစ်ပါတယ်။

**ဦးရွှေလေး**
**ညွှန်ကြားရေးမှူးချုပ် တံတားဦးစီးဌာန**

ကျွန်တော်တို့ဌာနအနေနဲ့ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းမှာရှိတဲ့ တံတားကြီး ငါးစင်းကို တာဝန်ယူတည်ဆောက်ပေးနေပါတယ်။ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မြင့်မောင်၊ ဇေယျာ**

**ဓာတ်ပုံ-နေဝင်းထွန်း**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ငွေတောင် (တိုင်းရင်းသား)ကျေးရွာ၊ ရွှေရင်အေး (တိုင်းရင်းသား)ကျေးရွာ၊ ကင်ချောင်း(တိုင်းရင်းသား)ကျေးရွာနှင့် ဝေသာလီ (တိုင်းရင်းသား)ကျေးရွာတို့တွင် နွား နှစ်ကောင်၊ ဆိတ် သုံးကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်္ဂလာညွန့် (တိုင်းရင်းသား)ကျေးရွာ၊ ကြိမ်ချောင်း (ရောနှော) ကျေးရွာ၊ တမန်းသား(တိုင်းရင်းသား)ကျေးရွာနှင့် ရန်အောင်မြေ (တိုင်းရင်းသား) ကျေးရွာတို့တွင် နွား သုံးကောင်၊ ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား)ကျေးရွာ၊ ကပ္ပတောင်း(တိုင်းရင်းသား)ကျေးရွာ၊ ငါးခူရ (ရောနှော) ကျေးရွာနှင့် ရွက်ညိုတောင်( တိုင်းရင်းသား) ကျေးရွာတို့တွင် နွား နှစ်ကောင်၊ ဆိတ် သုံးကောင်တို့ကို ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွား ခုနစ်ကောင်နှင့် ဆိတ် ခုနစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့သည်။ ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၄၃ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၇၀၄ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၉၂၀၊ သွင်းကုန် ၁၀၂၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂ ဒသမ ၉၇၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၉၉ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈ ဒသမ ၉၆၉ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဒီဇင်ဘာ ၁၇ ရက်တွင် မူဆယ်နှင့် မန္တလေးသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၆/ ၆) ဖာလုံ၊ နားဆော့ကျေးရွာ၏ အနောက်ဘက်တောင်ယာသို့ သွားသောလမ်းတွင် Toyota Probox ယာဉ်တစ်စီးနှင့် Toyota Succeed ယာဉ်တစ်စီးတို့ မသင်္ကာဖွယ် ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ မိုးကာစ၊ စောင်စများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ့သစ် ၂၈ တုံး (၁ ဒသမ ၀၂၆၆)တန်၊ ပိတောက်ခွဲသားချောင်း ၆၀ (သုည ဒသမ ၈၄၆)တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၃၃၃ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် ညနေ ၃ နာရီတွင် ကျိုင်းတုံမြို့ ဝမ်တာပုံ ပူးပေါင်းစစ်ဆေးရေးစခန်း၌ အိုက်ဥမောင်းနှင်ပြီး အိုက်ယီ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ အိုက်ယီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် ဆောင်းဘောက်စ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း။

အလားတူ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၃ နာရီက သိန္နီမြို့နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် လောက်ပေါက် မောင်းနှင်ပြီး မရှောက်ရွှေ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်၏ နောက်ခန်းထိုင်ခုံအောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီလမ်းမနှင့် ခေမာကျောင်းလမ်းထောင့်၌ သန့်ဇင်ဦး(ခ)သူရအောင်အား ရှာဖွေရာ ၎င်း၏ဘောင်းဘီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၅ ပြားကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ရွှေပေါက်ကံမြို့သစ်နေ ဝင်းထွဋ်၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၀၀၊ ကျည်သုံးတောင့်နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုလည်းကောင်း။

အလားတူ ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ခေမာကျောင်းလမ်းတွင် စိုးမောင်မောင်မြင့်(ခ)စိုးစိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ၎င်း၏ဘောင်းဘီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြားကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မရမ်းကုန်းမြို့နယ်နေ ညွန့်ဝင်း(ခ)ဇင်ဇင်း၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မျိုးသီဟကိုတွေ့ရှိပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၉၄ ပြားနှင့် ငွေကျပ် တစ်သိန်းတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



## အင်းစိန်မြို့နယ် ပြည်လမ်းမပေါ်တွင် ယာဉ်တိုက်မှု ဖြစ်ပွား၊ နှစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

အင်းစိန်မြို့နယ် ပြည်လမ်းမပေါ်၌ ယနေ့နံနက် အစောပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁ နာရီ ၄၅ မိနစ်က အင်းစိန်မြို့နယ် ပြည်လမ်းမပေါ်ရှိ ထန်းပင်ကုန်းလမ်းဆုံမီးပွိုင့်အနီး ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့ရာ အမျိုးသားနှစ်ဦး သေဆုံးပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင်များက ထိခိုက်ဒဏ်ရာရရှိသူများအား လူနာတင်ယာဉ်ဖြင့် အင်းစိန်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

## ဆိုင်ကယ်စီးနင်းလာသူထံမှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ တန်ဖိုးငွေကျပ် ၄၆ သိန်းကျော် သိမ်းဆည်းရမိ

**မံစီ ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်တွင် ဒီဇင်ဘာ ၁၈ ရက်က မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေရာမှ ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ တန်ဖိုးငွေကျပ် ၄၆ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များ၊ မံစီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဟန်ထက်ကျေးရွာမှ မံစီမြို့သို့ မံစီမြို့နယ် စီကော်ကျေးရွာနေ ခွန်စိုင်းဦး (၃၅)နှစ် စီးနင်းလာသည့် YINXING-125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် ညှပ်ထားသောအကျီအတွင်းမှ ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ (၄၈ ဒသမ ၇)ဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၉၆၀၀၀) နှင့် WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၃၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀) စုစုပေါင်းတန်ဖိုးငွေကျပ် ၄၆၃၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခွန်စိုင်းဦးအား မံစီမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

## ဆိုင်ကယ်ခိုးယူသူအား ခိုးရာပါဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိ

**ကျောက်ဆည် ဒီဇင်ဘာ ၁၉**

ကျောက်ဆည်မြို့နယ်တွင် ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီခွဲက ဆိုင်ကယ်ခိုးသူတစ်ဦးအား ခိုးရာပါဆိုင်ကယ်နှင့်အတူ တွေ့ရှိခဲ့ပြီး မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သန်းထိုက်နှင့် နယ်ထိန်းအဖွဲ့များသည် မှုခင်းလျော့နည်းကျဆင်းရေးအတွက် မြို့ပေါ်ရပ်ကွက်များသို့ သတင်းယူစုံစမ်းမှုများ ဆောင်ရွက်နေစဉ် မြို့ဦးရပ်ကွက် အမှတ်(၁) လမ်းထိပ်အရောက်တွင် သော့မပါဘဲ PONBO 125 Click ဆိုင်ကယ်အား တွန်းလာသည့် မသင်္ကာဖွယ်လူတစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ အဆိုပါဆိုင်ကယ်မှာ ကျောက်ဆည်မြို့ ဗိုလ်ချုပ်ပန်းခြံမှ ခိုးယူခဲ့ကြောင်းကို ကြောင်ပန်းကုန်းကျေးရွာနေ ကိုဝင်း(ခ)ရဲကြီး (၂၈)နှစ်က ထွက်ဆိုခဲ့သဖြင့် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ဖားကန့်မြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ သေနတ်ဖြင့် အပစ်ခံရ

**ဖားကန့် ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့ မရှိကထောင်ရပ်ကွက် ဘောလီတံတားထိပ်တွင်ရှိသော ရတနာဖားကန့် ကားဂိတ်ပိုင်ရှင် ဦးခင်စိုးသည် ဒီဇင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီခန့်က ၎င်းပိုင်မော်တော်ယာဉ်ဂိတ်တွင် ထိုင်နေစဉ် သေနတ်သမားများက သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း ဖားကန့်မြို့နယ် NLD ပါတီ အလုပ်အမှုဆောင်ထံမှ သိရသည်။

"သူ့ဂိတ်ထဲမှာ ကားလက်မှတ်လာဖြတ်သလိုနဲ့ 125 ဆိုင်ကယ်နှစ်စီးနဲ့ လူလေးယောက် ရောက်လာပြီး ဝင်သွားတယ်၊ သူတို့ထဲက လူတစ်ယောက်ရဲ့ ကျောပိုးအိတ်ထဲမှ သေနတ်ထုတ်၍ပစ်ပြီး ဆိုင်ကယ်မောင်းကာ ပြေးသွားတယ်၊ ပစ်တာက လေးချက်ပါ၊ သုံးချက်မှန်တယ်၊ တစ်ချက်ကမမှန်ဘူးလို့ မျက်မြင်တွေ့ရှိသူတွေက ပြောပါတယ်" ဟု ဖားကန့်မြို့နယ်၏ NLD အလုပ်အမှုဆောင် ဦးသောင်းစံက ပြောသည်။

အဆိုပါ သေဆုံးသူ၏ ဦးခေါင်းနောက်စေ့တွင် သေနတ်ဒဏ်ရာတစ်ချက်၊ နောက်ကျောတွင် သေနတ်ဒဏ်ရာ နှစ်ချက်ဖြင့် စုစုပေါင်း သုံးချက်ထိ၍ ဖားကန့်ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

## အရှိန်မထိန်းနိုင်သည့်ဆိုင်ကယ် အုတ်ခုံအား ဝင်တိုက်

**ညောင်လေးပင် ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့တွင် ဒီဇင်ဘာ ၁၈ ရက် ည ၁၁ နာရီခန့်က မော်တော်ဆိုင်ကယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ မြို့ဝင်ဆိုင်းဘုတ်ရှေ့ အုတ်ခုံအား ဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှမန္တလေးသို့ ယာဉ်မောင်း ချစ်ကို (၂၃)နှစ် မောင်းနှင်ပြီး နောက်တွင် မင်းအောင်(၃၀)နှစ် လိုက်ပါလာသော ၄၇ယ/ KENBO 125 ဆိုင်ကယ်သည် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၀၇/၁) နှင့် (၁၀၇/၂) အကြား ပိန်းဇလုပ်မြို့ထိပ်တွင် အရှိန်မထိန်းနိုင်ဘဲ မြို့အဝင်ဆိုင်းဘုတ်ရှေ့ရှိ အုတ်ခုံအားဝင်တိုက်မိခဲ့သဖြင့် ချစ်ကိုနှင့် မင်းအောင်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။

သို့ပါ၍ ပိန်းဇလုပ်နယ်မြေရဲစခန်းက ယာဉ်မောင်းချစ်ကိုအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သောင်းထိုက်ထွေး**

## မိတ္ထီလာမြို့တွင် စည်ပင်ဝန်ထမ်းကို ဈေးသည်ကရိုက်နှက်မှု ဖြစ်ပွား

**မိတ္ထီလာ ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက်တွင် ဒီဇင်ဘာ ၁၈ ရက်က တာဝန်ထမ်းဆောင်နေသော စည်ပင်ဝန်ထမ်းကို ဈေးသည်အမျိုးသမီးတစ်ဦးက မကျေနပ်၍ တုတ်ဖြင့်ရိုက်နှက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့ မြို့မဈေးကြီးရုံတွင် ဦးကိုကိုကျော် ဒု-ဦးစီးမှူး (ဈေး)တာဝန်ထမ်းဆောင်နေစဉ် ဈေးပတ်လမ်းပိတ်ဆို့မှုမရှိစေရေးအတွက် ရှင်းလင်းမှုဆောင်ရွက်နေသည့် ဦးတင်ဝင်း စက်မောင်း-၄ မှ ဖက်ပွင့်ရောင်းချသူ မသင်းသင်းအောင်အား ဖယ်ရှားခိုင်းသည်ကို မကျေနပ်၍ အရှည်တစ်တောင်ခန့်ရှိသော အသားတုတ်ဖြင့်ရိုက်လိုက်ရာ ဦးတင်ဝင်း (၅၆) နှစ် ဈေးအရှေ့ပြင်လမ်း ကန်တော်မင်္ဂလာခန်းမဝင်း မိတ္ထီလာမြို့နေသူတွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲ သွေးထွက်ဒဏ်ရာ၊ ဝဲဘက်ချိုစောင်းပေါက်ပြဲသွေးထွက်ဒဏ်ရာများဖြင့်(အတွင်းလူနာ)အဖြစ် ဆေးရုံတင်ကုသထားရသည်။

တုတ်ဖြင့်ရိုက်သူ မသင်းသင်းအောင်အား မိတ္ထီလာမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**၅၆၈**

# အယ်ကလက်ဆီကိုမှာ ရီးယဲလ်မက်ဒရစ် ရှုံးပွဲမကြုံနိုင်ဘူး

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၁၇

**၂၀၁၇-၁၈ စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ်(၁၇)ကို လာမယ့် ဒီဇင်ဘာ ၂၁၊ ၂၂၊ ၂၃၊ ၂၄ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ အယ်ကလက်ဆီကိုပွဲဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာတို့ ဆုံတွေ့တဲ့ ပွဲစဉ် ပါဝင်နေသလို ဗလန်စီယာနဲ့ ဗီလာရီးယဲလ်လည်း ဆုံတဲ့ပွဲပါနေလို့စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။**

**ဂီတာဖေး - လက်ပဲလ်မက်စ် နံနက် ၁း၀၀ (၂၁-၁၂-၁၇)**

လက်ပဲလ်မက်စ်ခြေစွမ်းပိုင်းက အတော်လေးအားနည်းမှုတွေ ရှိပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းအားနည်းလွန်းတာကြောင့် အိမ်ကွင်းမှာရော အဝေးကွင်းမှာပါ ရုန်းကန်နေရပါတယ်။ ဂီတာဖေးကတော့ ခြေစွမ်းသာမန်သာရှိပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းမှာ ဂီတာဖေးကသာ နိုင်ပွဲရယူသွားမှာပါ။

**ဆိုစီဒက်စ် - ဆီဗီလာ နံနက် ၃း၀၀ (၂၁-၁၂-၁၇)**

နှစ်သင်းစလုံး ပွဲစဉ် ၁၆ မှာ နိုင်ပွဲရယူနိုင်ခြင်းမရှိတာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆီဗီလာရဲ့ ခြေစွမ်းပိုင်း ကောင်းမွန်နေတယ်ဆိုပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ကစားအားကျဆင်းတတ်ပါတယ်။ ဆိုစီဒက်စ်ကလည်း အိမ်ကွင်းမှာ ကစားပုံကောင်းမွန်တတ်ပေမယ့် ခံစစ်အားနည်းနေတယ်။ ဂိုးအများနဲ့ သရေကျနိုင်ပါတယ်။

**အီဘား - ဂျီရိုနာ နံနက် ၁း၀၀ (၂၂-၁၂-၁၇)**

အိမ်ကွင်းနောက်ဆုံးပွဲစဉ်မှာ ဗလန်စီယာကို အနိုင်ကစားနိုင်ခဲ့တဲ့ အီဘား ခြေစွမ်းပိုင်းကောင်းမွန်သလို ဒီပွဲစဉ်မှာလည်း အိမ်ကွင်းမှာ နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဂျီရိုနာကလည်း လက်ရှိခြေစွမ်းပိုင်းမဆိုးသလို အဝေးကွင်းပွဲတွေမှာဆိုရင်လည်း လက်ရှိအချိန်အထိ တစ်ပွဲသာအရေးနိမ့်ခဲ့တာကိုကြည့်ရင် အမှတ်ရအောင် ကစားနိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အီဘား အနိုင်ရရင်တောင် ဂိုးမပြတ်နိုင်ဘူး။

**အလာဗက်စ် - မာလာဂါ နံနက် ၃း၀၀ (၂၂-၁၂-၁၇)**

မာလာဂါရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် ခြေစွမ်းပိုင်းပိုမိုကျဆင်းတတ်ပြီး တစ်ပွဲသာအနိုင်ရခဲ့သလို ၇ ပွဲတိတိရှုံးနိမ့်ခဲ့ပြီး တိုက်စစ်ကလည်း ၄ ဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။ အလာဗက်စ်ကတော့ အက်သလက်တီကိုနဲ့ပွဲမှာ တစ်ဂိုးတည်းနဲ့သာ ကပ်ရှုံးခဲ့တဲ့အထိ ခံကစားပုံကောင်းမွန်ခဲ့သလို အိမ်ကွင်းဖြစ်နေပါတယ်။ အလာဗက်စ် ကပ်နိုင်မယ်။

**ဘက်တစ် - ဘီဘာအို နံနက် ၁း၀၀ (၂၃-၁၂-၁၇)**

ဘီဘာအိုကနောက်ဆုံးပွဲစဉ်မှာ ဆိုစီဒက်စ်ကို သရေသာကစားနိုင်ခဲ့တာကြောင့် နိုင်ပွဲရဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဘီဘာအိုက အဝေးကွင်းပွဲတွေမှာတော့ တိုက်စစ်ပိုင်း ပိုမိုကောင်းမွန်တတ်ပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေ များလွန်းနေပါတယ်။ ဘက်တစ်ကတော့ အိမ်ကွင်းခြေစွမ်းပိုင်းကောင်းသလို တိုက်စစ်ကစားပုံလည်း ကောင်းမွန်မှုရှိနေပါတယ်။ သွင်းဂိုးများနိုင်ပြီး ဘက်တစ်ပဲ ကပ်နိုင်မယ်။

**အက်စ်ပန်ညို - အက်သလက်တီကို နံနက် ၃း၀၀ (၂၃-၁၂-၁၇)**

အက်သလက်တီကိုက နောက်ဆုံးပွဲစဉ်မှာ အလာဗက်စ်ကို ခက်ခက်ခဲခဲ ကစားပြီးမှာ တစ်ဂိုးတည်းနဲ့သာ ကပ်နိုင်ခဲ့ပါတယ်။ အက်သလက်တီကိုအနေနဲ့ ဒီရာသီမှာ တိုက်စစ်ပိုင်းဂိုးသွင်းခြေ မတည်ငြိမ်ပေမယ့်လည်း ခံစစ်ပိုင်းကစားပုံကောင်းမွန်တတ်သလို ဒီပွဲစဉ်မှာလည်း ရီးယဲလ်နဲ့ ဘာစီလိုနာတို့ ထိပ်တိုက်ဆုံတွေ့တဲ့ပွဲ ပါဝင်နေတာကြောင့် နိုင်ပွဲရဖို့အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ အက်စ်ပန်ညိုခြေကလည်း သာမန်သာရှိလို့ အက်သလက်တီကိုပဲ နိုင်ပွဲရမယ်။

**ရီးယဲလ် - ဘာစီလိုနာ ည ၆း၃၀ (၂၃-၁၂-၁၇)**

ချန်ပီယံဖြစ်ဖို့ဆိုရင် ရီးယဲလ်တို့ ဒီပွဲကို အနိုင်မရလို့မဖြစ်ပါဘူး။ ဒီပွဲမှာသာ အရေးနိမ့်ခဲ့ရင် ရီးယဲလ်အနေနဲ့ ချန်ပီယံဖြစ်ဖို့ မျှော်လင့်ချက်ကုန်သွားမှာဖြစ်တဲ့အတွက်လည်း အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဘာစီလိုနာခြေက အကောင်းဆုံးဖြစ်နေပေမယ့်လည်း ရီးယဲလ်ကလည်း ခြေစွမ်းပြန်လည်တည်ငြိမ်လာကာ ရော်နယ်ဒိုကလည်း ခြေစွမ်းပြန်ကောင်းလာပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ရီးယဲလ်တို့ အနိမ့်ဆုံး သရေလောက် ကစားနိုင်မယ်။

**ဗလန်စီယာ - ဗီလာရီးယဲလ် ည ၉း၄၅ (၂၃-၁၂-၁၇)**

ရှုံးပွဲကြုံခဲ့ရတာကြောင့် ဗလန်စီယာတို့ အားစိုက်ကစားလာမှာဖြစ်သလို နိုင်ပွဲရယူနိုင်ဖို့အတွက်လည်း တိုက်စစ်ကိုသာ အားပြုကစားလာမှာ ဖြစ်ပါတယ်။ ဗီလာရီးယဲလ်ကတော့ ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုရှိတယ်ဆိုပေမယ့် အဝေးကွင်းပွဲတွေမှာတော့ အသင်းလိုက် စွမ်းဆောင်ရည်ကျဆင်းတတ်ပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့်လည်း ဗလန်စီယာပဲ အနိုင်ရမယ်။

**ဒီပို့တီဗို - ဆဲလ်တာဗီဂို နံနက် ၀၀း၀၀ (၂၄-၁၂-၁၇)**

ဒီပို့တီဗိုတို့ တန်းမဆင်းရရေး အားစိုက်ကစားနေပေမယ့် တိုက်စစ်ပိုင်းက ဂိုးသွင်းအားနည်းမှုတွေနဲ့အတူ အိမ်ကွင်းမှာရော အဝေးကွင်းမှာပါ နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်နေရပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်ပေမယ့် ဒီပို့တီဗိုတို့ ဆဲလ်တာဗီဂိုကို အသာရယူနိုင်ဖို့ အခက်တွေ့နိုင်ပါတယ်။ ဆဲလ်တာဗီဂိုက အဝေးကွင်းမှာ ခံစစ်ပိုင်းအားနည်းတတ်ပြီး အသင်းလိုက်ခြေစွမ်းပိုင်းလည်း ကျဆင်းတတ်ပေမယ့် ပုံမှန်ခြေစွမ်းအရ ဒီပို့တီဗိုထက် ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဒီပို့တီဗိုတို့ အမြင့်ဆုံးသရေလောက်ပဲ ကစားနိုင်မယ်။

# ဂျူဗင်တပ်ကို အဝေးကွင်းမှာ ရိုးမား ကျော်ဖြတ်နိုင်မှာလား

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ အီတလီစီးရီးအေ ရင်ခုန်သံ-၁၈

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၁၈ ကို လာမယ့် ဒီဇင်ဘာ ၂၂၊ ၂၃၊ ၂၄ ရက်တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး ဒီပွဲစဉ်မှာ အသင်းကြီးနှစ်သင်းဖြစ်တဲ့ ဂျူဗင်တပ်နဲ့ ရိုးမားတို့ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ ဒါ့အပြင် ပွဲစဉ် ၁၇ မှာ ရှုံးပွဲကြုံခဲ့တဲ့ အင်တာတို့နိုင်ပွဲပြန်လည်ရယူနိုင်မလားစောင့်ကြည့်ရမယ်။**

**ချီယေဗို - ဘိုလော့ညာ ည ၁၁း၃၀ (၂၂-၁၂-၁၇)**

နှစ်သင်းစလုံးရဲ့လက်ရှိခြေစွမ်းကလက်ရှိအချိန်မှာ ကွာဟမှုမရှိဘူးဆိုပေမယ့်လည်း ချီယေဗိုကတော့ တိုက်စစ်ပိုင်းကစားပုံအားနည်းမှုတွေ ရှိတာကို သတိပြုရမှာဖြစ်ပါတယ်။ ဘိုလော့ညာကတော့ အဝေးကွင်းဖြစ်ပေမယ့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ချီယေဗိုအနေနဲ့ ဘိုလော့ညာကို အသာရဖို့ခက်ခဲမှုတွေ ရှိလာနိုင်ကာ အိမ်ကွင်းမှာ အနိုင်ရရင်တောင် ဂိုးမပြတ်ဘူး။

**ကယ်ဂလီယာရီ - ဖီအိုရင်တီနာ နံနက် ၂း၁၅ (၂၃-၁၂-၁၇)**

ကယ်ဂလီယာရီက အိမ်ကွင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းကစားပုံ ပိုမိုကောင်းမွန်တတ်သလို အသင်းလိုက်ခြေစွမ်းကလည်း ပိုမိုတည်ငြိမ်တတ်တယ်ဆိုပေမယ့် ဖီအိုရင်တီနာက အခုနောက်ပိုင်းမှာ အမှတ်ဆုံးရှုံးမှုတွေ များနေလို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း ကယ်ဂလီယာရီတို့ ရုန်းကန်ရနိုင်ကာ ဖီအိုရင်တီနာကသာနိုင်ပွဲရမယ်။

**လာဇီယို - ခရိုတိုနီ ည ၆း၀၀ (၂၃-၁၂-၁၇)**

လာဇီယိုက အိမ်ကွင်းဖြစ်လို့ ဒီပွဲမှာ နိုင်ပွဲရယူနိုင်ရေးအားစိုက် ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် ခရိုတိုနီက ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေတဲ့အပြင် အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းက အားနည်းမှုပိုများသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ ပိုမိုအားနည်းတတ်ပါတယ်။ ခရိုတိုနီတို့ အမှတ်ခွဲယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမယ့် လာဇီယိုကသာ နိုင်ပွဲရသွားမှာပါ။

**ဂျီနိုအာ - ဘီနီဗန်တို ည ၉း၃၀ (၂၃-၁၂-၁၇)**

ဂျီနိုအာတို့ အခုအချိန်အထိ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့်လည်း အခုလိုပွဲမျိုးမှာ အိမ်ကွင်းနိုင်ပွဲရယူနိုင်ဖို့နဲ့ တန်းမဆင်းရဖို့ အဓိကပြိုင်ဘက်ကို အနိုင်ရယူနိုင်ရေးအတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဘီနီဗန်တိုကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေသလို အဝေးကွင်းပွဲတိုင်း ရှုံးနိမ့်ထားကာတိုက်စစ်ကလည်း ဂိုးသွင်းခြေအားနည်းလွန်းပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာတော့ ဂျီနိုအာတို့အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

**နာပိုလီ - ဆမ်ဒိုးရီးယား ည ၉း၃၀ (၂၃-၁၂-၁၇)**

နာပိုလီတို့ အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဆမ်ဒိုးရီးယားက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ ကောင်းမွန်နေတယ်ဆိုပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ အသင်းလိုက်ခြေစွမ်းပိုင်းက ကျဆင်းတတ်ပါတယ်။ အထူးသဖြင့် ဆမ်ဒိုးရီးယားက အဝေးကွင်းပွဲတွေမှာ ခံစစ်ပိုင်းအားနည်းမှုတွေ ရှိတတ်တာကြောင့် နာပိုလီတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ အိမ်ကွင်းမှာ နာပိုလီသာ နိုင်ပွဲရသွားဖို့ ရှိပါတယ်။

**ဆာစူအိုလို - အင်တာ ည ၉း၃၀ (၂၃-၁၂-၁၇)**

အင်တာရဲ့ ခြေစွမ်းပိုင်းကကောင်းမွန်မှု အပြည့်ရှိနေပါတယ်။ ဒီပွဲမှာဆိုရင်လည်း ဂျူဗင်တပ်က ရိုးမားနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် အင်တာတို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဆာစူအိုလိုက အိမ်ကွင်းမှာ တိုက်စစ်ပိုင်းက ပိုမိုအားနည်းတတ်မှုနဲ့အတူ ရလဒ်ကောင်းရယူနိုင်ဖို့အတွက်ပါ ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဆာစူအိုလိုအနေနဲ့ အိမ်ကွင်းဖြစ်ပေမယ့် အင်တာကို အသာရယူနိုင်ဖို့ ခက်ခဲနိုင်ကာ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမယ့် အင်တာကသာ နိုင်ပွဲရသွားမယ်။

**SPAL - တိုရီနို ည ၉း၃၀ (၂၃-၁၂-၁၇)**

SPAL ကလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေ ရှိနေပါတယ်။ အသင်းလိုက်ခြေစွမ်းပိုင်းအရမဆိုးပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေ ရှိနေပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့် တိုရီနိုကလည်း ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ပါဘူး။ တိုရီနိုခြေကလည်း ကမဆိုးသလို အဝေးကွင်းပွဲတွေမှာဆိုရင်လည်း အမှတ်ရအောင် ကစားနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။ တိုရီနိုပဲ အနိုင်ရမယ်။

**အူဒီးနီးစ် - ဗီရိုနာ ည ၉း၃၀ (၂၃-၁၂-၁၇)**

ဗီရိုနာက ခံစစ်ပိုင်းကစားပုံအား နည်းမှုတွေများလွန်းပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခံစစ်ပိုင်းက ပိုမိုအားနည်းတတ်ပါတယ်။ အူဒီးနီးစ်ကတော့ အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းအဆုံးသတ် ပိုမိုသေချာမှုရှိပြီး အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အတွက်လည်း အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း အူဒီးနီးစ်ရဲ့ အိမ်ကွင်းထိုးစစ်အားကို ဗီရိုနာတို့ ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ ဒီပွဲစဉ်မှာ အူဒီးနီးစ်ကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

**မီလန် - အတ္တလန္တာ ည ၁၁း၃၀ (၂၃-၁၂-၁၇)**

အတ္တလန္တာခြေက လက်ရှိအချိန်မှာ ကောင်းမွန်မှုရှိနေပါတယ်။ အဝေးကွင်းပွဲစဉ်တွေမှာ ကစားပုံကျဆင်းမှုတွေ ရှိတတ်ပေမယ့်လည်း တုံ့ပြန်ကစားပုံကောင်းမွန်မှုရှိတာကို သတိပြုရမှာဖြစ်ပါတယ်။ အေစီမီလန်ကတော့ အိမ်ကွင်းဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်အရအကောင်း ဆုံးပုံစံမှာမရှိသေးပါဘူး။ အထူးသဖြင့် ဂတ်တူဆိုလက်ထက်မှာ အသင်းလိုက် ဟန်ချက်မငြိမ်သေးတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း မီလန်တို့ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့် သရေလောက်ပဲ ကစားနိုင်မယ်။

**ဂျူဗင်တပ် - ရိုးမား နံနက် ၂း၁၅ (၂၄-၁၂-၁၇)**

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ဂျူဗင်တပ်က အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာဖြစ်သလို လက်ရှိခြေစွမ်းလည်း ကောင်းမွန်နေတယ်ဆိုပေမယ့် ရိုးမားကလည်း ဒီပွဲမှာ အမှတ်ခွဲယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်သလို လက်ရှိရိုးမားရဲ့ခြေကလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဂျူဗင်တပ် အနိုင်ရခဲ့မယ်ဆိုရင်တောင်မှ ဂိုးမပြတ်နိုင်ပါဘူး။

## ဇာဟာကို ခေါ်ယူရန် အာဆင်နယ်၊ ချယ်လ်ဆီးတို့နှင့် အပြိုင် မန်စီးတီးစိတ်ဝင်စားနေ

ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်လျက်ရှိသည့် မန်စီးတီးအသင်းသည် ခရစ္စတယ်ပဲလေ့ တောင်ပံကစားသမား ဇာဟာအား ခေါ်ယူရန်အတွက် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများဖြစ်သည့် အာဆင်နယ်၊ ချယ်လ်ဆီးအသင်းတို့နှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ တောင်ပံကစားသမားဇာဟာသည် နည်းပြ ဒေးဗစ်မိုယက်လက်ထက်တွင် မန်ယူအသင်းမှ ခရစ္စတယ်ပဲလေ့အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး လက်ရှိတွင် ခရစ္စတယ်ပဲလေ့အသင်းတွင် ခြေစွမ်းပြကစားလျက်ရှိသူဖြစ်သည်။ **(ငွေကြယ်)**

## ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လုဇ်အား အာဆင်နယ်အသင်း ပစ်မှတ်ထားနေ

နည်းပြ အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းသည် လက်ရှိတွင် အသင်း၏ နောက်တန်းခံစစ်ကြောင်းအတွက် အားဖြည့်ရန် ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လုဇ်အား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့တွင် ခြေစွမ်းပြကစားခဲ့သည့် ဘရာဇီးနောက်တန်းကစားသမား ဒေးဗစ်လုဇ်အား အာဆင်နယ်အသင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး ချန်ပီယံလိဂ်ခြေစွမ်းရှိနေခြင်းကြောင့်လည်း အာဆင်နယ်အသင်းက စိတ်ဝင်စားနေခြင်းဖြစ်သည်။ **(ငွေကြယ်)**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အစုရှယ်ယာမတည်ငွေရင်းအား ပေါင်းစည်းသည့်အခါ မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရခြင်း**

၁၁၃။အစုရှယ်ယာမတည်ငွေရင်းရှိသော ကုမ္ပဏီတစ်ခုသည် ၎င်း၏အစုရှယ်ယာ မတည်ငွေရင်းကို ပုဒ်မ ၁၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂) မှ (၇) အထိတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများဖြင့် ပြောင်းလဲပြင်ဆင်ခဲ့လျှင် ထိုကုမ္ပဏီသည် ပြောင်းလဲပြင်ဆင်သည့်နေ့မှ ၂၁ ရက်အတွင်း အစုရှယ်ယာများကို ပေါင်းစည်းသည်၊ ပိုင်းခြားသည် သို့မဟုတ် ထပ်မံပိုင်းခြားသည်စသည်တို့ကို ဖော်ပြလျက် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားတင်ပြရမည်။

၁၁၄။ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၁၃ ပါသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ဒဏ်ကြေး ငွေကျပ် ၁၀ သိန်းကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့် တမင်ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

**အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချခြင်း**

၁၁၅။(က) အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေပါ ခွင့်ပြုချက်များကို ကန့်သတ်ခြင်းမရှိဘဲ ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ယင်းကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချနိုင်သည်-

(၁) ငွေပေးချေထားခြင်းမရှိသေးသည့် အစုရှယ်ယာမတည်ငွေရင်းအတွက် တာဝန်ရှိမှုကို ပယ်ဖျက်နိုင်သည် သို့မဟုတ် လျှော့ချနိုင်သည်။

(၂) ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် တာဝန်ရှိမှုကိုပယ်ဖျက်ခြင်း သို့မဟုတ် လျှော့ချခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပျောက်ဆုံးသည့် သို့မဟုတ် ပိုင်ဆိုင်ကြောင်း တင်ပြခြင်းမပြုနိုင်သည့် ငွေပေးချေထားသော အစုရှယ်ယာမတည်ငွေရင်း တစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည်။

(၃) ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် တာဝန်ရှိမှုကို ပယ်ဖျက်ခြင်း သို့မဟုတ် လျှော့ချခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီကလိုအပ်သောပမာဏထက် ကျော်လွန်သည့် ငွေပေးချေထားသော အစုရှယ်ယာမတည်ငွေရင်းတစ်ရပ်ရပ်ကို ပြန်လည်ပေးချေနိုင်သည်။

(ခ) အောက်ပါအချက်များနှင့်မကိုက်ညီလျှင် ကုမ္ပဏီသည် မတည်ငွေရင်း လျှော့ချခြင်းမပြုရ -

(၁) ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချပြီးနောက် ချက်ချင်းကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း၊

(၂) မတည်ငွေရင်းလျှော့ချခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံးအတွက် မျှတလျော်ကန်မှုရှိခြင်း၊

(၃) မတည်ငွေရင်းလျှော့ချခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစုထိခိုက်မှုမရှိခြင်းနှင့်

(၄) ပုဒ်မ ၁၁၆ အရ အစုရှယ်ယာရှင်များမှ အတည်ပြုခြင်း၊

(ဂ) ဤပုဒ်မအရ ကုမ္ပဏီမှ မတည်ငွေရင်းလျှော့ချခြင်းကို အညီအမျှသော်လည်းကောင်း၊ ရွေးချယ်၍သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဃ) မတည်ငွေရင်း အညီအမျှလျှော့ချခြင်းသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည်-

(၁) သာမန်အစုရှယ်ယာများနှင့်သာ သက်ဆိုင်သည်။

(၂) သာမန်အစုရှယ်ယာပိုင်ဆိုင်သူတစ်ဦးစီအတွက် ၎င်းတို့ပိုင်ဆိုင်သည့် သာမန် အစုရှယ်ယာအရေအတွက် အချိုးအစားအလိုက်ဖြစ်စေရမည်။ ၎င်းအပြင်

(၃) သာမန်အစုရှယ်ယာရှင်တစ်ဦးစီအတွက် တူညီသည့် စည်းကမ်းချက်များဖြင့် ဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ (ဃ) မှအပ ဤပုဒ်မအရ အခြားနည်းဖြင့် မတည်ငွေရင်းလျှော့ချခြင်းများသည် ရွေးချယ်လျှော့ချခြင်းဖြစ်သည်။

**အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

၁၁၆။(က) မတည်ငွေရင်းလျှော့ချခြင်းမှာ အညီအမျှလျှော့ချခြင်းဖြစ်ပါက ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတွင် ချမှတ်သော သာမန်ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

(ခ) မတည်ငွေရင်းလျှော့ချခြင်းမှာ ရွေးချယ်လျှော့ချခြင်းဖြစ်ပါက ယင်းအား အောက်ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အတည်ပြုရမည်-

(၁) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင်ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်သည် မတည်ငွေရင်းလျှော့ချခြင်းအတွက် အဖိုးစားနားအား လက်ခံသူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ လျှော့ချမည့် အစုရှယ်ယာနှင့်စပ်လျဉ်း၍ မပေးချေရသေးသော ငွေပမာဏများကိုပေးချေရန် တာဝန်ရှိသူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ၎င်းတို့၏ တွဲဖက်လုပ်ကိုင်သူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကိုထောက်ခံ၍ဆန္ဒမဲပေးခြင်းမပါရှိသည့် အထူးဆုံးဖြတ်ချက် ဖြစ်ရမည်။ သို့မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစုရှယ်ယာရှင်အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း။

(ဂ) မတည်ငွေရင်းလျှော့ချခြင်းတွင် အစုရှယ်ယာများပယ်ဖျက်ခြင်းပါရှိခဲ့လျှင် ပယ်ဖျက်မည့် အစုရှယ်ယာများအား ပိုင်ဆိုင်သောအစုရှယ်ယာရှင်များ၏ အစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် ထိုသို့လျှော့ချခြင်းကို အတည်ပြုရမည်။

(ဃ) ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) မှ (၃) တို့တွင်ပါရှိသောသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက် ထားကြောင်း အတည်ပြုဖော်ပြချက်အပါအဝင် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မည်သို့ ဆန္ဒမဲပေးရန် ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သောကုမ္ပဏီမှ သိရှိထားသည့်အရေးကြီးသော အချက်အလက်များအားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(င) အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးအကြောင်းကြားစာအား ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်း မိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည် -

(၁) အစည်းအဝေးအကြောင်းကြားစာနှင့်

(၂) အစုရှယ်ယာရှင်များထံသို့ပေးပို့မည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် မတည်ငွေရင်းလျှော့ချခြင်းနှင့် သက်ဆိုင်သောစာရွက်စာတမ်းများ။

ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့် ယင်းနှင့်အတူပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်းကို ဖော်ပြလျက် မတည်ငွေရင်းလျှော့ချခြင်းအား အတည်ပြုမည့် အစည်းအဝေးတစ်ရပ် ခေါ်ယူ ကျင်းပရန်ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ထည့်သွင်း ဖော်ပြရမည်။

(စ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (င) ပါစာရွက်စာတမ်းများကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ၂၈ ရက်အတွင်း အစုရှယ်ယာရှင်များထံသို့ အစည်းအဝေး အကြောင်းကြားစာ ပေးပို့ခြင်းကိုဆောင်ရွက်ရန် သတ်မှတ်ရမည်။ မှတ်ပုံတင်အရာရှိက အကြောင်းကြားစာ ပေးပို့ရန် သတ်မှတ်ခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း သတ်မှတ်ချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီတွင် ပါဝင်သူများအား ပေးပို့ ဆောင်ရွက်နိုင်သည်။

(ဆ) ပုဒ်မခွဲ (စ) အရ သတ်မှတ်ချက်တစ်ရပ်ရပ် ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အစုရှယ်ယာရှင်များ သို့မဟုတ် မြီရှင်များအား အကာအကွယ်ပေးရန်အတွက် လိုအပ်သည်ဟု ယူဆသည့်အခါ ပုဒ်မခွဲ (င) အရ တင်ပြသော စာရွက်စာတမ်းတစ်ရပ်ရပ်ကို ရှင်းလင်းစွာ ဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

(ဇ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဃ) တွင်ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်း မရှိကြောင်း သို့မဟုတ် အလားတူအရေးကြီးသော အကြောင်းများကို တွေ့ရှိရလျှင် ပုဒ်မခွဲ (စ)တွင် ပါရှိသည့်အချိန်ကာလအတွင်း အစည်းအဝေး အကြောင်းကြားစာကို ကုမ္ပဏီမှ ထုတ်ဝေပေးပို့ခြင်းမပြုရန် သတ်မှတ်နိုင်သည်။

(ဈ) ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် ၂၁ ရက်အတွင်း ပုဒ်မခွဲ (ခ) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထို့ပြင် နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်ကြောင်း အကြောင်းကြားချက်နှင့် မတည်ငွေရင်း လျှော့ချသည့် အသေးစိတ်ဖော်ပြချက် အကျဉ်းချုပ်တို့ကို ထုတ်ပြန်ရမည်။ ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချခြင်းကို အဆိုပါသတင်းစာတွင် ထုတ်ပြန်ပြီးနောက် ၂၈ ရက် ကြာမြင့်သည်အထိ မပြုလုပ်ရ။

(ည) ပုဒ်မခွဲ (စ)၊ (ဆ) နှင့် (ဇ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီက လူမွဲခံယူရခြင်း သို့မဟုတ် နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ်ပေါ်ပေါက်စေကာမူ ကုမ္ပဏီ၊ ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် အခြားသူများအပေါ် မှတ်ပုံတင်အရာရှိတွင် တာဝန်မရှိစေရ။

(ဋ) ပုဒ်မခွဲ (ည) အရ မှတ်ပုံတင်အရာရှိတွင် တာဝန်မရှိသော်လည်း မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ပုဒ်မ ၄၂၈ အရ ကုမ္ပဏီမှရရှိသော အခွင့်အရေးကို ကန့်သတ်ထားခြင်းမရှိစေရ။

**မတည်ငွေရင်းလျှော့ချခြင်းဆိုင်ရာ သတ်မှတ်ချက်များကိုလိုက်နာရန် ပျက်ကွက်မှု၏ အကျိုးဆက်များ**

၁၁၇။(က) ကုမ္ပဏီသည် ပုဒ်မ ၁၁၅ နှင့် ၁၁၆ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်ခြင်းမရှိလျှင် ပုဒ်မ ၁၁၅ အရ မတည်ငွေရင်းလျှော့ချခြင်းကို မပြုလုပ်ရ။

(ခ) ပုဒ်မ ၁၁၅ နှင့် ၁၁၆ တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် မတည်ငွေရင်းလျှော့ချခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တို့၏အကျိုးသက်ရောက်ခြင်းကို ထိခိုက်စေခြင်းမရှိစေရ။

၁၁၈။ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၁၇၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ဒဏ်ကြေးငွေ ကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့်တမင် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၁၉။ပုဒ်မ ၁၁၈ အပြင် ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချခြင်းနှင့် စပ်လျဉ်း၍ လျှော့ချပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၁၇၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကာ မတည်ငွေရင်း လျှော့ချခြင်းကို သိလျက်ဖြင့်တမင် ခွင့်ပြုခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာများအားလုံးသည်လည်း ကုမ္ပဏီကပြန်လည်ရရှိနိုင်သော ရရန်ပိုင်ခွင့်များထက် ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့်ကြွေးမြီများ ရှိခဲ့လျှင် မတည်ငွေရင်းလျှော့ချမှုပမာဏနှင့်အညီ ကုမ္ပဏီ၏မြီရှင်များအပေါ်တွင် တာဝန်ရှိစေရမည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါ ဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း**

၁၂၀။(က) အောက်ပါအချက်များနှင့်ကိုက်ညီလျှင် ကုမ္ပဏီသည် ၎င်း၏ အစုရှယ်ယာများကို ပြန်လည်ဝယ်ယူနိုင်သည်-

(၁) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူပြီးနောက် ချက်ချင်းကြွေးမြီ စစ်ဆေးချက်ကို ကျေနပ်လက်ခံလျှင်၊

(၂) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံးအတွက် မျှတလျော်ကန်မှုရှိလျှင်၊

(၃) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစု ထိခိုက်မှုမရှိလျှင်နှင့်

(၄) ပုဒ်မ ၁၂၂ တွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ပြီး ပုဒ်မ ၁၂၁ အရ အစုရှယ်ယာရှင်များက အတည်ပြုလျှင်။

(ခ) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို အညီအမျှသော်လည်းကောင်း၊ ရွေးချယ်၍ သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဂ) အစုရှယ်ယာများအား အညီအမျှပြန်လည်ဝယ်ယူခြင်းတွင် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည် -

(၁) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းမှုသည် သာမန်အစုရှယ်ယာများနှင့်သာ သက်ဆိုင်သည်။

(၂) သာမန်အစုရှယ်ယာ ပိုင်ဆိုင်သူအားလုံးထံသို့ ၎င်းတို့၏ သာမန်အစုရှယ်ယာ အချိုးနှင့်ညီမျှသည့် အစုရှယ်ယာများကို ပြန်လည်ဝယ်ယူနိုင်စေရန် ကမ်းလှမ်းမှု ပြုလုပ်ရမည်။

(၃) သာမန်အစုရှယ်ယာ ပိုင်ဆိုင်သူအားလုံးသည် အဆိုပါကမ်းလှမ်းချက်များကို လက်ခံရရှိနိုင်သည့် အခွင့်အရေးရှိရမည်။

(၄) ထိုကမ်းလှမ်းမှုများကို လက်ခံရန်အတွက် သတ်မှတ်ပေးထားသောကာလအထိ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းဆိုင်ရာ သဘောတူညီချက်များကို ချုပ်ဆိုဆောင်ရွက်ခြင်း မပြုရ။ ၎င်းအပြင်

(၅) ကမ်းလှမ်းချက်အားလုံးတွင်ပါရှိသည့် စည်းကမ်းချက်များသည် တူညီရမည်။

(ဃ) ပုဒ်မခွဲ (ဂ) မှအပ ဤပုဒ်မအရ အစုရှယ်ယာများဝယ်ယူရာတွင် အခြားနည်းဖြင့် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းအားလုံးသည် ရွေးချယ်၍ ဝယ်ယူခြင်းဖြစ်သည်။

**အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

၁၂၁။(က) အစုရှယ်ယာများအား အညီအမျှ ပြန်လည်ဝယ်ယူခြင်းအတွက် သဘောတူညီချက်တစ်ရပ်ကို ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သော သာမန်ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည် သို့မဟုတ် အဆိုပါအတည်ပြုချက်ရရှိသည့်အခါမှ သဘောတူညီချက်ကို တရားဝင်ပြုလုပ်ရမည်။

(ခ) အစုရှယ်ယာများအား ရွေးချယ်ခြင်းဖြင့် ပြန်လည်ဝယ်ယူခြင်းအတွက် သဘောတူညီချက် တစ်ရပ်ကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် အတည်ပြုရမည် သို့မဟုတ် အတည်ပြုချက်ရရှိသည့်အခါမှ အဆိုပါအတည်ပြုချက်နှင့် အညီပြုလုပ်ရမည် -

(၁) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်သည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် အဖိုးစားနားအား လက်ခံသူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ၎င်းတို့၏တွဲဖက်လုပ်ကိုင်သူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကိုထောက်ခံ၍ ဆန္ဒမဲပေးခြင်းမပါရှိသည့်အထူးဆုံးဖြတ်ချက် ဖြစ်ရမည်။ သို့မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစုရှယ်ယာရှင်အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း။

(ဂ) ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) မှ (၃) အထိပါရှိသော သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း အတည်ပြုဖော်ပြချက်အပါအဝင် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မည်သို့ ဆန္ဒမဲပေးရန်ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သောကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသော အချက်အလက်များအားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

**ဆက်လက်ဖော်ပြပါမည်။**

## လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်

**ကျီခါး ဒီဇင်ဘာ ၁၈**

ချင်းပြည်နယ် ဖလမ်းခရိုင် ကျီခါးမြို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာ (102'x 25'x 19. 5')4 Units 2 Storeyed R.C.C Building တစ်လုံးအား ကျီခါးမြို့ အမှတ် ၂ ရပ်ကွက်အတွင်း ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဝန်ထမ်းအိမ်ရာ အဆောက်အအုံကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ စတင်လုပ်ကိုင်ဆောင်ရွက်လျက် ၂၀၁၈ ခုနှစ် မတ်လကုန်ပြီးစီးမည်ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းကို Khup Tuang Co.,Ltd. ကတာဝန်ယူ လုပ်ကိုင်ဆောင်ရွက်ပြီး ကြီးကြပ်အင်ဂျင်နီယာအဖြစ် ဦးဆွမ်ရှန်းခိုင်က ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုအခါလုပ်ငန်း၏ ၃၀ ရာခိုင်နှုန်းခန့်ပြီးစီးသွားပြီဖြစ်ပြီး ခွင့်ပြုရန်ပုံငွေမှာ ငွေကျပ် ၂၁၅ သန်းဖြစ်ကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

ကျီခါးမြို့ကို အစိုးရရုံးစိုက်ရာမြို့အဖြစ် ၂၀၀၂ ခုနှစ်က ဖွဲ့စည်းထားပြီး မြို့ပေါ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာတိုက်နှင့် ကြေးနန်းဌာန၊ ရဲစခန်း စသောဌာနများအပါအဝင် အစိုးရဌာနများစွာဖြင့် ရုံးစိုက်ထားကြောင်း၊ ယင်းဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုပြီးစီးသွားပါက အဓိကအားဖြင့် ဒေသခံမဟုတ်သော အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လာရောက်တာဝန်ထမ်းဆောင်သည့် အစိုးရဝန်ထမ်းများအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယင်းမြို့တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများမှာ ဒေသခံဝန်ထမ်းများအပြင် ကလေးမြို့၊ ဂန့်ဂေါမြို့၊ ရန်ကုန်မြို့နှင့် ပလက်ဝ စသောမြို့များမှ လာရောက် တာဝန်ထမ်းဆောင်ကြကြောင်း ကျီခါးမြို့ ပြန်/ဆက် ဦးစီးမှူး ဦးကျင်ဇာခမ်ထံမှ သိရသည်။

**ခိုဟေဆာ**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်းဖွင့်

**ပျဉ်းမနား ဒီဇင်ဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ကြီးမှူးဖွင့်လှစ်သည့် ဝန်ထမ်းများစွမ်းရည်မြှင့်သင်တန်း (၄/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) သင်တန်းကျောင်း ပျဉ်းမနားမြို့၌ ကျင်းပသည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်းမှာ ခေတ်စနစ်နှင့်အညီ စိတ်ပိုင်းဆိုင်ရာသဘောထားများ ပြောင်းလဲလာပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ ဦးစီးဌာန၏ လုပ်ငန်းများကို စွမ်းရည်မြင့်မားစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစွမ်းရည်ပြည့်ဝသော ဝန်ထမ်းများပေါ်ထွန်းလာစေရန် လေ့ကျင့်ပေးခြင်းဖြစ်သည့်အတွက် အထူးသင်ယူမှတ်သား ကြရန်နှင့် သင်တန်းသားအချင်းချင်း သိသင့်သိထိုက်သည်များကို မျှဝေအသိပေးပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်း လုပ်ငန်းများ မြန်ဆန်ထိရောက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ နေပြည်တော် စာရင်းစစ်ရုံး၊ အမျိုးသားစာကြည့်တိုက်နှင့် ပင်စင်ဦးစီးဌာနတို့မှ သင်တန်းနည်းပြများအပြင် Save the Children International၊ မြို့နယ်ပန်းချီဆရာအသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ကလည်း သက်ဆိုင်ရာ ဘာသာရပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်း ၃၀ အား ဒီဇင်ဘာ ၁၉ ရက်မှ ၂၀၁၈ ခု ဇန်နဝါရီ ၁၂ ရက်အထိ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၁၇ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B) ရုံ၌ ကျင်းပခဲ့သည်။



ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသား (၅၃-၅၇)ကီလိုတန်းတွင် ဆုရရှိသော ပထမ ဝိုင်းချစ်(မန္တလေး)၊ ဒုတိယ ကျော်ဝင်းလှိုင်(ပဲခူး)၊ ပူးတွဲတတိယ ပြည်သက်ဇော်(ကချင်)နှင့် ဇော်မင်းသွင်(မွန်)၊ (၅၇-၆၁)ကီလိုတန်းတွင်ဆုရရှိသော ပထမ မြတ်နိုးအောင်(ပဲခူး)၊ ဒုတိယ ဇော်ထက်ဦး(ရှမ်း)၊ ပူးတွဲတတိယ ချမ်းသာ(ရန်ကုန်)နှင့်မင်းမင်းခန့် (ကချင်)၊ (၆၁-၆၅) ကီလိုတန်းတွင်ဆုရရှိသော ပထမ ဇော်နိုင်ထွန်း(ရခိုင်)၊ ဒုတိယ စည်သူအောင်(ပဲခူး)၊ ပူးတွဲတတိယ ချမ်းလင်း(ရန်ကုန်)နှင့် ငြိမ်းချမ်းအောင်(ရှမ်း)၊ (၆၅-၆၉)ကီလိုတန်းတွင်ဆုရရှိသော ပထမ နိုင်ထွန်း(ရန်ကုန်)၊ ဒုတိယ ဇင်မင်းဦး(ပဲခူး)၊ ပူးတွဲတတိယ မင်းထက်(မန္တလေး)နှင့် သီဟဇော်(ရှမ်း)၊ (၆၉) ကီလိုတန်းအထက်တွင်ဆုရရှိသော ပထမ ဟိန်းဇေယျာစိုး (မန္တလေး)၊ ဒုတိယ အွမ်မင်းဟာ(ချင်း)၊ ပူးတွဲတတိယ လပြည့်ဖြိုး(ရှမ်း)နှင့် ကောင်းမြတ်ထွန်း(ကချင်) တို့အား အားကစားနှင့်ကာယပညာဦးစီးဌာန တာဝန်ရှိသူများမှ ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရ ခင်မိုးဦး(တနင်္သာရီ)နှင့် အမျိုးသားအကောင်းဆုံးဆုရ ဝိုင်းချစ်(မန္တလေး) တို့အား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးနောင်က အကောင်းဆုံးအားကစားသမားဆုတံဆိပ်ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ရွှေ ၄၊ ငွေ ၃၊ ကြေး ၄ ဖြင့် အမျိုးသမီးတံခွန်စိုက် ဆုဖလားဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရွှေ ၇၊ ငွေ ၃၊ ကြေး၂ ဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသော ပဲခူးတိုင်းဒေသကြီးအသင်း၊ ရွှေ ၉၊ ငွေ ၅၊ ကြေး ၃ ဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**မောင်မောင်ဇော်**

## ပဲမျိုးစုံနှင့် နေကြာပန်းပွင့်ရာသီ ပျားရည်ထုတ်လုပ်ငန်း လုပ်ဆောင်ရန်ပြင်ဆင်

**ကလေး ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်း ဂန့်ဂေါမြို့နယ်အတွင်းရှိ မြစ်သာမြစ်ရိုးတစ်လျှောက် နုန်းတင်စိုက်ပျိုးမြေများတွင် စိုက်ပျိုးလျက်ရှိသော ပဲမျိုးစုံနှင့် နေကြာပင်များ မကြာမီပန်းများ ပွင့်တော့မည်ဖြစ်ရာ ပန်းပွင့်ရာသီတွင် ပျားရည်ထုတ်လုပ်နိုင်ရန်အတွက် ပျားလုပ်ငန်းရှင်များမှ ပျားပုံးများချခြင်းနှင့် ပျားအုံဖွံ့ဖြိုးရေးလုပ်ဆောင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်ကျော်ဦးက ပြောသည်။

ဂန့်ဂေါမြို့နယ်နှင့် ကလေးမြို့နယ်တို့မှ မြစ်သာမြစ် နုန်းတင်စိုက်ပျိုးမြေများတွင် ပဲမျိုးစုံနှင့် နေကြာစိုက်ပျိုးရေးလုပ်ငန်းများကို မြစ်ရေကျချိန်တွင် စိုက်ပျိုးလျက်ရှိရာ ပန်းပွင့်ချိန်များတွင် ပျားရည်ထုတ်လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းနှင့် အခြားတိုင်းဒေသကြီးတို့က ပျားမွေးမြူရေးလုပ်ငန်းရှင်များမှ ကလေးမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်ရှိ စိုက်ကွင်းများသို့ ဒီဇင်ဘာ ဒုတိယပတ်မှစတင်ပြီး ရွှေ့ပြောင်းရောက်ရှိကာ ပျားရည်ထုတ်ချိန်တွင် အသင့်ဖြစ်ရန် ပြင်ဆင်ခြင်းလုပ်ငန်းများကိုလုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။

“အခုအချိန်မှာတော့ ပျားတွေကို အင်အားတိုးပွားဖို့အတွက် ပျားအုံဖွံ့ဖြိုးတိုးတက်ဖို့ကို အဓိကထားပြီး လုပ်ဆောင်နေပါတယ်၊ အဲဒီလိုပြုစုနေတုန်း ပဲမျိုးစုံနဲ့ နေကြာစိုက်ခင်းတွေ ပန်းပွင့်လာတဲ့အချိန်မှာ များများထုတ်နိုင်မှာပါ။ အခုအချိန်က ပျားအုံတွေမှာပျားအကောင်ရေတိုးပွားအောင်လုပ်နေတဲ့အချိန်ပါ၊ ထုတ်လုပ်ဖို့အသင့်ဖြစ်နေပါပြီ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းနဲ့ တခြားတိုင်းဒေသကြီးတွေက ပျားမွေးမြူရေးသမားတွေက မြစ်သာမြစ်ရိုးတစ်လျှောက်မှာ ပျားရည်ထုတ်လုပ်ဖို့အတွက် ရွှေ့ပြောင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာလ ဒုတိယပတ် လောက်ကနေစပြီး လုပ်ဆောင်ကြတာပါ၊ ဂန့်ဂေါနယ်ကနေ ကလေးမြို့နယ်အတွင်းအထိကို ဆိုရင် ဧပြီလ တတိယ ပတ်လောက်အထိ တစ်ဆင့်ပြီးတစ်ဆင့် ရွှေ့ပြောင်းလုပ်ကိုင်သွားကြမှာပါ၊ ထွက်ရှိမှုအနေနဲ့ ပျားအုံအင်အားကောင်းဖို့ရယ်၊ ပျားစာပေါ်များဖို့ရယ်၊ ရာသီဥတုကောင်းဖို့ရယ် အဲဒီအချက်သုံးချက်နဲ့ သွားပြီးကိုက်ညီမှကောင်းမှာပါ၊ အဲဒီသုံးချက် ထဲကတစ်ချက်ချက်ဖောက်ရင်တော့ ထွက်ရှိမှု လျော့နည်းနိုင်ပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်ကျော်ဦးက ပြောသည်။

ဂန့်ဂေါမြို့နယ်နှင့် ကလေးမြို့နယ် မြစ်သာမြစ်ကမ်းတစ်လျှောက်ရှိ နုန်းတင်မြေစိုက်ခင်းများတွင် စိုက်ပျိုးသော ပဲမျိုးစုံနှင့် နေကြာစိုက်ခင်းများမှ ထွက်ရှိသော ပျားရည်များကို ပြည်တွင်းပျားရည်ရောင်းဝယ်ရေး ကုမ္ပဏီများမှတစ်ဆင့် တရုတ်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## ကမ္ဘာ့အကြီးဆုံးကြယ်လိပ်ကို ပုဂံဒေသ လောကနန္ဒာ ဘေးမဲ့ဥယျာဉ်၌ လေ့လာနိုင်

**ညောင်ဦး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံမြို့သစ်ရှိ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် WCS ၏တိုင်းတာမှုအရ ကမ္ဘာ့အကြီးဆုံး ကြယ်လိပ်အဖြစ် သတ်မှတ်ထားသောလိပ်မကြီးနှင့် အခြားရှားပါးကြယ်လိပ်များကို လေ့လာနိုင်ကြောင်း သိရသည်။ အဆိုပါ ဘေးမဲ့တောတွင် ကြယ်လိပ်ပေါက်ဖွားမှုများပြားပြီး ကမ္ဘာ့ရှားပါး ကြယ်လိပ်ငါးထောင်နီးပါးရှိသည်။

အဆိုပါ ကြယ်လိပ်များမှာ ၂၀၀၁ ခုနှစ်တွင် အထီး ၄၂ ကောင်၊ အမ ၄၀ ဖြင့် စတင်မွေးမြူခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် မူရင်းဒေသ သဘာဝတောအတွင်း ဘေးမဲ့လွှတ်ပေးခဲ့သည်။ မျိုးပွားလာသည့် ၄၅ ကောင်ကျန်ရှိခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ၃၃၉ ကောင်၊ ၂၀၁၃ ခုနှစ်တွင် ၅၉၀၊ ၂၀၁၄ ခုနှစ်တွင် ၄၃၃ ကောင်၊ ၂၀၁၅ ခုနှစ်တွင် ၁၁၁၅ ကောင်၊ ၂၀၁၆ ခုနှစ်တွင် ၁၃၃၃ ကောင် မျိုးပွားပြီး အထီးအမ ၂၃၅ ကောင်ရှိသည်။

ကြယ်လိပ်များကို ဘေးမဲ့တောအတွင်း စနစ်တကျ မွေးမြူပြီး အရွယ်ရောက်လာပါက မူရင်းဒေသဖြစ်သည့် ရွှေစက်တော်တွင် ဘေးမဲ့လွှတ်ပေးလေ့ရှိသည်။ အရွယ်ရောက်ပြီး ကြယ်လိပ်များကို ၂၀၀၈ ခုနှစ်တွင် အကောင် ၅၀ လွှတ်ပေးပြီး၊ ၂၀၁၄ တွင် အကောင် ၁၅၀၊ ၂၀၁၅ ခုနှစ်တွင် အကောင် ၁၅၀ မူရင်းဒေသသို့ပြန်လွှတ်ပေးခဲ့သည်။ ပြန်လွှတ်ရာတွင် စနစ်တကျ အမှတ်အသားပြုကာ အစာရှာနိုင်သည်အထိ လေ့ကျင့်ပေးကာ ပြန်လွှတ်လေ့ရှိကြောင်း သိရသည်။

လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်တွင် ကြယ်လိပ်များကို စနစ်တကျ မွေးမြူစောင့်ရှောက်ထားပြီး ဥချိန်မှအစ စာရင်းကောက်ယူကာ ပေါက်ဖွားသည့် ခုနှစ်အလိုက်မှတ်တမ်းများ ပြုစုထားသည်။ မြန်မာ့ကြယ်လိပ် (Myanmar startor toise) သိပ္ပံအမည် (Geochelone Platynota) သည် မြန်မာနိုင်ငံ၌သာတွေ့ရှိရသော ဒေသရင်းမျိုးစိတ် (Endemic Species) ပင်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အပူပိုင်းခြောက်သွေ့သောဒေသများတွင် နေထိုင်ကျက်စားလေ့ရှိသည်။ ဒေသအလိုက် ကြယ်လိပ်၊ ဆီချိုလိပ်၊ ပင့်ကူလိပ်၊ ပန်းလိပ်၊ ရွှေလိပ်၊ နတ်လိပ် ဟုခေါ်ဆိုသော လိပ်များပင်ဖြစ်သည်။

ကြယ်လိပ်များသည် မှိုအသီးအရွက် အပွင့်တို့ကိုသာမက တီကောင်၊ ခရုတို့ကိုပါ စားသောက်လေ့ရှိသည်။ အစုံစား သတ္တဝါမျိုးပင်ဖြစ်သည်။ ကြယ်လိပ်၏ သဘာဝတွင် တစ်နှစ်အတွင်းတစ်ကြိမ်မှ လေးကြိမ်အထိ ဥ ဥလေ့ရှိသည်။ ကြယ်လိပ်များမှာ တောမီးလောင်ခြင်း၊ နေထိုင်ရာ တောများ ဆုံးရှုံးခြင်း၊ နိုင်ငံတကာရောင်းဝယ် ဖောက်ကားခြင်းများကြောင့် အရေအတွက်နည်းလာခဲ့သည်။ သို့အတွက် ကြယ်လိပ်များကိုစနစ်တကျ ကာကွယ်ထိန်းသိမ်းထားခြင်း ဖြစ်သည်။

ကြယ်လိပ်များကို ထိန်းသိမ်းထားသည့်နေရာသုံးခုရှိသည်။ ပုဂံလောကနန္ဒာ ဘေးမဲ့တောဥယျာဉ်၊ မင်းဘူး ရွှေစက်တော်နှင့် နွားထိုးကြီးမင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် ထိန်းသိမ်းထားလျက်ရှိရာ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကမ္ဘာ့အကြီးဆုံး ကြယ်လိပ်အဖြစ် သတ်မှတ်ထားသည့် ရှားပါး ကြယ်လိပ်မကြီးနှင့် အခြားသော ကြယ်လိပ်များစွာကို လေ့လာနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးမှ ပြောပြသည်။ **တိမ်တမန်**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားများ ပြုစုထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်

**သရက် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားများ ပြုစုထိန်းသိမ်းနည်းသင်တန်းကို ဒီဇင်ဘာ ဒုတိယပတ်က ခရိုင်ခန်းမ၌ ကျင်းပရာ ကျေးရွာ ၃၇ ရွာမှ သင်တန်းသား သင်တန်းသူ ၁၄၈ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဌေး၊ သင်တန်းနည်းပြ ဒေါ်သီရိခင်နှင့် သင်တန်းနည်းပြများက ငွေစာရင်းပုံစံ(၁၀) ဖြည့်သွင်းနည်း၊ စီမံကိန်းသဘောတရားများ၊ လျှောက်လွှာ၊ အတည်ပြုလွှာ၊ စာချုပ်ဖြည့်သွင်းနည်းနှင့် စီမံကိန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို သင်တန်းသားသင်တန်းသူများအား သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်နှင့် သာယာဝတီခရိုင်အတွင်းရှိ ဆည်များအား ကြည့်ရှု



**ပဲခူး ဒီဇင်ဘာ ၁၉**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့်အတူ ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ပြည်နှင့် သာယာဝတီခရိုင်အတွင်းရှိ ဆည်များအားသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရွှေဦးစွာပြည်မြို့နယ်၊ ဝက်ထီးကန်မြို့၊ လယ်ဘဲ့ကျေးရွာရှိ မြောက်နဝင်းဆည်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ဆည်ရေသောက်စနစ်နှင့်ဆည်၏သမိုင်းကြောင်းကို ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီးဝန်ကြီးချုပ်က ဒေသအကျိုး၊ တိုင်းဒေသကြီးနှင့် နိုင်ငံအကျိုးအတွက်လိုအပ်သည်များမှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် သခ်ရိုင်ကျေးရွာ ပရဟိတဘုန်းတော်ကြီးကျောင်း မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီးကျောင်းအုပ်ဆရာတော်ထံအလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်များလှူဒါန်းကာကျေးရွာနေပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကားများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်စည်းစည်းလုံးလုံးနေထိုင်ခြင်း၊ အလုပ်အကိုင်များ ကြိုးစားရှာဖွေစုဆောင်းခြင်းများပြုလုပ်ကြရန်ပြောကြားခဲ့သည်။

ယင်းနောက်သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် သခ်ရိုင်ကျေးရွာရှိ ဘော်ဘင်ရေလှောင်တမံသို့ သွားရောက်ပြီး ပတ်ဝန်းကျင်ကျေးရွာများအား ဆည်ရေသောက်ဖြန့်ဝေပေးနိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



ရထားရဲတပ်ဖွဲ့ အမှတ် ၁၂ တပ်ခွဲ၊ တပ်စု ၂၀ တိုးကြောင်ကလေး ဒုရဲအုပ်သန်းအေးဦးစီး၊ တပ်စိတ် (၁)အင်အား ခြောက်ဦးတို့သည် မြန်မာ့မီးရထားဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက တိုးကြောင်းကလေးဘူတာသို့ ဆိုက်ရောက်၊ ထွက်ခွာသည့် အမှတ် ၆ အဆန် ရန်ကုန်-အရှေ့ပိုင်းတက္ကသိုလ် လူစီးလော်ကယ် ရထားတွင် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**၁၁၈**

## မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်

**လပွတ္တာ ဒီဇင်ဘာ ၁၉**
လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေး သရုပ်ပြ လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

မီးဘေးအန္တရာယ်ကျရောက်သည့်အခါ လျင်မြန်ထိရောက်စွာ တုံ့ပြန်နိုင်ရေးအတွက် လောင်စာဆီ မီးလောင်မှု သရုပ်ပြလေ့ကျင့်ခြင်း၊ အသုံးအဆောင်ပစ္စည်းများ၊ မီးလောင်မှုသရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်သရုပ်ပြလေ့ကျင့်ခြင်းအားဖြင့် မီးဘေးအန္တရာယ်ကျရောက်သည့်အခါ လျင်မြန်ထိရောက်စွာ တုံ့ပြန်နိုင်မည်ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ဇော်**



လှည်းကူးမြို့နယ် ဖောင်ကြီးနယ်မြေရဲစခန်း မှ စခန်းမှူးရဲအုပ်နေစိုးသည် ဒီဇင်ဘာ ၁၇ ရက်က မင်းကုန်းကျေးရွာ အ. ထ. က (ခွဲ)ကျောင်း၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောရာ ကျေးရွာသူ ကျေးရွာသား ၄၀ ခန့်တက်ရောက်ခဲ့ကြသည်။

**ကြေးမုံ**

# သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းတစ်လျှောက် တရားမဝင် သစ်ခွဲသားတင် ဆိုင်ကယ်များကြောင့် သွားလာရေး အန္တရာယ်ဖြစ်ပေါ်

**ရေတာရှည် ဒီဇင်ဘာ ၁၉**
ပဲခူးရိုးမ သစ်တောကြိုးဝိုင်းအတွင်းရှိ အထက်သိုင်းနယ်၊ အောက်သိုင်းနယ်ဒေသများတွင် မှီတင်းနေထိုင်လျက်ရှိကြသူများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့်ကိစ္စရပ်များအတွက် ပဲခူးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့အား အရှေ့မှအနောက်သို့အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းဖောက်လုပ်ပေးခဲ့ပြီး ခရီးသွားလာရေးအတွက် အဆင်ပြေချောမွေ့လျက်ရှိသည်ကို တွေ့ရှိရသည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသည်နှင့်အမျှ တရားမဝင်သစ်ထုတ်လုပ်မှုများရှိလာပြီး သစ်ခွဲသားခားရွေ့တုံးများကို ဆိုင်ကယ်နောက်တွင် ကန့်လန့်ဖြတ် တင်ဆောင်ကာ ညအချိန်၊ အာရုံတက်ချိန်များတွင် မောင်းနှင်လေ့ရှိရာ အခြားသောခရီးသွားလာသူများအတွက် များစွာ အန္တရာယ်ရှိနေပြီး အဆိုပါ ဆိုင်ကယ်များကြောင့်ပင် အသက်သေဆုံးမှုများရှိခဲ့သည်။

"တရားမဝင်သစ်ထုတ်လုပ်မှုတွေကို မြို့နယ်သစ်တောဦးစီးဌာနအနေနဲ့ အဆက်မပြတ်ဖမ်းဆီးလျက်ရှိသော်လည်း လစ်ရင်လစ်သလို ထွက်နေတာ၊ အဲဒီလမ်းမှာ ခရီးသွားလာသူတွေအတော့်ကို အန္တရာယ်ရှိနေတယ်၊ တာဝန်ရှိသူတွေအနေနဲ့ စဉ်ဆက်မပြတ်စောင့်ကြည့် ဖမ်းဆီးအရေးယူစေချင်တယ်"ဟု အုတ်ဖိုကျေးရွာနေ ဒေသခံတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှု ရှိ၊ မရှိကွင်းဆင်း စစ်ဆေး

**ပလောက် ဒီဇင်ဘာ ၁၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မီးဘေး အန္တရာယ်မှ ကင်းဝေးစေရေး အတွက် ပလောက်မြို့မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသန်းဇော်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များ၊စားသောက်ဆိုင်များနှင့် မုန့်တိုက်များတွင် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက မီးဘေးကြိုတင် ကာကွယ်ရေးပစ္စည်းများ ထားရှိမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ကုန်စုံဆိုင်များ၊ စားသောက်ဆိုင်များနှင့် မုန့်တိုက်များ၌ အရေးပေါ်မီးဘေးအန္တရာယ် တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ထိန်းသိမ်းနိုင်စေရန် မိမိတို့၏ဆိုင်အနီး အလွယ်တကူအသုံးပြုနိုင်မည့်နေရာ၌ မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကတ်။ သဲပုံး၊ ရေပုံး၊ သဲထုပ်၊ ရေထုပ်များ ထားရှိမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **နိုင်ဦး(မြန်/ဆက်)**

## အခြေခံ ရှေးဦးပြုစုခြင်း သင်တန်းဆင်း

**သုံးခွ ဒီဇင်ဘာ ၁၉**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဖရုံကန်ကျေးရွာအုပ်စု စစ်ပင်ကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်း(၃/၂၀၁၇)ဆင်းပွဲကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၃ နာရီက ကျင်းပကြောင်း သိရသည်။

သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ပြီး ရှေးဦးပြုစုခြင်းသဘော တရား၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊အခြေခံအသက်ကယ် အထောက်အကူပြုနည်း၊ ပတ်တီးစည်းခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း ကြွက်သားနှင့် ရိုးဆက်ကြောများဒဏ်ရာ၊ ကြပ်အသုံးပြုပုံ၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများ တုပ်ခြင်း၊ ကိုက်ခြင်း၊ အခြေခံအထွေထွေ အရေးပေါ် အခြေအနေ၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှု၊ ဦးခေါင်းနှင့် ကျောရိုးတန်းမကြီးဒဏ်ရာ၊ သတိလစ်ခြင်းမူးမေ့ခြင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကိုက်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်းတို့ကို သင်ကြားပေးခဲ့ကြောင်း သင်တန်းတာဝန်ခံ တပ်စုမှူး ဦးလင်းနိုင်ထွန်းက ပြောသည်။

**ကြည်စိုးလွင်(သုံးခွ)**

## လွတ်လပ်ရေးနေ့အကြိုစာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

**စမ်းချောင်း ဒီဇင်ဘာ ၁၉**
ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗဟိုလမ်းပေါ်ရှိ စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက လွတ်လပ်ရေးနေ့ အကြိုစာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

စမ်းချောင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စမ်းချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ကျောင်းသား ကျောင်းသူကလေးများက ဉာဏ်စမ်းပဟေဠိမေးခွန်းများကို ဖြေကြားခဲ့ကြသည်။

လွတ်လပ်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတို့တွင် ဆုရရှိသူ အသီးသီးတို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မာလာသန်းနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးခဲ့ကြသည်။

ယခုလိုကျင်းပရခြင်းသည် ကလေးငယ်များဉာဏ်ရည်ဖွံ့ဖြိုးရေးနှင့် အသိပညာဗဟုသုတကြွယ်ဝရေးအတွက် ကျင်းပရခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူတို့အား စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ငွေက လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## သက်မွေးလုပ်ငန်း ပညာသင်တန်းနှင့် အဆင့်မြင့်စက်ချုပ် သင်တန်းဖွင့်

**ကော့သောင်း ဒီဇင်ဘာ ၁၉**
ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း၊ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် ၄၉ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် ၇၈ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၇နာရီခွဲက အဆိုပါ သင်တန်းကျောင်း ခန်းမ၌ ကျင်းပရာ ကော့သောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း တက်ရောက် သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကော့သောင်းခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းကျောင်းအုပ်၊ ဆရာမများနှင့် သင်တန်းသူ ၅၀ တက်ရောက်သည်။ အဆိုပါသင်တန်းအား ရက်သတ္တ ၁၄ ပတ်ကြာ အမျိုးသမီးများတတ်အပ်သည့် အချုပ်အလုပ်၊အချက်အပြုတ်အတတ်ပညာများအား သင်ကြားပို့ချ ပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ငယ်ရွယ်သူအမျိုးသမီးလေးများအား အသက်မွေးဝမ်းကျောင်းပညာ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကာ ဘဝရပ်တည်မှုရရှိစေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး ရည်ရွယ်ကာ နယ်စပ်ဒေသများတွင် နိုင်ငံတော်မှ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# တောအလယ် မောတယ်

ဆူးငှက်

ကျွန်တော်နေထိုင်သော မန္တလေးအောင်ပင်လယ်ကန်ပေါင်ရိုးအနီး လယ်တောအိမ်ကလေး၏ အရှေ့ဘက်ခြမ်းမှာက ခြံဝင်းကွက်များနှင့်အတူ သရက်ကုန်း ဘုန်းတော်ကြီးကျောင်းဝင်းနှင့် အောင်ပင်လယ်တောတွေ ရှိသည်။ တောင်ဘက်မှာက ခပ်စိပ်စိပ်လူနေအိမ်ဝင်းများ။ မြောက်ဘက်မှာ သပြေခြံတွေ၊ သစ်ခွခြံတွေရှိသည်။ အနောက်ဘက်မှာက ဧကကွက် အကျယ်အဝန်းရှိသည့် တောရိုင်းခြံကြီး တစ်ခြံရှိသည်။ သည်ခြံကြီးထဲမှာ ငါးကန်တွေလည်း ရှိ၏။ သရက်ပင်တွေလည်း ရှိ၏။သပြေပင်တွေလည်း ရှိ၏။ လွန်ခဲ့သော ဆယ်စုနှစ်ကျော် သည်နေရာလေးသို့ ကျွန်တော်တို့ ရောက်စအချိန်တွင် အိမ်ကလေး၏ အရှေ့ဘက်မှာ၊ တောင်ဘက်မှာတွေက အခုလို ဝင်းတွေခြံတွေ မရှိသေး။ ပိတ်စွယ်ရိုင်းပင်တွေ တောထနေသည့် ကွင်းပြင်ကြီးပဲ ဖြစ်သည်။ အိမ့်တောင်ဘက် ခေါင်းရင်းမှာလည်း ရေအိုင်တစ်အိုင်ရှိသည်။ ကြည်လင်သောရေမှာ ကြာပန်းတွေလည်း ပွင့်နေ၏။ ညနေစောင်းလျှင်ဖြင့် အနောက်ဘက် ရေကန်ကြီးတွေရှိသည့် ခြံကြီးထဲသို့ဗျိုင်းအုပ်တွေ အိပ်တန်းလာတက်သည်။ ညနေမှာအုပ်လိုက် အိပ်တန်းတက်ကြသည်။

**မင်းရှင်စော၏ အောင်ပင်လယ်**

အဲလို ခြံကြီးတွေထဲမှာသာ မဟုတ်။ ခေါင်းရင်းက ရေအိုင်ကလေးမှာလည်း ရေကြက်တစ်အုပ် ရေသောက်ဆင်းကြ၊ ရေချိုးကြသည်။ ထိုနေရာလေးမှာ မနက်လင်းလျှင် နေ့စဉ်မပြတ် ကြားနေရတာက ချိုးကူသံလေးပဲဖြစ်ပါ၏။ အောင်ပင်လယ် လမိုင်းလယ်များ၏ အမွေအနှစ်နေရာမို့ လယ်တောဘဝက လယ်ကောဖြစ်ခဲ့သော်လည်း သစ်ရိပ်ဝါးရိပ် ရေရိပ်တွေကြောင့် ကျေးငှက်သာရကာတို့၏ ပျော်ရွှင်မြူးထူး ကျက်စားရာနေရာဖြစ်သည်။ ယခုကဲ့သို့ ကျေးငှက်သာရကာတို့ မြူးထူးပျော်ရွှင်သောနေရာဖြစ်ခဲ့ခြင်းမှာလည်း ကနဦးအစကတည်းက အစဉ်အလာရှိခဲ့သည်။ပုဂံခေတ် ၅၁၃ ခုနှစ်ကတည်းက ဆိုပါတော့။ သည်နေရာသို့ ပုဂံပြည်မှ မင်းရှင်စောရောက်ရှိခဲ့၏။

ဖခမည်းတော် “သီရိတြိဘာဝနာဒိတျာပဝရပဏ္ဍိတသုဓမ္မရာဇာ”ဘွဲ့ခံ အလောင်းစည်သူမင်းကြီး၏ အမျက်တော်ရှမှုကြောင့် ပုဂံပြည်မှ “ပြည်နှင်”ဒဏ်ခံရရှာသော မင်းရှင်စောတစ်ယောက် ဆင်မြင်းဗိုလ်ပါအလုံးအရင်းနှင့် (ယခု)မန္တလေးဒေသဝန်းကျင်သို့ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ ပထမဦးစွာ မြစ်ငယ်မက္ခရာအနီး မြို့သာမြို့၊ ဒုတိယမြို့သစ်မြို့၊ တတိယ မြစ်ငယ်မြစ် တောင်ဘက်တပျက်သာမြို့ဟူသော မြို့သုံးမြို့ တည်ထောင်ခဲ့သည်။ ထို့နောက် စတုတ္ထမြို့ဖြစ်သော ပုတက်မြို့ကို တည်ထောင်ပြီး၊ အလျှားအနံ့တာထောင်စီရှိသော ကန်တိလိ(ခေါ်) အောင်ပင်လယ်ကန်ကို ဆယ်တော်မူခဲ့ခြင်း ဖြစ်သည်။ မြောင်းကြီးသုံးသွယ်၊ လယ်ပယ်သုံးသောင်း၊သီးထပ်သီးညှပ်ဖြင့် တစ်နှစ်လျှင် သုံးသီးစား စိုက်ပျိုးလုပ်ကိုင်နိုင်ခဲ့သည်။

**အောင်ပင်လယ်နှင့် ဘိုးတော်ဘုရား**

အဆိုပါ အောင်ပင်လယ်ကန်တော်ကြီးကို သက္ကရာဇ် ၁၁၅၁ ခုနယုန်လပြည့် တနင်္လာနေ့တွင် အမရပူရ နန်းစံ ဘိုးတော်ဘုရားက နောက်ပါဗိုလ်ခြေထုနှင့် ထပ်မံဆည်ဖို့ ပြင်ဆင်တော်မူပြန်၏။ ဘိုးတော်ဘုရား၏ ကောင်းမှု မဟာမုနိဘုရားကြီးအနီး၌ ယာယီစံနန်းနှင့် စံမြန်းတော်မူပြီး မင်းမိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော် ကတော်စိုးတို့နှင့်တကွ အမရပူရနေပြည်တော်မှ တစ်အိမ်တစ်ယောက်မကသော ပြည်သူများနှင့်အတူ လယ်ထွန်မင်္ဂလာ ဆင်းတော်မူ၍ ကျောက်စာများရေးထိုး စိုက်ထူခဲ့သည်ဟု မှတ်သားရသည်။

> မန္တလေးမြို့၏ အနီးဝန်းကျင်သည် ရှေးရှေး မင်း အဆက်ဆက်၏ အမြော်အမြင်ကြီးမားမှုနှင့် ရွှေမြို့တော်သားတို့၏ ယဉ်ကျေးသော လူ့ကျင့်ဝတ်တို့ လိုက်နာမှုများကြောင့် တောနှင့်တောင်နှင့်၊ ရေနှင့်ကြာနှင့်၊ ကျေးငှက်နှင့်၊ သာရကာနှင့် အံ့ချီးမခန်း ကြည်နူးသာယာသော သဘာဝ ပတ်ဝန်းကျင်ရှိခဲ့သည်မှာ သေချာ . . .
>
> ရေနှင့် ကြာနှင့်၊ ကျေးငှက်နှင့် သာရကာနှင့် ရှိနေခဲ့ခြင်းမှာလည်း ထိုဘိုးဘွားအမွေအနှစ်၏ လက်မတင်လေးမျှသော လက်ကျန်အမွေအနှစ် . . .

“အလျှားတာသုံးတောင် လယ်ပယ်သုံးသောင်း၊ မြောင်းသုံးသွယ်တို့ဖြင့် အလွန်ကြီးကျယ်သော ကန်တိလိအမည်ရှိသော အောင်ပင်လယ်ကန်တော်ကြီးသည် ဆည်ရိုကန်ပိုင်မခိုင်လို ကွင်းပျက်စီးသည်ကို ဖေလောင်တော်တို့ အရိုက်အရာမပျက် ကောင်းပလေဟု သဗ္ဗညုတဉာဏ်၏ အဆောက်အအုံကို ရည်သန်တော်မူလျက် ပြည်သူပြည်သားတို့ စီးပွားချမ်းသာဖြစ်စေလိုရယ် နှစ်သစ်အခါမှ ရက်သုံးဆယ်ရာသီမေထုန် နယုန်လပြည့် တနင်္လာနေ့ပင်တို့ ဓမ္မတာလယ်ထွန်မင်္ဂလာထွက်တော်မူရယ်”ဟူသော ကျောက်စာပါ မူရင်းသတ်ပုံစာသားများနှင့်အတူ ထူးခြားသော အပြုအမူတို့ကို ဘိုးတော်မင်းတရားကိုယ်တိုင် ပြုမူဆောင်ရွက်ခဲ့သည်ကိုလည်း ကျောက်စာ၌ ဆက်လက် ရေးထိုးထား၏။

**ရာသီဥတု သပ္ပာယဖြစ်ခြင်း**

“ဤကန်တော်အတွင်း နိမိတ်၏ လေးရပ်သတ်မှတ်သည်နှိုက် နေပျော်ပိုက်ကုန်သော ရေပိုးရေမွှားသားငှက်တိရစ္ဆာန်တို့အား ဘေးမရှိစေဟု အာဏာထားတော်မူသည်ကား” ဟူ၍တစ်မျိုး။

“ကိုးထောင်ခုနစ်ရာခြောက်ဆယ်လေးတာ အပြန်အလှန်သော နိမိတ်အတွင်း၌ နေကုန်သော ရေပိုးရေမွှားသားငှက်တိရစ္ဆာန်တို့အား ဘေးမဲ့ဖြစ်စေ”ဟူ၍ တစ်မျိုး၊ ဘိုးတော်ဘုရားကျောက်စာ၌ တိတိကျကျခိုင်ခိုင်မာမာပါရှိခဲ့သည်။ ဆိုလိုသည်က အလျှားခုနစ်မိုင်ကျော်၊ အနံသုံးမိုင်ခွဲနီးပါးရှိ အောင်ပင်လယ်ကန်တော်ကြီး နယ်နိမိတ်အတွင်း ရေပိုးရေမွှားမှအစ ကျေးငှက်၊ တိရစ္ဆာန်များအထိ ဘေးမဲ့ပေးထားခဲ့ခြင်းကို ခိုင်မာစေခဲ့ခြင်းဖြစ်၏။ ထို့ကြောင့်လည်း မင်းတုန်းမင်းကြီးက ဤအရပ် ဤနေရာ၌ ရတနာပုံနေပြည်တော်ကြီး ထူထောင်လေသောအခါ အရှေ့ဘက် အောင်ပင်လယ်ကန်၊ အနောက်ဘက် ဧရာဝတီမြစ်၊ တောင်ဘက်တောင်သမန်နှင့် ဇောင်းကလောကန်၊မြောက်ဘက် နန္ဒာကန်နှင့် မတ္တရာမြစ်တို့အကြား ရှိသောကြောင့် ရာသီဥတု သပ္ပာယဖြစ်ခြင်းနှင့်အတူ နေ့စဉ် နေဝင်နေထွက် အိပ်တန်းတက်၊ အိပ်တန်းဆင်းကြသည့် အမျိုးအမည်စုံ ကျေးငှက်သာရကာတို့ကား ရွှေမြို့တော်ကြီး ကောင်းကင်ယံအတွင်း နေပြောက်ထိုးမကျရှိခဲ့သည် ဆိုကြ၏။

ထိုအတိတ်ကို စိတ်ကူး၍မျှပင် မှန်းဆကြည့်ကြပါဘိ။ မန္တလေးမြို့၏ အနီးဝန်းကျင်သည် ရှေးရှေး မင်းအဆက်ဆက်၏ အမြော်အမြင်ကြီးမားမှုနှင့် ရွှေမြို့တော်သားတို့၏ ယဉ်ကျေးသော လူ့ကျင့်ဝတ်တို့ လိုက်နာမှုများကြောင့် တောနှင့်တောင်နှင့်၊ ရေနှင့်ကြာနှင့်၊ ကျေးငှက်နှင့်၊ သာရကာနှင့် အံ့ချီးမခန်း ကြည်နူးသာယာသော သဘာဝ ပတ်ဝန်းကျင်ရှိခဲ့သည်မှာ သေချာလှသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ကျော် ကာလကပဲ ယခု မန္တလေးနယ်နိမိတ်၏ မျဉ်းကြောင်းပေါ် မေးတင်နေသော ကျွန်တော်တို့ လယ်တောအိမ်လေးဝန်းကျင်မှာ ရေနှင့်ကြာနှင့်၊ ကျေးငှက်နှင့် သာရကာနှင့် ရှိနေခဲ့ခြင်းမှာလည်း ထိုဘိုးဘွားအမွေအနှစ်၏ လက်မတင်လေးမျှသော လက်ကျန်အမွေအနှစ် ဖြစ်ချေလိမ့်မည်။

**အစိမ်းရောင်ရပ်ဝန်းတွေ ပျောက်လု**

အောင်ပင်လယ်သည် ၁၉၀၃ ခုနှစ်ဝန်းကျင်ကတည်းက လယ်တောဖြစ်သွားပြီပဲ။ ထိုအခါ သီချင်းရေးဆရာ နန်းတော်ရှေ့ဆရာတင်က ညည်းတွားသည်။ “တကယ်တော အစစ်ကဲ့သို့ အခုတော့လယ်ကောဖြစ်လို့မို့ ကောင်းဖို့ရွယ်သော ခေတ်ကို အခုပင် မျှော်မိတယ်”တဲ့။ အခုတော့ လူနေရပ်ကွက်တွေ၊ စီမံကိန်းအဆောက်အအုံတွေ၊ ဆည်တော်ကြီး လျှပ်စစ်တာဝါ၊ ရဲရွာလျှပ်စစ်တာဝါတွေ၊ ရုံးအဆောက်အအုံသစ်တွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ အုတ်တံတိုင်းမြင့်ခတ် ပုဂ္ဂလိကပိုင် ဝင်းကြီးတွေ၊ ပေါင်းစည်းလယ်ယာတွေ ဖြစ်ကုန်ပြီ။ အရှေ့ရိုးမအစပ် နွားလဘို့တောင်၊ ဆိတ်သည်းတောင်၊ ဟသ်ာဂူစသည့် တောင်ပေါ်မှာလည်း ယခင်ကလို တောကြီးမျက်မည်း မဟုတ်တော့။ အသစ်ဖောက်လုပ်မည့် မန္တလေး-ပြင်ဦးလွင် ကားလမ်းကြောင့် ပိုင်ရှင်အသစ်တွေပြောင်းကာ ယာတော လယ်တောတို့ စုတေကြတော့မည်။


အောင်ပင်လယ်၏ အရှေ့ ဘက် တောင်တွေပေါ်က ကြည့်တော့ ရွာရိုးမြို့နယ်နိမိတ် ကလနားနေရာတွေမှာသာ တောရိပ်တောင်ရိပ်၊ သစ်ပင်သစ်တောအတုတွေသာ ရေးရေးတွေ့ရပြီး အနောက်ဘက်တစ်ကြော ကွန်ကရစ်တောကြီး ဟည်းထလို့နေချေပြီကော။ အခုတော့ အောင်ပင်လယ် တစ်ကြောက လယ်တောတွေလည်း လယ်တောမဟုတ်တော့။ မကြာမီကွန်ကရစ်တောကြီး ဖြစ်တော့မည်။ မန္တလေး၏ အသက်ရှူပေါက် အစိမ်းရောင်ရပ်ဝန်းတွေ ပျောက်လုပေါ့။

မည်သို့ဆိုစေ။ ကောင်းဖို့ရွယ်သောခေတ်ကိုတော့ ရောက်ချင်လှပါပြီ။ မောလှပေါ့။ ။

# SHINee ရဲ့ ဂျွန်ဟွန်း ကွယ်လွန်၊ သေကြောင်းကြံခဲ့ခြင်းဖြစ်



***လတ်တလောမှာတော့ တောင်ကိုရီးယားရဲ့ မီဒီယာစာမျက်နှာတွေနဲ့ ဟောလိဝုဒ်မီဒီယာစာမျက်နှာအချို့ကို လွှမ်းမိုးထားတဲ့ သတင်းတစ်ခုကတော့ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂျွန်ဟွန်း ကွယ်လွန်ခဲ့တဲ့ သတင်းဖြစ်ပါတယ်။ ဂျွန်ဟွန်းဟာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SHINee"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ကွယ်လွန်ချိန်မှာတော့ အသက် (၂၇)နှစ်သာ ရှိသေးတာဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၈ ရက်မှာ ကွယ်လွန်ခဲ့တာဖြစ်ကြောင်း သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်က ထုတ်ပြန်ပြောကြားခဲ့တဲ့စာအရ သိရပါတယ်။ ဟောလိဝုဒ်မီဒီယာတစ်ခုဖြစ်တဲ့ မစ်ရာဒေ့ါကွန်းယူကေရဲ့ ရေးသားဖော်ပြချက်အရတော့ ဂျွန်ဟွန်း သေဆုံးခဲ့ရတာဟာ ကာဗွန်မိုနောက်ဆိုက်ဒ် အဆိပ်သင့်ခဲ့တာကြောင့် ဖြစ်နိုင်ကြောင်းလည်း သိရပါတယ်။***



**နောက်ဆုံးပြုလုပ်ခဲ့တဲ့ သူ့ရဲ့တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် ဂျွန်ဟွန်း ဖျော်ဖြေနေစဉ်။**

ရဲတပ်ဖွဲ့ရဲ့ ထုတ်ပြန်ပြောကြားချက်အရ ဂျွန်ဟွန်းဟာ ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်းနဲ့ နောက်ဆက်တွဲစုံစမ်းမှုတွေကို ပြုလုပ်နေကြောင်း သိရပါတယ်။ ဂျွန်ဟွန်းကို ဂန်းနန်း ဒေသမှာရှိတဲ့ သူ့ရဲ့တိုက်ခန်းမှာ အဲဒီနေ့ ၆ နာရီခန့်မှာ သေဆုံးနေတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။ သူ့ကို ဆေးရုံကို ပို့ဆောင်ခဲ့ပေမယ့် သေဆုံးခဲ့ပြီဖြစ်ကြောင်းကိုသာ အတည်ပြုနိုင်ခဲ့တာဖြစ်ပါတယ်။ ဂန်းနန်းမှာရှိတဲ့ ဂျွန်ဟွန်းရဲ့ တိုက်ခန်းဟာ သူဝယ်ယူထားတဲ့ တိုက်ခန်းမဟုတ်ဘဲ ဒီဇင်ဘာ ၁၈ ရက် နေ့လယ်ပိုင်းကမှ သူငှားရမ်းနေထိုင်ခဲ့တဲ့ တိုက်ခန်းလည်းဖြစ်တယ်လို့ သိရပါတယ်။

ဂျွန်ဟွန်း ကွယ်လွန်ခဲ့ကြောင်းကိုတော့ သူ့ရဲ့ညီမဖြစ်သူက ရဲစခန်းကို အကြောင်းကြားခဲ့တာ ဖြစ်ပါတယ်။ ဂျွန်ဟွန်းရဲ့ ညီမဖြစ်သူဟာ သူ့ဆီက မက်ဆေ့ တစ်စောင်ကို ဒီဇင်ဘာ ၁၈ ရက် ညနေ ၄ နာရီ ၄၂ မိနစ် မှာ လက်ခံရရှိခဲ့ပြီး အဲဒီစာအရ သူဟာသေကြောင်း ကြံစည်ခဲ့ကြောင်း သိခဲ့ရတာကြောင့် ရဲကိုအကြောင်းကြားခဲ့တာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ဂျွန်ဟွန်းဟာ မကွယ်လွန်မီမှာ သူ့ရဲ့အရင်းနှီးဆုံး သူငယ်ချင်းတစ်ဦးဖြစ်တဲ့ "Dear Cloud" တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ နိုင်းဆီကို နှုတ်ဆက်စာအရှည်ကြီးတစ်စောင်ကို ရေးသားပေးပို့ခဲ့ပြီး အဲဒီ စာမှာ သူဟာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ကြောင်း ရေးသားဖော်ပြခဲ့တာလည်း တွေ့ရပါတယ်။ ထိုစာကို အများရှေ့မှာ ထုတ်ဖော်ပြသကာ သူ့ရဲ့ပရိသတ်တွေကို နောက်ဆုံးနှုတ်ဆက်ချင်တဲ့ ဂျွန်ဟွန်းရဲ့ ဆန္ဒအရ မိသားစုဝင်တွေရဲ့ ခွင့်ပြုချက်ကို ရယူကာ နိုင်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပြန်လည်ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ယင်းစာမှာတော့ ဂျွန်ဟွန်းက စိတ်ဓာတ်ကျတဲ့ ခံစားချက်တွေကို ထုတ်ဖော်ပြောကြားခဲ့ပြီး သူ့ရဲ့ဘဝဟာ အလွန်ကို အထီးကျန်ကာ သူ့ရဲ့ဘဝအတွက် အလွန်ကို နာကျင်ခံစားမိနေကြောင်း၊ သူ့ရဲ့ခံစားချက်တွေကို အများကို သိစေချင်ပေမယ့် သူ့ကို စာနာနားလည်ပေးနိုင်တဲ့သူ မရှိကြောင်း၊ သူဟာ ပတ်ဝန်းကျင်ကို အကြိမ်ကြိမ်ပြန်ကြည့်ခဲ့ပေမယ့် သူကလွဲလို့ ဘယ်သူမှရှိနေတာကိုမတွေ့ရကြောင်း စသည်ဖြင့် သူ့ရဲ့နာကျင်ခံစားခဲ့ရတဲ့ အကြောင်းတွေကို ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် သူက နောက်ဆုံးအချိန်အထိ ရှင်သန်နေခဲ့ရတဲ့ အကြောင်းကတော့ သူဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ဖို့ စဉ်းစားရတာ၊ ထုတ်ဖော်ပြောကြားရတာ လွယ်ကူပေမယ့် တကယ်လက်တွေ့ရင်ဆိုင်ရာမှာတော့ ခက်ခဲလွန်းတာကြောင့် ဆက်လက်ရှင်သန်နေခဲ့တာဖြစ်ကြောင်းနဲ့ နောက်ဆုံးမှာတော့ သူဟာ ရှင်သန်ရတာ ပင်ပန်းလွန်းလှတာကြောင့် အဝေးကို ထွက်ပြေးဖို့ ဆုံးဖြတ်ခဲ့ကြောင်း ထည့်သွင်းရေးသားထားတာကိုလည်း တွေ့ရပါတယ်။ ဆက်လက်ပြီး သူက ဘဝမှာ တကယ့်ကို အလုပ်ကြိုးစားခဲ့သူတစ်ဦးဖြစ်ပြီး အောင်မြင်ကျော်ကြားမှုတွေအားလုံးဟာ သူ့ရဲ့ ဘဝအစစ်အမှန်မဟုတ်ကြောင်းနဲ့ သူကွယ်လွန်ခဲ့တဲ့သတင်းကြောင့် ပရိသတ်တွေအနေနဲ့ မပြုံးမရယ်နိုင်ဖြစ်ရမယ်ဆိုပါက သူ့ကို အပြစ်မတင်စေလိုကြောင်းလည်း ရေးသားဖော်ပြခဲ့ပါတယ်။

ဂျွန်ဟွန်း မကွယ်လွန်မီ နောက်ဆုံးဖော်ပြခဲ့တဲ့ သူ့ရဲ့ အင်စတာဂရမ်ပို့စ်တစ်ခုဟာလည်း သူ့ရဲ့ဝမ်းနည်းနာကျင်နေတဲ့ စိတ်ကို လှစ်ဟပြနေတာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဂျွန်ဟွန်းက "Dear Cloud" တေးဂီတအဖွဲ့ရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Beside You" မှ စာသားအချို့ကို ဖုန်းကနေတစ်ဆင့် ဓာတ်ပုံအဖြစ် ရိုက်ယူကာ သူ့ရဲ့ဓာတ်ပုံတစ်ပုံနဲ့အတူ တွဲဖက်ဖော်ပြခဲ့ပြီး သီချင်းစာသားတွေကိုတော့ အနက်ရောင်အောက်ခံပေါ်မှာ ဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။ ယင်းဓာတ်ပုံရဲ့ အောက်ခြေမှာတော့ ဂျွန်ဟွန်းက "မင်း မနာကျင်ပါစေနဲ့လို့ ငါဆုတောင်းပါတယ်"လို့လည်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

တောင်ကိုရီးယားရဲ့ လက်ရှိမှာ အအောင်မြင်ဆုံးဖြစ်နေတဲ့ အမျိုးသားတေးဂီတအဖွဲ့တွေအနက် တစ်ဖွဲ့မှ အဖွဲ့ဝင်တစ်ဦး ယခုလို ရုတ်တရက်ကွယ်လွန်သွားခဲ့ရတဲ့ သတင်းကို ကမ္ဘာတစ်ဝန်းက အသံလွှင့်သတင်းဌာနကြီးတွေ ဖြစ်ကြတဲ့ ဘီဘီစီ အမေရိကန်၊ သည်ဘရိုင်ယတီ၊ ယူအက်ဒေးလီး၊ သည်ဆန်းစတဲ့ ဌာနတွေကလည်း ချက်ချင်း ဆိုသလို ထုတ်ပြန်ကြေညာပေးခဲ့တာကိုလည်း တွေ့ရပါ တယ်။

ဂျွန်ဟွန်း ကွယ်လွန်တဲ့သတင်းဟာ သူ့ရဲ့ပရိသတ်တွေအတွက်သာမက အေဂျင်စီနဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေကိုပါ အလွန်ကို အံ့အားသင့်စေခဲ့တာ ဖြစ်ပါတယ်။ သူဟာ မကွယ်လွန်မီရက်အနည်းငယ်က သူ့ရဲ့တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး သူပါဝင်ထားတဲ့ ဇာတ်လမ်းတွဲတစ်ခုအတွက်လည်း ရိုက်ကူးရေးတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် သူ့ရဲ့ တေးသီချင်းသစ်အတွက် တေးဗီဒီယိုကိုလည်း ရိုက်ကူးခဲ့တာဖြစ်ပြီး ရိုက်ကွင်းမှာတော့ သူ့ကို သေကြောင်းကြံစည်ရလောက်တဲ့အထိ နာကျင်ခံစားနေရတယ်လို့ မထင်မိဘူးလို့လည်း ရင်းနှီးတဲ့အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အေဂျင်စီရဲ့ ကေပေ့ါပ်တေးသံရှင်တစ်ဦး ရုတ်တရက်ဆုံးရှုံးခဲ့ရတာနဲ့ပတ်သက်ပြီး အက်စ်အမ်အန်တာတိန်းမန့်ကလည်း ဝမ်းနည်းကြောင်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ အဆိုပါအေဂျင်စီက ဂျွန်ဟွန်းကို အဆုံးထိ ချစ်ခင်ပေးခဲ့ကြတဲ့ ပရိသတ်တွေအတွက် သူ့ကို နောက်ဆုံးတွေ့ဆုံနှုတ်ဆက်နိုင်ဖို့ရာ စီစဉ်ထားကြောင်းနဲ့ ဒီဇင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီကစတင်ပြီး ဂျွန်ဟွန်းကို ဆိုးလ်အာရှဆေးပညာဆိုင်ရာစင်တာမှာ လာရောက်တွေ့ဆုံနှုတ်ဆက်နိုင်ကြောင်းလည်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒါ့အပြင် အေဂျင်စီတစ်ခုတည်းအောက်မှာ လှုပ်ရှားခဲ့ကြတဲ့ အခြားသော ကေပေ့ါပ်ကြယ်ပွင့်တွေကလည်း လတ်တလောမှာ ပြုလုပ်နေတဲ့ သူတို့ရဲ့ အနုပညာလှုပ်ရှားမှုတွေကို ချန်ထားကာ ဂျွန်ဟွန်းကို နှုတ်ဆက်ဖို့ရာ တောင်ကိုရီးယားကို အရောက်ပြန်လာနေပြီဖြစ်ကြောင်းလည်း သိရပါတယ်။ "Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တေးယွန်ကလည်း လက်ရှိမှာပြုလုပ်နေတဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံကာ အမှတ်တရလက်မှတ်ထိုးပွဲကို ဖျက်သိမ်းခဲ့ပါတယ်။ "SHINee"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ကီးကလည်း ပေါ်တူဂီမှာ ဓာတ်ပုံသွားရောက်ရိုက်ကူးနေရာကနေ ကိုရီးယားကိုပြန်လာနေပြီဖြစ်ကာ ကန်တ၊ ဂျေဟွန်းနဲ့ ဂျွန်နီတို့ကလည်း သူတို့ရဲ့ ရိုက်ကူးရေးတွေကို ဖျက်ခဲ့ကြတယ်လို့ သိရပါတယ်။ "EXO" တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ စူဟိုနဲ့ "f(x)"ရဲ့ အဖွဲ့ဝင် လူနာတို့ကလည်း သူတို့ရဲ့ တေးဂီတနဲ့ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး ဒီလိုပျက်ခဲ့ရတဲ့အကြောင်းကတော့ ဂျွန်ဟွန်းရဲ့ အသုဘကြောင့်ဖြစ်တယ်လို့လည်း တောင်ကိုရီးယား မီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့ပါတယ်။

ဂျွန်ဟွန်း ကွယ်လွန်ပြီး နောက်နေ့မှာတော့ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်တွေဖြစ်ကြတဲ့ "End of a Day"၊ "Lonely" နဲ့ "Let Me Out" စတဲ့ တေးသီချင်းတွေဟာ ဒေသတွင်းက တေးဂီတဇယားတွေကို ထိပ်ဆုံးကနေ ဦးဆောင်နေတာကိုလည်း တွေ့ရပါတယ်။ သူကွယ်လွန်ခဲ့တဲ့ သတင်းကြောင့် ပရိသတ်တွေက သူ့ရဲ့တေးသီချင်းတွေကို နားဆင်ခဲ့ကြပြီး သူ့ရဲ့သီချင်းထဲမှာ ပရိသတ်တွေကို ပြောပြချင်တဲ့စကားလုံး ပါနေမလားရယ်လို့လည်း ပရိသတ်တွေက အထူးဂရုစိုက် နားထောင်ခဲ့ကြကြောင်းလည်း အောကေပေ့ါပ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

**အေးပြည့်**
**စုစည်းသည်**



**SHINee တေးဂီတအဖွဲ့ကို ၂၀၁၀ ခုနှစ်က တွေ့ရစဉ်။**



သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ "Justice League" ရဲ့ ဇာတ်ဆောင်မင်းသား ဘန်အက်ဖ်လက်ခ်ဟာ လတ်တလောမှာတော့ အရက်ဖြတ်နေတာဖြစ်ပြီး ကုသမှုတွေကို ဆက်လက်ခံယူနေတာဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုအရက်ဖြတ်ရတာဟာ မိသားစုတွေနဲ့သာ အချိန်တွေကို ကုန်ဆုံးလိုတာကြောင့် ဖြစ်တယ်လို့လည်း သိရပါတယ်။ ယခုနှစ် မတ်လအတွင်းမှာ ဘန်အက်ဖ်လက်ခ်ဟာ မူးယစ်ဆေးနဲ့ အရက်စွဲနေတာကို ဖြတ်တောက်ဖို့ ကြိုးပမ်းနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးပြီး မကြာမီမှာပဲ ကုသမှုခံယူတာတွေပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ဖူးပါတယ်။ အရက်ဖြတ်တာနဲ့ပတ်သက်ပြီး လတ်တလော ထုတ်ဖော်ပြောကြားခဲ့တာဟာ ဒုတိယအကြိမ်မြောက်လည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ကျေးလက်ရိုးရာတေးဂီတတွေကို နှစ်သက်စွာ သီဆိုလေ့ရှိတဲ့ ကန်းထရီးတေးသံရှင် လုခ်ဘရိုင်ယန်ရဲ့ တေးအယ်လ်ဘမ်သစ် "What Makes You Country" ဟာ ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေတာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ဒီတေးအယ်လ်ဘမ်ကိုတော့ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၈ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး လုခ်ရဲ့ ခြောက်ခုမြောက် စတီရီယိုတေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီတေးအယ်လ်ဘမ်သစ်ဟာ လုခ်ကို ဘေဘုတ်ရဲ့ နံပါတ်တစ်နေရာကို လေးကြိမ်မြောက် ရပ်တည်ခွင့်ရစေခဲ့တဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်တယ်လို့ သိရပါတယ်။



## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်လှစ်

**မင်းကင်း ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် မီးသတ်ဦးစီးဌာနမှကြီးမှူး ဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မင်းကင်းမြို့နယ် မီးသတ်တပ်ဖွဲ့ရုံး၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးချမ်းမြေ့လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ဟိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကာလ ခုနစ်ရက်တာကြာမြင့်မည့် အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက် ကြသည်။

သင်တန်းဖွင့်လှစ်ပို့ချခြင်းအားဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေး၊ မီးဘေးအန္တရာယ်ကျရောက်ပါကလည်း တားဆီးကာကွယ်ငြိမ်းသတ်ရေးစသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုသွားမည်ဖြစ်ကြောင်း သင်တန်းနည်းပြဆရာတစ်ဦးထံမှ သိရသည်။ **ချင်းတွင်းသား**




## အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**ပုလဲ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၃၇) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်( ၃၃ ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီ ၃၀ မိနစ်က ကျင်းပခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးဝင်းကျော်သွင်က ပုလဲမြို့၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသူများကလည်း အိမ်တွင်းမှုပညာရပ်များ၊ စက်ချုပ်ပညာရပ်များကို အမှန်တကယ်ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူကြပြီး မိသားစုများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြဖို့လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကျောင်းအုပ် ဒေါ်ခင်စန်းဝင်းက အခြေခံ အိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၃၇) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၃၃) သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးဝင်းကျော်သွင်၊ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၄၅ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၅ ဦး စုစုပေါင်း သင်တန်းသူ ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

## အာခါတိုင်းရင်းသားရိုးရာ ခါးထောင်းဖားပွဲတော်ကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့တွင် ဒသမအကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ ခါးထောင်းဖား (ခေါ်) စုပေါင်းနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ရှမ်းရိုးမကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ အာခါတိုင်းရင်းသားရိုးရာ ခါးထောင်းဖားပွဲတော်အား တိုင်းမှူး၊ ပြည်နယ်ဝန်ကြီး နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက နှစ်သစ်ဂုဏ်ပြုအမှာစကားပြောကြားကာ အာခါတိုင်းရင်းသားရိုးရာထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးမင်းညိုက နှစ်သစ်ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းဆတ်မြို့တို့မှ အာခါတိုင်းရင်းသား လူငယ်၊ မောင်မယ်များက အာခါရိုးရာအက၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကာ ဧည့်သည်တော်များအား မိတ်ဆုံစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အာခါတိုင်းရင်းသားများ၏ ရိုးရာပွဲတော်များအနက်မှ ခါးထောင်းဖား (ခ) စုပေါင်းနှစ်သစ်ကူး ပွဲတော်ကို ကိုးကွယ်ယုံကြည်မှု၊ စာပေယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ဝတ်စားဆင်ယင်မှုများ မြတ်နိုးလေးစားဂုဏ်ယူ ထိန်းသိမ်းတတ်စေရန်၊ အနယ်နယ်အရပ်ရပ်ရှိ အာခါတိုင်းရင်းသားများ ပြန်လည်ဆုံတွေ့နိုင်ရန် ရည်ရွယ်၍ ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာကျင်းပရာ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့ရှိ အာခါတိုင်းရင်းသားများ စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ တက်ရောက်ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ပွဲတော်သို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်အေး၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အာခါတိုင်းရင်းသားများ တက်ရောက်သည်။

**ဝေယံလင်း(တာချီလိတ်)**

## မြို့နယ်ပေါင်းစုံ အသက် ၂၂ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၂၀၁၇ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ကွမ်းခြံကုန်းမြို့နယ်အသင်းနှင့် လှိုင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် ဒုတိယပိုင်းအပြီး ဂိုးမရရှိခဲ့သဖြင့် အချိန်ပိုကစားခဲ့ကြရာ ဂိုးမသွင်းနိုင်ကြဘဲ ပင်နယ်တီအဆုံးအဖြတ်အဖြစ် ကန်သွင်းကြရာ လှိုင်မြို့နယ်အသင်းက ငါးဂိုး၊ ကွမ်းခြံကုန်းမြို့နယ်အသင်းက ခြောက်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ညွှန်ကြားရေးမှူးကျောင်းအုပ်ကြီး ဦးစိုးအောင်က တတိယဆုရရှိသွားသော သန်လျင်မြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့်အတူ ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်ချီးမြှင့်ပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်က ဒုတိယဆုရရှိသွားသော လှိုင်မြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့်အတူ ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက နေရာအလိုက် အကောင်းဆုံးဆုရရှိကြသော အကောင်းဆုံးရှေ့တန်းဆုရ သန်လျင်မြို့နယ်မှ ကျောနံပါတ်(၉) လှိုင်မင်းကျော်၊ အကောင်းဆုံးအလယ်တန်းဆုရ ကွမ်းခြံကုန်းမြို့နယ်အသင်းမှ ကျောနံပါတ်(၁၁) နေမျိုးသူရကျော်၊ အကောင်းဆုံးနောက်တန်းဆုရ လှိုင်မြို့နယ်အသင်းမှ ကျောနံပါတ်(၅) စိုးလှဝင်းနှင့် အကောင်းဆုံးဂိုးသမားဆုရ ကွမ်းခြံကုန်းမြို့နယ်မှ ကျောနံပါတ်




(၁၈) ဟိန်းသော်တို့အား ဆုတံဆိပ်နှင့်အတူ ငွေကျပ် ငါးသောင်းစီတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကို လှိုင်မြို့နယ်အသင်းမှ ကျောနံပါတ်(၇) ကျော်နန္ဒအား ဆုတံဆိပ်နှင့်အတူ ငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်တို့က ပထမဆုရရှိသော ကွမ်းခြံကုန်းမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆင့်ပွားဖလားနှင့် ငွေကျပ်သိန်း ၃၀ ပေးအပ်ချီးမြှင့်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက ပထမဆုရရှိသွားသော ကွမ်းခြံကုန်းမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## တောင်သူများအား အထောက်အကူပြုမည့် ဆွာချောင်းရေလှောင်တမံ

**ပဲခူး ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ရာသီအလိုက် သီးထပ်သီးညှပ်စပါးများစိုက်ပျိုးနိုင်ရန် ဆည်တာတမံများစွာ တည်ဆောက်ပေးခဲ့ပြီး အဆိုပါဆည်တာတမံများ၏ ရေပေးဝေမှုဖြင့် စိုက်ပျိုးသီးနှံများအောင်မြင်ဖြစ်ထွန်းကာ ကျေးလက်ဒေသနေ တောင်သူများအတွက် လူမှုစီးပွားဘဝများစွာပြောင်းလဲတိုးတက်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာချောင်းရေလှောင်တမံအား ရန်ကုန်-မန္တလေးကားလမ်းဟောင်း အနောက်ဘက် ၇ မိုင်အကွာ သိုင်းဝကျေးရွာအုပ်စု ဥယျာဉ်မှူးကျေးရွာအနီး၌ ၂၀၀၄ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့ပြီး ပင်မရေပေးမြောင်းမကြီးအရှည် ၁၆ ဒသမ ၆၇ မိုင်၊ လက်တံမြောင်း အလျား ၄၁ ဒသမ ၉၄ မိုင်ရှည်လျားကာ နှစ်စဉ်နွေစပါးစိုက်ပျိုးရန် ဇန်နဝါရီ ၁ ရက်မှစ၍ ရေပေးဝေပြီး မေလကုန် အောင်ရေရရှိသည်အထိ ရေပေးလျက်ရှိသည်။

ကန်ရေပြည့်သိုလှောင်နိုင်သည့် ပမာဏ ၂၁၆၃၅၀ ဧကပေရှိပြီး တောင်သူများ၏ စိုက်ပျိုးဧကပေါင်း ၂၂၃၁၉ ဧကအား စိုက်ပျိုးရေလုံလောက်စွာ ရေပေးနိုင်သည်ကို တွေ့ရှိရသည်။ နိုင်ငံတော်၏ ရေရှည်ရည်မှန်းချက်ဖြစ်သော ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် ကျေးလက်ဒေသများတွင်နေထိုင်ကြသည့် ၇၀ ရာခိုင်နှုန်းသော တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်သီးစားစနစ်မှ သီးထပ်သီးညှပ်စပါးများ စိုက်ပျိုးနိုင်ခြင်းဖြင့် ဝင်ငွေကောင်းမွန်ကာ လူနေမှုအဆင့်အတန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ များစွာ ပြောင်းလဲခဲ့ပြီးဖြစ်သည်။

ထို့အတူ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် စက်ကိရိယာများအား အတိုးမဲ့အရစ်ကျရောင်းချပေးခြင်း၊ ကျေးလက်လမ်းတံတား၊ ရေရရှိရေး၊ လျှပ်စစ်မီးလင်းရေးအစရှိသည့်ကဏ္ဍများတွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနများမှ နှစ်စဉ်စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်မှာ အတော်ပင်ခရီးပေါက်နေပြီဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနများအနေဖြင့်လည်း ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးကြသည့် တောင်သူများအား ထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ရောဂါပိုးမွှားအန္တရာယ် အသိပညာများပေးခြင်းအပြင် စိုက်ပျိုးနည်းစနစ်များပံ့ပိုးမှုအားကောင်းလာခြင်းတို့မှာလည်း တောင်သူများအတွက် အထောက်အပံ့ကောင်းများပင်ဖြစ်သည်။ တောင်သူအကျိုးစီးပွားမြင့်မားလာအောင် အဘက်ဘက်မှ ပံ့ပိုးမှုများအားကောင်းနေချိန်တွင်ရရှိသည့် အခွင့်အရေးကို အကျိုးရှိစွာအသုံးချခြင်းဖြင့် မကြာတော့သည့်အနာဂတ်၌ မြေကြီးကရွှေသီးနိုင်ကြမည်ဖြစ်သည်။ **ကိုလွင်(ဆွာ)**

## မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ခင်ဦး ဒီဇင်ဘာ ၁၉**

မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဈေးမီးလောင်မှု ဖြစ်ပွားပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရန် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ စည်ပင်သာယာမြို့မဈေးတွင် ဒီဇင်ဘာ ၁၈ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် မီးငြိမ်းသတ်ယာဉ် သုံးစီး၊ စည်ပင်သာယာ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် မော်နီတာဖြင့် ရေထိုးပက်ခြင်း၊ တစ်ပိုက် တစ်တန်း ရေထိုးပက်ခြင်းတို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးပိုင် ဦးဆောင်ပြီး သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် သရုပ်ပြလေ့ကျင့်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဒုတိယရဲအုပ် မင်းမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဒေါ်ကေသွယ်မြမြဦးနှင့် အဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများက ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး အဆိုပါအဖွဲ့သည် ဈေးအတွင်းရှိ မီးသတ်ရေပိုက်ခေါင်းများ၊ မီးသတ်ရေစင်နှင့်ဈေးအတွင်းမီးအသုံးပြုသော ဈေးဆိုင်များကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# တစ်ပတ်အတွင်း အားကစားသတင်း

## တစ်ပတ်လုပ်ခလစာ ပေါင်နှစ်သိန်းနဲ့ ခြောက်နှစ် စာချုပ်သစ်ချုပ်မယ့် ဒီဘရိုင်း

အခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမားတစ်ဦးလို့ဆိုလိုက်ရင် ငြင်းဖွယ်ရာမရှိတဲ့ မန်စီးတီးတိုက်စစ်မှူး ဒီဘရိုင်းဟာ တစ်ပတ်လုပ်ခလစာ ပေါင်နှစ်သိန်းနဲ့ ခြောက်နှစ်သက်တမ်းရှိစာချုပ်သစ် တစ်ရပ်ကို ချုပ်ဆိုဖို့နီးစပ်နေပြီဆိုတဲ့သတင်းတွေ ထွက်ပေါ်လျက်ရှိနေပါတယ်။ လက်ရှိမှာ တိုက်စစ်မှူး ဒီဘရိုင်းအနေနဲ့ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးခြောက်ဂိုးသွင်းယူထားကာ ဂိုးဖန်တီးပေးနိုင်မှု ရှစ်ကြိမ်အထိပြုလုပ်ပေးထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာလည်း ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ ရမှတ် ၅၂ မှတ်နဲ့ ထိပ်ဆုံးကနေဦးဆောင်နေပြီး ဒုတိယနေရာက မန်ယူအသင်းကို ၁၁ မှတ်ဖြတ်ထားနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူး ဒီဘရိုင်းဟာ ၂၀၁၅ ခုနှစ်အတွင်းက ဂျာမနီမြေကို စွန့်ခွာပြီး ဂျာမနီကလပ် ဝုလ်ဖ်ဘတ် အသင်းကနေ မန်စီးတီးအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၅၅ သန်းနဲ့ ရောက်ရှိလာခဲ့သူဖြစ်ပါတယ်။ ဒီဘရိုင်းရဲ့ လက်ရှိစာချုပ်သက်တမ်းက လေးနှစ်ကျန်နေသေးပေမယ့် သူ့ရဲ့စွမ်းဆောင်ရည်ကောင်းတွေ ပြသနိုင်တဲ့ခြေစွမ်းတွေ ကြောင့် မန်စီးတီးအသင်းက စာချုပ်သစ်ထပ်မံချုပ်ဆိုဖို့ ကမ်းလှမ်းခဲ့တာလည်းဖြစ်ပါတယ်။ ဒီဘရိုင်းဟာ လက်ရှိမှာ တစ်ပတ်လုပ်ခလစာပေါင် ၁၁၅၀၀၀ နဲ့တူညီတဲ့ အခြေခံလုပ်ခလစာ တစ်နှစ်ကို ပေါင် ခြောက်သန်းရရှိနေပြီး သူ့ရဲ့ အပိုဝင်ငွေဟာဆိုရင်လည်း ပေါင် ၃ ဒသမ ၅ သန်းအထိရှိနေပါတယ်။ မန်စီးတီးအသင်းနဲ့ ဒီဘရိုင်းတို့ရဲ့ စာချုပ်သစ်ချုပ်ဆိုမှုကို လာမယ့်ဇန်နဝါရီလအတွင်း ချုပ်ဆိုဖို့ရှိနေပြီး အဲဒီစာချုပ်ချုပ်ဆိုဖြစ်ခဲ့မယ်ဆိုရင် ဒီဘရိုင်းရဲ့ တစ်ပတ်လုပ်ခလစာဟာ ပေါင်နှစ်သိန်းအထက်ဖြစ်လာဖွယ်ရှိနေ တယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေ ပါတယ်။ မန်စီးတီးအသင်းဟာ ဒီဘရိုင်းကို စာချုပ်သစ် ချုပ်ဆိုဖို့ပြင်ဆင်နေတဲ့အပြင် ဂတ်ဘရီးဂျီးဆပ်နဲ့ ဖာနန်ဒင်ဟိုတို့ကိုလည်း စာချုပ်သစ်ချုပ်ဆိုဖို့ရှိနေပြီး ဖာနန်ဒင်ဟိုရဲ့ စာချုပ်သက်တမ်းဟာ ရာသီကုန်မှာကုန်ဆုံးတော့မှာဖြစ်ပေမယ့် ဂျီးဆပ်ရဲ့စာချုပ်သက်တမ်းကတော့ လေးနှစ်ကျန်ရှိနေပါသေးတယ်။

## လက်ကျန်ပွဲစဉ်တိုင်း နီးပါး အနိုင်ရမယ့်အခွင့်အရေး မန်ယူရရှိနိုင်ပါ့မလား

မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ လင်းဂတ်ကတော့ လက်ရှိမှာ မန်ယူအသင်းအနေနဲ့ အမှတ်ပေးဇယားရဲ့ အဆင့်(၂)နေရာမှာ ရပ်တည်နေပေမယ့် အရင်နှစ်တွေကလို အဆင့် (၁) နေရာကို ရရှိနိုင်လိမ့်မယ်လို့ ပြောခဲ့ပါတယ်။ မန်ယူအသင်းဟာ ပရီမီယာလိဂ် ၁၈ ပွဲကစားအပြီးမှာတော့ ၁၃ ပွဲအနိုင်ရရှိခဲ့ပြီး ရမှတ် ၄၁ မှတ်နဲ့ အဆင့်(၂)နေရာမှာ ရပ်တည်နေပြီး ဇယားထိပ်က မြို့ခံပြိုင်ဘက်မန်စီးတီးအသင်းနဲ့ ၁၁ မှတ်ကွာဟနေပါတယ်။ မန်စီးတီးအသင်းကတော့ ပရီမီယာလိဂ် ၁၈ ပွဲကစားအပြီးမှာ ၁၆ ပွဲအထိ အနိုင်ရရှိခဲ့ပြီး ပရီမီယာလိဂ်ရဲ့ ဒီရာသီအကောင်းဆုံးအသင်းအဖြစ် သတ်မှတ်ခြင်းခံထားရပါတယ်။ ဒါပေမယ့် မန်ယူကစားသမား လင်းဂတ်ကတော့ မန်ယူအသင်းဟာ လက်ကျန်ပွဲစဉ်တိုင်းနီးပါး အနိုင်ရမယ့်အခွင့်အရေးရှိနေသေးတယ်လို့ ဆိုလာပါတယ်။

မန်ယူအသင်းဟာ ဂိုးကွာခြားချက် +၂၇ နဲ့ လက်ရှိအမှတ်ပေးဇယား အဆင့်(၂)နေရာမှာ ရပ်တည်နေတာဖြစ်ပေမယ့် ပရီမီယာလိဂ်သမိုင်းကို ပြန်ကြည့်ရင် ပရီမီယာလိဂ် ၂၅ ရာသီမှာ ၁၂ ရာသီအထိ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ခဲ့တာဖြစ်တဲ့အတွက် လင်းဂတ်အနေနဲ့ အခုလိုပြောလိုက်တာဖြစ်ပါတယ်။ လင်းဂတ်ဟာ အခုနှစ်ဘောလုံးရာသီမှာ မန်ယူအသင်းအတွက် သွင်းဂိုးခုနစ်ဂိုးအထိသွင်းယူထားပြီး မန်ယူ အသင်းရဲ့ အရေးပါ တဲ့ကစားသမားတစ်ဦးအဖြစ်ရှိနေပါတယ်။ လက်ရှိမှာ တိုက်စစ်မှူး လူကာကူနဲ့အတူ အတွဲအဖက် အချိတ်အဆက် မိမိနဲ့ ကစားထားနိုင်ခဲ့ပြီး မန်ယူအသင်းက ဝက်စ်ဘရွန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာလည်း လင်းဂတ်အနေနဲ့ တစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့ပါတယ်။

## လာလီဂါရဲ့အကောင်းဆုံးဆုနှစ်ဆုကို ရရှိလိုက်တဲ့ မက်ဆီ

ဘာစီလိုနာအသင်းရဲ့ ဘောလုံးမှော်ပညာရှင်တစ်ဦးအဖြစ် နာမည်ကျော်နေတဲ့ လီယွန်နယ်မက်ဆီဟာ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ လာလီဂါပြိုင်ပွဲမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အကောင်းဆုံးဆုနှစ်ဆုကို တစ်ပြိုင်တည်းဆွတ်ခူးနိုင်ခဲ့ပါတယ်။ အဲဒီဆုနှစ်ဆုကတော့ စပိန်နိုင်ငံသတင်းစာ မာကာက လာလီဂါရာသီတိုင်း ထိပ်တန်းဂိုးသွင်းရှင်ကို ပေးအပ်ချီးမြှင့်တဲ့ Pichichi ဆုနဲ့ လာလီဂါရဲ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ Alfredo Di Stefano ဆုတို့ပဲဖြစ်ပါတယ်။ Pichichi ဆုကို ၁၉၅၂-၅၃ ဘောလုံးရာသီ ကတည်းက ပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပြီး Alfredo Di Stefano ဆုကိုတော့ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီက စတင်ပြီး ပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ အဲဒီဆုနှစ်ဆုကို တိုက်စစ်မှူးမက်ဆီက ရရှိခဲ့တာဖြစ်ပြီး အခုတစ်ကြိမ်ရရှိ ခဲ့တဲ့ Alfredo Di Stefano ဆုကတော့ မက်ဆီအတွက် ငါးကြိမ်မြောက်ရရှိခဲ့တဲ့ဆုလည်း ဖြစ်ပါတယ်။ ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုကတော့ အဲဒီဆုကို လေးကြိမ်ရရှိခဲ့ပါတယ်။ တိုက်စစ်မှူးမက်ဆီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက လာလီဂါပွဲစဉ် ၃၄ ပွဲမှာ ၃၇ ဂိုးအထိသွင်းယူနိုင်ခဲ့တာကြောင့် အခုလိုဆုတွေရရှိခဲ့တာဖြစ်ပါတယ်။ အင်နီယေစတာ ကတော့ စပိန်နိုင်ငံရဲ့ တန်ဖိုးအကြီးမြင့်ဆုံးကစားသမားဆုကို ရရှိခဲ့တာဖြစ်ပါတယ်။

## ခရစ္စမတ်ကိုဂုဏ်ပြုကာ ခရစ္စမတ်ဦးထုပ်နဲ့အတူ အောင်ပွဲခံခဲ့တဲ့ တိုက်စစ်မှူး ဘာလော့တယ်လီ

ပြင်သစ်ပထမတန်းကလပ် နိုက်စ်အသင်းရဲ့ တိုက်စစ်မှူး ဘာလော့တယ်လီဟာ နိုက်စ်အသင်းနဲ့ ဘော်ဒိုးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ သူ့ရဲ့ တစ်လုံးတည်း သောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးချိန်မှာတော့ ခရစ္စမတ်ကို ဂုဏ်ပြုကာ ခရစ္စမတ်ဦးထုပ်နဲ့အတူ အောင်ပွဲခံခဲ့ပါတယ်။ တိုက်စစ်မှူး ဘာလော့တယ်လီအတွက် အဲဒီသွင်းဂိုးဟာ နိုက်စ်အသင်းနဲ့အတူ အခုနှစ်ဘောလုံးရာသီမှာ သွင်းယူခဲ့တဲ့ ၁၀ ဂိုးမြောက်သွင်းဂိုးဖြစ်ပြီး နိုက်စ်အသင်းကိုလည်း အမှတ်ပေးဇယားအဆင့် (၆) နေရာ တက်လှမ်းနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ဘာလော့ တယ်လီဟာ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့မှာ ကစားခဲ့စဉ်ကလည်း အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်ပြီး အခုနိုက်စ်အသင်းအတွက်လည်း အားထားရတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်နေပါတယ်။ တိုက်စစ်မှူး ဘာလော့တယ်လီဟာ ဘော်ဒိုးအသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ ခရစ္စမတ်ဦးထုပ်နဲ့အတူ အောင်ပွဲခံခဲ့သလို ပြီးခဲ့တဲ့တစ်ပတ်က နန့်တက်စ်အသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာလည်း ခရစ္စမတ်ဦးထုပ်နဲ့အတူ အောင်ပွဲခံခဲ့ပါသေးတယ်။ အခုပွဲစဉ်မှာ ထူးခြားတာကတော့ ဘော်ဒိုးအသင်းကို အနိုင်ရရှိပြီးချိန်မှာတော့ ကစားဖော်အများစုနဲ့အတူ ခရစ္စမတ်ဦးထုပ်များဆောင်းကာ ဂုဏ်ပြုခဲ့ကြတာပဲဖြစ်ပါတယ်။

## ဟန်ဆောင်လဲကျခဲ့တဲ့ လန်ဇီနီ နှစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရ

ဝက်စ်ဟမ်းအသင်းနဲ့ စတုတ်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းကွင်းလယ်ကစားသမား လန်ဇီနီဟာ ဟန်ဆောင်လဲကျခဲ့တာကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)ရဲ့ နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခြင်းကို ခံခဲ့ရပါတယ်။ ကွင်းလယ်ကစားသမား လန်ဇီနီအနေနဲ့ အဲဒီပွဲစဉ်မှာ စတုတ်စီးတီးနောက်ခံလူ အဲရစ်ပီတာနဲ့ ဘောလုံးယှဉ်အလုမှာ စတုတ်စီးတီး ဂိုးနဲ့ ၁၀ ကိုက်အကွာမှာ ဟန်ဆောင်လဲကျခဲ့တာဖြစ်ပြီး ကွင်းလယ်ဒိုင်ကလည်း လန်ဇီနီရဲ့ ဟန်ဆောင်လဲကျခဲ့မှုကို ကွင်းလယ်ဒိုင်ဂရေဟာမ်စကော့က ရှင်းရှင်းလင်းလင်းမြင်တွေ့ခဲ့တယ်လို့ ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းနဲ့ စတုတ်စီးတီးအသင်းတို့ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက စတုတ်စီးတီးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ အဲဗာတန်ကစား သမားအူးမားနီယက်ဆီသည် ဟန်ဆောင်လဲကျခဲ့တာကြောင့် အက်ဖ်အေရဲ့ ပြစ်ဒဏ်ချမှတ်ခံခဲ့ ရဖူးပြီး လန်ဇီနီသည်လည်း ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရပြီး လက်ရှိတွင် ဟန်ဆောင်လဲကျခဲ့မှုကြောင့် အက်ဖ်အေရဲ့ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည့် ပရီမီယာလိဂ် ဒုတိယကစားသမား တစ်ဦးဖြစ်လာခဲ့ပါတယ်။ **နိုင်လင်းကြည်**











## အထက(၂)၊မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း) (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အထက(၂)မင်္ဂလာဒုံ အောင်ဆန်းသူရိယလှသောင်းကျောင်း၏ ၁၉၇၂ မှ ၂၀၁၇ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသူ၊ ကျောင်းသားများမှ အသက်(၆၀)အထက် ဆရာကြီး/ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် တာဝန်ထမ်းဆောင်ဆဲ ဆရာ/ဆရာမများအား ဂါရဝပြုပူဇော်မည် ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမများနှင့် ကျောင်းသူ/ကျောင်းသားအားလုံး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၄-၁-၂၀၁၈ရက် (လွတ်လပ်ရေးနေ့)၊ (ကြာသပတေးနေ့)
အချိန် - နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီ
နေရာ - အထက(၂)၊ မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းခန်းမ)
ဖုန်း - ၀၉-၅၀၆၀၇၇၃၊ ၀၉-၂၂၂၀၉၅၁၊ ၀၉-၄၄၃၀၇၄၆၇၉

**မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ**

## အသိပေးကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ပုဇွန်တောင်ချောင်းပေါ်ရှိ သာကေတတံတားသစ် တည်ဆောက်ရေးစီမံကိန်းတွင် ရေလယ်ယက်မလုပ်ငန်းများတည်ဆောက်မည်ဖြစ်ပါသဖြင့် ကုန်တင်ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ သတ်မှတ်ထားသည့် ရေလမ်းကင်းလွတ်အမြင့်အတိုင်း ဖြတ်သန်းသွားလာကြပါရန် အသိပေးကြေညာအပ်ပါသည်။

နေရာ - ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ဆက်သွယ်တည်ဆောက်နေသော သာကေတတံတားသစ်စီမံကိန်း၊ ရန်ကုန်မြို့။
နေ့ရက် - ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ရက်အထိ။
ရေလမ်းကင်းလွတ်အမြင့် - ၂၁ ပေ။
ရေလမ်းကင်းလွတ်အကျယ် - ၆၀ ပေ။

**တံတားဦးစီးဌာန**

ရွှေပင့်ကူ
မန္တလေး၊ ပုဂံ၊ စစ်ကိုင်း၊ အလောင်းတော်ကဿပ
Dec-29 ထွက်မည်
09-450224339,09-423720047

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ပညာသင်နှစ် A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားအတွက် ကြေညာချက်

၁။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း - ၃-၂-၂၀၁၈ ရက် (စနေနေ့)၊ နံနက် ၉း၀၀ နာရီ
အခမ်းအနားကျင်းပခြင်း - ၄-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)၊ နံနက် ၉း၀၀နာရီ

၂။ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့် အခမ်းအနားသို့ အောက်ဖော်ပြပါ စာမေးပွဲအောင်မြင်သူများ တက်ရောက်ယူနိုင်သည်-
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ရေနံချောင်း၊ ချောက်၊ သရက်၊ ဝါးခယ်မ၊ ပူတာအို၊ ခန္တီး၊ ဟားခါး၊ ဂန့်ဂေါ၊ သံတွဲ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ) တို့တွင် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော A.G.T.I (တတိယနှစ်) စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ အခမ်းအနားကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) တက်ရောက် - ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက် - ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)

၄။ အခမ်းအနားအတွက် (၆)လအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ) အရွယ်ဓာတ်ပုံနှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို ၂၆-၁၂-၂၀၁၇ ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ၁၅-၁-၂၀၁၈ရက် နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ အခမ်းအနားသို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် အခမ်းအနားကျင်းပခြင်းတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံ တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။

၇။ အခမ်းအနားသို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာ ဖော်ပြရမည်။

**မှတ်ချက်။** အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

# (နဝမ)အကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (နဝမ)အကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်/အသင်းသားများအနေဖြင့် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ စုံညီစွာ တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၈-၁၂-၂၀၁၇ ရက်(ကြာသပတေးနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၁း၀၀နာရီ
ကျင်းပမည့်နေရာ - မဏိရတနာကျောက်စိမ်းခန်းမ၊ ရာဇသင်္ဂဟလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

အသင်းဝင်/အသင်းသားများ လိုက်ပါတက်ရောက်နိုင်ရန်အတွက် ရန်ကုန်သို့ ရောက်ရှိနေသော နယ်အသင်းများမှ အသင်းသူ/အသင်းသားများနှင့် ရန်ကုန်မှ လိုက်ပါလိုသူများသည် ရန်ကုန်မှ နေပြည်တော်သို့ အသွား/အပြန် (နေ့ချင်းပြန်)ခရီးစဉ် မော်တော်ယာဉ်များ စီစဉ်ထားရှိပါသည်။ ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် လိုက်ပါမည့်သူများသည် ၂၃ရက်၊ ညနေ ၅း၀၀နာရီ နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့ရန် ဖြစ်ပါသည်။

သက်ဆိုင်ရာအသင်းခွဲ(မြို့)များမှ လိုက်ပါတက်ရောက်လိုသော အသင်းသူ/အသင်းသားများသည် အောက်ဖော်ပြပါ အသင်းရုံးဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**သက်ဆိုင်ရာအသင်းများသို့ ဆက်သွယ်ရန်ဖုန်း**

မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ(ကမ္ဘာအေး) ဖုန်း-၀၁-၆၆၃၀၈၀၊ ၀၁-၆၆၃၁၀၉၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မန္တလေး) ဖုန်း-၀၂-၂၄၇၇၉၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မိုးကုတ်) ဖုန်း-၀၈၆-၂၀၈၄၉၊ ၀၈၆-၂၀၇၈၈၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(ဖားကန့်) ဖုန်း-၀၇၄-၇၀၈၉၃၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မြစ်ကြီးနား) ဖုန်း-၀၇၄-၂၄၂၂၁၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(စစ်ကိုင်း) ဖုန်း-၀၉-၄၀၀၅၃၂၇၄၆၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(ရန်ကုန်) ဖုန်း-၀၁-၅၃၄၂၆၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး (နေပြည်တော်) ဖုန်း-၀၆၇-၄၃၂၃၈၄၊ ၀၆၇-၄၃၂၃၈၂

ရန်ကုန်ခရီးစဉ်စုရပ်နေရာ - အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊ ရန်ကုန်မြို့။
ယာဉ်ထွက်ခွာမည့်နေ့ရက် - ၂၈-၁၂-၂၀၁၇ ရက်(ကြာသပတေးနေ့)
ယာဉ်ထွက်ခွာမည့်အချိန် - နံနက် ၄း၀၀ နာရီ

(နေပြည်တော်တွင် နေ့လယ်စာဖြင့် ဧည့်ခံပါမည်)

**နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပရေးကော်မတီ**

အိန္ဒိယနိုင်ငံ Fortis ဆေးရုံမှ အသည်း၊ ကျောက်ကပ်၊ သွေးရောဂါဆရာဝန်ကြီးများ၏
ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ အခမ်းအနား
Fortis
အသည်းအထူးကုသမားတော်ကြီး Dr.Manav Wadhawan
ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Rajeev Sood
ရိုးတွင်းခြင်ဆီအစားထိုး နှင့် သွေးရောဂါအထူးကုဆရာဝန်ကြီး Dr. Rahul Bhargava
ရန်ကုန်
၂၃.၁၂.၂၀၁၇ (စနေနေ့)၊ ၂း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီထိ
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံ
အမှတ် (၃)၊ နာနတ်တောလမ်း နှင့် ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်
မန္တလေး
၂၄.၁၂.၂၀၁၇ (တနင်္ဂနွေနေ့)၊ ၂း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီထိ
မြို့တော်ဆေးရုံ
သိပ္ပံလမ်း၊ ၆၅ လမ်း နှင့် ၆၆ လမ်းကြား၊
ဆက်သွယ်ရန်လိပ်စာ
No. (810), G/F, Bogyoke Road, Seinn Gay Har Housing (3), Lanmadaw Tsp. Yangon.
Tele : 09 4539 555 01, 09 4539 555 02
Room (6), 1st Floor, Block (2), Mingalar Mandalay, 73 Street, Behind Ocean Center, Mandalay.
Tele : 09 979 020 763

## အများသိစေရန်အသိပေးကြေညာခြင်း

"ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ တိုက်အမှတ်(၃၃) (၅-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၂×၄၇)ပေရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"ကို တရားဝင် လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူဟု ဆိုသူ ဦးစိန်မြင့် [၁၂/အစန(နိုင်)၀၇၅၆၀၁]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် တရားဝင် နည်းလမ်းတကျ စာချုပ်စာတမ်းများ ချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထား (မူရင်းများ)အား ယူဆောင်၍ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန် (LL.B, D.B.L) (အထက်တန်းရှေ့နေ) (စဉ်-၄၁၂၁၁)**
**အမှတ်(၁၇/အေ)၊ (ပထပ်)၊ ပန်းတနော်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၆၉၀၄၊ ၀၉-၇၉၆၃၃၈၈၄၂၊ ၀၉-၉၇၉၁၂၇၅၆၃**

## နဝမအကြိမ်မြောက် ၈၆-၈၇ သင်္ချာသူငယ်ချင်းများ မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

သူငယ်ချင်းတို့ရေ---

ဒီနှစ်လည်းတို့တစ်တွေ (မိတ်ဆုံစားပွဲအစီအစဉ်လေးလုပ်ပြီး) ပြန်လည်တွေ့ဆုံကြရအောင်---

အမှတ်တရလက်ဆောင်ပစ္စည်း လဲလှယ်ဖို့လည်း စီစဉ်ထားတဲ့အတွက် အမှတ်တရပစ္စည်းလေးတွေ ယူလာကြဖို့ မမေ့ကြနဲ့နော်---

ပြန်လည်တွေ့ဆုံချင်ပါတယ်---မဖြစ်မနေလာခဲ့ကြပါ---

နေ့ရက် - ၄-၁-၂၀၁၈ရက်(လွှတ်လပ်ရေးနေ့)
အချိန် - ညနေ ၅နာရီမှ ၁၀နာရီအထိ
နေရာ - ရွှေရှမ်းကန်စားသောက်ဆိုင် (University Boat Club)

## ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၈၂ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား/ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ်၊ ၁၉၈၂ခုနှစ်၊ ကျောင်းဆင်း မြို့ပြအင်ဂျင်နီယာ ကျောင်းသား/ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အပူဇော်ခံ၊ ဆရာ/ဆရာမကြီးများ ကြွရောက်ပေးပါရန်နှင့် ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ
နေရာ - ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ

**ဆက်သွယ်ရန်**

| | |
|---|---|
| ၁။ဦးမြင့်ဇော် | ၀၉၅၁-၂၆၇၁၄ |
| ၂။ဒေါ်သင်းသင်းချို(ခ)မော်လီ | ၀၉၇၃-၀၆၀၃၁၁ |
| ၃။ဒေါ်မာလာဆွေ | ၀၉၇၉-၅၇၈၈၅၆၆ |
| ၄။ဒေါ်နီလာမြင့် | ၀၉၇၃-၀၈၂၄၈၀ |
| ၅။ဒေါ်နှင်းနွယ်အေး | ၀၉၇၉-၉၂၂၅၀၉၅ |
| ၆။ဒေါ်စိုးစိုး | ၀၉၉၇-၉၅၃၄၃၁၇ |
| ၇။ဒေါ်သန်းသန်းဝင်း | ၀၉၅၁-၀၅၂၆၉ |
| ၈။ဒေါ်ကျင်လေး | ၀၉၉၇-၅၉၅၃၂၄၂ |

## (၈)ကြိမ်မြောက် ပီတိမိတ်ဆုံစားမြိန်ပွဲ ဖိတ်ကြားခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနမိသားစု ၊ ဝန်ထမ်းဟောင်း+မျိုးဆက်သစ်တို့၏ (၈)ကြိမ်မြောက် တွေ့ဆုံပွဲကို ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားပါသည်။။ ၂၀၁၈ခုနှစ်ဇန်နဝါရီလ (၆)ရက်စနေနေ့ နံနက် (၉)နာရီ ၃၃ရပ်ကွက်မွှောရုံ၊ အင်ကြင်းမြိုင်လမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့ (သင်းဝင်လမ်းထိပ်၊ Capital Supermarket ဘယ်ဘက်ခြမ်းသို့ ဝင်ကြပါရန်)

---

**ဒေါက်တာဇော်ဦး**
PhD (Chem) DFT (YU)
၁၀တန်း ဓာတုဗေဒ သင်ရိုးကုန်+မေးခွန်းဟောင်း (2 in 1)
စာအုပ်ဆိုင်ကြီးများတွင်ဝယ်ယူနိုင်ပါပြီ။နယ်အရောင်းဆိုင်များသို့ပို့ပေးမည်။ Ph:09 252 210 320

**ကိုကျော်နိုင် CAR RENTAL**
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE (အဲစတုံး) ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803

**ယာဉ်မောင်းအလိုရှိသည်**
ပြည်တော်ပြန်ကုမ္ပဏီလီမိတက်တွင် ယာဉ်မောင်း (၂) ဦးအလိုရှိသည်။
လျှောက်ထားသူသည် မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၁) ပုံနှင့်အတူ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန် - အမှတ် (၅၁)၊ မိုးကောင်းလမ်း၊ ၁၃ ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၉၅၁၀၉၉၄၄၊ ၀၉၇၉၉၂၅၉၀၂၀၊ ၀၁၅၄၃၆၆၆၊ ၀၁၅၄၀၂၉၇

**နိုင်ငံခြားသားများနေထိုင်ရန်**
အဆင့်မြင့်ပြင်ဆင်ထားသော Condo အခန်းနှင့် လုံးချင်းအိမ်များငှားရမ်းလိုပါသည်။ လမ်းမတန်းမြေကွက်ကျယ်များငှားလိုပါသည်။
09 420139326, 09-402726983

---

**လှိုင်မင်းလတ်**
စာရင်းကိုင်သင်တန်း တန်းခွဲသစ် စမည်။
LCCI & Dip: IFR

| Level I+II | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 7-9 | (am) | 16.Dec |
| Sec(B) | Sat+Sun | 9-11 | (am) | 23.Dec |
| Sec(C) | Sat | 11-3 | (pm) | 30.Dec |
| Sec(D) | Sun | 11-3 | (pm) | 31.Dec |
| Sec(E) | Mon+Tue | 6-8 | (pm) | 1. Jan |
| Sec(F) | Fri | 12-4 | (pm) | 5.Jan |
| Sec(G) | Mon to Fri | 12-3 | (pm) | 8. Jan |

| Level III | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 | (pm) | 16.Dec |
| Sec(B) | Wed to Sun | 6- 8 | (pm) | 23.Dec |
| Sec(C) | Mon to Fri | 8-12 | (am) | 1.Jan |

တန်းခွဲသစ်စမည်
နံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ။
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်

---

ဝန်ထမ်း/လုပ်သား "လိုအပ်သူများ" နှင့် "အလုပ်ရှာဖွေနေသူများ" အတွက်
**အလုပ်အကိုင် အခွင့်လမ်းပြပွဲ (Job Fair)**
24-12-2017 (တနင်္ဂနွေနေ့- ( 9 ) နာရီ မှ ( 5 ) နာရီ အထိ) ROSE Garden Hotel
အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့တွင်ကျင်းပမည်။
အသေးစိတ်ကို- facebook.com/events/2010306055916630/တွင်လေ့လာနိုင်ပါသည်။

**အောင်မင်္ဂလာ**
အိမ်ပြောင်း/ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေး
09428773300
09428773355

**ဟန်းဂုု (HANGUK) ကိုရီးယားဘာသာစကားသင်တန်း**
အထူးသင်တန်းကြေး (၁) သိန်းကျပ် (အမြတ်)EPS စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ (၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915



ဒါန ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ

- အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာ ဆောင်းရာသီ အထူးခရီးစဉ် (၁၅ ရက်)
  ထွက်ခွာမည့်နေ့ရက်များ – ဇန်နဝါရီ ၈ ၊ ၁၅ ၊ ၂၂ ။ 850 USD
- သီရိလင်္ကာ / ထိုင်း ဘုရားဖူးခရီးစဉ် (၇ ရက်)
  ထွက်ခွာမည့် နေ့ရက် – ဇန်နဝါရီ ၂၅ ။ 1350 USD

သက်တမ်းရှိနိုင်ငံကူးလက်မှတ်လက်ဝယ်ကိုင်ဆောင်ထားသူများကို အထက်ပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးပါသည်။

ဒါန ဘုရားဖူးအဖွဲ့ – အမှတ်(၂၅)၊ အခန်းအမှတ်(၃၀၃)၊ တတိယထပ်၊ ဓါတ်လှေကားအမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ်၊ ရွှေစေတီလမ်း၊ စမ်းချောင်း။ ဖုန်း – 536348 , 537707 , 537708 , 09 500 1763 , 09 501 3727 , 09 256174414 , 09 516 4664
မဂ္ဂိုဠ်သြဘာသာသနာပြုအဖွဲ့ – အမှတ်(၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း – 545215, 545216 , 555173
မန္တလေးရုံးခွဲ – (I-6)၊ ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း – 09 402 64 8989, 09 5300305



မင်းကျော်စွာ (MKS)
ပြည်တွင်း–ပြည်ပခရီးသွားလုပ်ငန်း နှင့် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
ဖုန်း–၀၁ ၈၅၆၆ ၇၁၃ – ၇၁၄ ၊ ၀၉ –၂၅၄ ၂၆၃ ၃၅၇

ဗုဒ္ဓဂယာ
- ၈ ရက်ခရီးစဉ် ➤ Jan( 20 ), Apr( 11 )
- ၁၅ ရက်ခရီးစဉ် ➤ Feb( 3 ), Mar( 4 )

(၁၂)ဦး စုစည်းလိုက်ပါလျှင် တစ်ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။ (၂)လကြိုတင် စာရင်းပေးသွင်းရန် မေတ္တာရပ်ခံအပ်ပါသည်။

- (၈ ရက်ခရီး) (စားရိတ်ငြိမ်း) ➜ ထံဝေဝနီထလေယာဉ်ဖြင့် (ဗွား+ဇွပ်+တော+စံ)+အဝီဇေတီတဖျာန+(တိန္ဒိထ + နီပေါ)
- (၁၅ ရက်ခရီး) (စားရိတ်ငြိမ်း) ➜ ထံဝေဝနီထလေယာဉ်+အဝီဇေတီတလေယာဉ်၊ နထူးဇေလီ+တစ်ချိတော+(တိန္ဒိထ+နီပေါ)

ထွက်ခွာမည့်ရက်များ ➤ Dec-16, 23, 30 ➤ Jan-6, 13, 20, 27
(၆ညအိပ် ၇ရက်) ➤ သီရိလင်္ကာ(မြတ်ဗုဒ္ဓစွယ်တော်)ခရီးစဉ်
(၄ညအိပ် ၅ရက်) ➤ ရန်ကုန်– ထားချီလိတ်– မယ်ဆိုင်– ချင်းမိုင်–ချင်းရိုင် ခရီးစဉ်
(၃ညအိပ် ၄ရက်) ➤ စင်္ကာပူခရီးစဉ် ● ဘန်ကောက်ခရီးစဉ် ● ဗီယက်နမ်ခရီးစဉ် ● ကမ္ဘောဒီးယားခရီးစဉ် ● လာအိုခရီးစဉ်

မိသားစု၊ ကုမ္ပဏီအဖွဲ့အစည်းများ အတွက် သီးသန့် ခရီးစဉ်များလည်း စီစဉ်ပေးပါသည်...
လေယာဉ်လက်မှတ် ၊ ဗီဇာ နှင့် ကားမျိုးစုံ ငှားရမ်းခြင်း စီစဉ်ပေးပါသည်...

အမှတ် ( ၆၆ )၊ အခန်း (၃၀၁)၊ ၃လွှာ၊ သုမင်္ဂလာလမ်း၊ ၈၀န၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။





GDBM
BBA . EMBA . MBA

- Graduate Diploma in Business Management
- သင်တန်းကာလ(၂)နှစ် ကြာမြင့်ပါမည်။
- တစ်ပတ်နှစ်ရက် တက်ရောက်ရပါမည်။
- သင့်တင့်သော သင်တန်းကြေးဖြင့် တက်ရောက်နိုင်ပါမည်။
- BBA ဒုတိယနှစ်သို့ တိုက်ရိုက် တက်ရောက်နိုင်ပါမည်။
- MIE နှင့် AeU မှ ပေးအပ်ချီးမြှင့်သော Dual Awards လက်မှတ်ကို ရရှိပါမည်။
- လစဉ်အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ပါသည်။

ကနဦး သင်တန်းကြေး ကျပ်၁၀၀,၀၀၀ စတင် ပေးသွင်းရုံဖြင့် GDBM သင်တန်းကိုစတင်တက်ရောက်နိုင်ပါသည်။

Myanmar Institute of Education — Gateway to Success

09254045682 / 09972656540 / 01667009
ဒီဇင်ဘာလအတွင်း ကျောင်းအပ်နိုင်ပါသည်။
Terms and conditions apply.

No. 12, Unit B3&C3, Block-3, Yangon-Insein Road, Thamine Lanzone, Mayangone.



တာဝတိံသာ
အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့လိုပါက ၁၀ပေ၊ ၁၄ပေ၊ ၁၅ပေ၊ ၁၆ပေ၊ ၁၇ပေ၊ ၂၄ပေ၊ ၁၀ဘီး၊ ၁၂ဘီးကားများနှင့် အလုပ်သမားများ အပါပြောင်းရွှေ့ပေးသည်။ (မြို့တွင်း / နယ်ဝေး)
09-32152526
09-421024222
09-31483218
09-49344288



NELC
Don't Worry, Just Speak!



Communicative English Classes

- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

စသည့် English Language အတန်းများကို NELC တွင်တက်ရောက်နိုင်ပါသည်။

မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572



ကြည်လင်တဲ့ မျက်လုံးလေးတွေ ပိုင်ဆိုင်ဖို့



1. မျက်လုံးအားစိုက်ရခြင်း (Computer, Smart Phone ၊ စာဖတ်များသူများ နှင့် စာမေးပွဲအတွက်ပြင်ဆင်နေသူများ)
2. မျက်လုံးခြောက်သွေ့ကျိန်းစပ်ခြင်း
3. မျက်ကြည်လွှာ ရောင်ရမ်းခြင်း
4. အမြင်အာရုံကျဆင်းခြင်း၊ ဝေဝါးခြင်း

တို့အတွက် အထူးသင့်တော်သည်။



EYE Plus®
(Sodium Chondroitin Sulfate + Choline Bitart
ဆေးဘူး(၁)ဘူးတွင်ဆေးလုံး(၆၀)ပါသည

Manufactured by KOREA UNITED PHARM.INT'L JSC
Tel : 01-203103,09977111546 (YGN), 092037314,0991012541 (



HONDA | NCX

HONDA
WAVE 100

GENUINE 100% GENUINE

295,000ကျပ်
လူတိုင်း လက်ဝယ်ပိုင်ဆိုင်နိုင်ပါပြီ။



GL-AMMK
SUPPORTING CENTURY FINANCE

*စည်းကမ်းသတ်မှတ်ချက်များ
- ကနဦးပေးသွင်းငွေ ၂၉၅,၀၀၀ ကျပ်မှ စတင်ပေးသွင်းပြီး ကျန်ငွေကို လစဉ်အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ပါပြီ။ (HONDA Wave 100 Drum Brake အမျိုးအစား)
- အသေးစိတ်အချက်အလက်များအတွက် နီးစပ်ရာ Honda NCX Showroom များသို့ သွားရောက်စုံစမ်းနိုင်ပါသည်။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြသိန်း (၉၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၀)နေ (ဦးရွှေအိုး-ဒေါ်သိန်းမူ)တို့၏သမီး၊ (ဦးအောင်သန်း)၏ဇနီး၊ ဒေါ်ခင်သန်း၊ (ဦးသိန်းအုံ)-ဒေါ်ရင်မြ၊ ဦးသိန်းထိုက်-(ဒေါ်သိန်းရွှေ)တို့၏ညီမ၊ (ပါမောက္ခ ဒေါက်တာဦးစိန်မြင့်)-ဒေါက်တာဒေါ်သန်းမြင့်၊ (ဗိုလ်မှူးကြီးကျော်သိန်း)-ဒေါ်ခင်ခင်ကြီး၊ (ဒေါ်ခင်မူ)တို့၏အစ်မ၊ ပါမောက္ခ ဒေါက်တာမြင့်အောင်-ပါမောက္ခ ဒေါက်တာအေးအေးသန်း၊ ဦးထွန်းမြင့်-ဒေါ်စုစုသန်း၊ ဦးသန်းဇော်-ဒေါ်ဥဥခင်၊ ဒေါက်တာကျော်ကျော်-ဒေါက်တာဝင်းဝင်း၊ ဦးတင့်လွင်-ဒေါက်တာဌေးဌေးဆိုင်၊ Capt; ဦးတင်သိန်းဟန်-ဒေါ်ဥမ္မာခင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာခိုင်ခိုင်မြင့်၊ ဦးတိုးအောင်-ဒေါက်တာအိအိခင်၊ ဦးဥက္ကာကျော်-ဒေါ်ချောစုသိမ့်၊ မခင်မေဟန်၊ ကိုကျော်မင်းဟန်၊ ကိုရဲဦးဇင်၊ ဒေါက်တာကိုဇေ၊ မရွှေယမင်းအေးတို့၏အဘွား၊ မောင်ဖုန်းမင်းခန့်၊ မောင်ဘုန်းမင်းသန့်၊ မခွန်းခန့်ခန့်ချိုတို့၏ ကျေးဇူးရှင်အဘွားသည် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးသားချင်း မိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စီလေးချို (၈၁)နှစ်

**စာတည်း(ငြိမ်း)၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန**

(ဝတ်လုံတော်ရ ဦးဘသင်-ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးလှဘူး)-ဒေါ်လှညွန့်၊ (ဗိုလ်မှူးတွိုက်ဒေး)-ဒေါ်အေးညွန့်၊ (ဦးအောင်ညွန့်)-ဒေါ်မိမိသော်၊ (ဦးကျင်လှိုင်)-ဒေါ်ခင်ခင်အေး၊ (ဦးထွန်းရီ)-ဒေါ်မြင့်မြင့်၊ (ဦးမောင်မောင်ညွန့်-ဒေါ်ရီရီဌေး)တို့၏ညီမ၊ (ဦးဝင်းလှိုင်)-ဒေါ်ချိုချိုသင်(JEAN)တို့၏အစ်မ ဒေါ်စီလေးချိုသည် ၁၉-၁၂-၂၀၁၇(အင်္ဂါနေ့) နံနက် ၉း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက်၇ နာရီမှ ၁၁နာရီအထိ အမှတ်(၃)၊ နွယ်သာကီလမ်း၊ ပြည်ထောင်စုရိပ်မွန်၊ သဃ်န်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စီလေးချို (၈၁)နှစ်

**စာတည်း(ငြိမ်း)၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန**

(ဝတ်လုံတော်ရ ဦးဘသင်-ဒေါ်ဖွားစိန်)တို့၏ သမီး၊ ဦးမြင့်ဌေး၊ ဦးတိုးလှိုင်-ဒေါ်ယဉ်ယဉ်စန်း၊ ဦးလှမျိုး-ဒေါ်ချိုချိုခိုင်၊ ဦးကျော်ကျော်-ဒေါက်တာစုစုခိုင်၊ ဦးမိုးလှိုင်-ဒေါ်မိုးစန္ဒာ၊ ဦးညီညီခိုင်၊ ဒေါက်တာထွန်းညွန့်ကြူး-ဒေါ်လှသွယ်ဝင့်၊ ဦးမျိုးမြင့်-ဒေါ်ဖြူဖြူခိုင်၊ ဦးမျိုးညွန့်ကြူး-ဒေါ်သင်းသင်းအေး၊ (ဦးလင်းညွန့်ကြူး)၊ (ဦးကျော်ကျော်ခိုင်)၊ ဒေါ်ကေခိုင်စိုး၊ ဦးမင်းထွန်းခိုင်-ဒေါ်မြမြသွင်၊ ဒေါ်သက်သက် လှိုင်တို့၏အဒေါ်၊ ဒေါက်တာအေးသီရိကျော် (UK)၊ ဒေါက်တာခင်ရတနာကျော်(YGH)၊ မြေးရှစ်ယောက်တို့၏အဘွား ဒေါ်စီလေးချိုသည် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၉း၄၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တူ/တူမများနှင့် မြေးများ

## ဒေါ်စီလေးချို (၈၁)နှစ်

**စာတည်း(ငြိမ်း)၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန**

(ဝတ်လုံတော်ရ ဦးဘသင်-ဒေါ်ဖွားစိန်)တို့၏သမီး၊ ဒေါက်တာအေးသီရိကျော်(UK)၊ ဒေါက်တာခင်ရတနာကျော် (YGH)၊ ဒေါက်တာဉာဏ်ထက်မျိုးမြင့်(အလုပ်သင်ဆရာဝန်)၊ မောင်ပြည့်စုံမျိုးမြင့်(စတုတ္ထနှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မသက်နှင်းစု (ပထမနှစ် IR ဒဂုံတက္ကသိုလ်)၊ မယွန်းဝတီမျိုးမြင့်(Grade-XI ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ မောင်ရန်ပိုင်ဦး(အထက၊ပေါင်းတည်မြို့)တို့၏အဘွား ဒေါ်စီလေးချိုသည် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၉း၄၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေးများ

## ဦးခင်မောင်တိုး အသက်(၅၀)

**ပစ္စည်းထိန်း-၁၊ ပင်မပစ္စည်းထိန်းဌာနစု၊ လေကြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဗောဓိညောင်ပင်လမ်း၊ အမှတ် (ယ/၂၉)နေ (ဦးအုန်းငွေ-ဒေါ်တင်တင်)တို့၏ သား၊ ဒေါ်သန္တာဦး၊ ဦးမျိုးသီဟ (လေယာဉ်မှူး၊ မြန်မာ့လေကြောင်း)-ဒေါ်မြသန္တာဝင်းတို့၏ အစ်ကို၊ (ဦးဝင်းမြင့်)-ဒေါ်တင်တင်အေးစိန် (NG ဆပ်ပြာ)တို့၏ ညီ/မောင်၊ မောင်ဝေယံမင်းထူး(DCA)တို့၏ဦးလေး၊ မောင်ဩဿုန်ခ(ခ)မိုးနွေ၊ မောင်အုံ့မင်းသွေးတို့၏ မွေးသဖခင်၊ ဒေါ်ဝင်းဝင်းသန်း၏ခင်ပွန်း ဦးခင်မောင်တိုးသည် ၁၈-၁၂-၂၀၁၇ ရက် နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ဝင်း အသက်(၆၀)

**(ရဲ-တပ်ကြပ်ကြီး-ငြိမ်း)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်းအထက်၊ အမှတ် (၅၄/၅-B)နေ ဒေါ်မိမိခိုင် ၏ ခင်ပွန်း၊ မောင်ကောင်းမြတ်သူ-မဝေဝေဦး(ခ)အိပုံ၊ မောင်သက်ပိုင်စိုး(ခ)ပိုင်လေးတို့၏ ဖခင်သည် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မွှေးမွှေး(ငွေပန်းထိမ်) အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၄၉)၊ လိပ်ကန်လမ်း၊ ခြောက်လွှာနေ (ဦးကွင်းရှောင်-ဒေါ်တင်မေ)တို့၏သမီးကြီး၊ ဦးဟိုစိန်(ငွေပန်းထိမ်)၏ဇနီး၊ ဦးအောင်ကျော်စိုး-ဒေါ်သန်းသန်းရီ၊ ဒေါ်သင်းသင်းမွှေးတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၈-၁၂- ၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ကြည် (သခင်မ မရင်ကြည်)-သိမ်ဆိပ်(သထုံ) အသက် (၉၇)နှစ်

**မော်ကွန်းဝင် (တတိယဆင့်)**

အမှတ် (၁၂-A)၊ (၁၅၄)လမ်း၊ တာမွေကြီး (က-ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဘဆွေ-ဒေါ်အုန်းမျှင်)တို့၏သမီး၊ (ဗိုလ်မှူးဘိုးကွန်း-ဒေါ်ဒေါ်သက်)တို့၏ သမီးချွေးမ၊ [ဦးခင်မောင်အေး(ခ)ဗိုလ်ခင်အေး]၏ဇနီး၊ ဦးမင်းဇော်ဇော်ဟိန်း-ဒေါ်ချယ်ရီနုနုဇော်၊ ဦးမောင်မောင်အောင် (Soe Paing Development Ltd.)-ဒေါ်အိသီရိဇော် (ခေတ္တ-Austrilia)၊ ဦးဘုန်းထက်ကွန်းဇော် (ခေတ္တ-Austrilia)၊ ဦးလှိုင်မြင့် (Engineer-Selonic Co., Ltd)-ဒေါ်ခိုင်မာသန်းဆွေ၊ ဒုတိယဗိုလ်မှူးကြီးသန်းဇော်-ဒေါက်တာညီမာသန်းဆွေ၊ မဝတ်ရည်သန်းဆွေ (BBM, MBA, 22nd Batch)၊ ဦးကျော်သူထွန်း-ဗိုလ်ကြီးသန်းသန်းကြည်၊ ဦးနန္ဒထွန်း-ဒေါ်ယုယုခိုင်၊ ဗိုလ်ကြီးဝေဖြိုးဝင်း-ဒေါ်နှင်းနုအေး၊ ဒေါက်တာအာကာမော်ဝေ-ဒေါ်သဇင်အောင်၊ ဦးမင်းစည်သူ(A&Z)တို့၏အဘွား၊ မြစ်ကိုးယောက်၊ တီနှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ကြည် (သခင်မ မရင်ကြည်)-သိမ်ဆိပ်(သထုံ) အသက် (၉၇)နှစ်

**မော်ကွန်းဝင်(တတိယဆင့်)**

အမှတ် (၁၂-A)၊ (၁၅၄)လမ်း၊ တာမွေကြီး (က-ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဘဆွေ-ဒေါ်အုန်းမျှင်)တို့၏ သမီး၊ (ဗိုလ်မှူး ဘိုးကွန်း-ဒေါ်ဒေါ်သက်)တို့၏ သမီးချွေးမ၊ [ဦးခင်မောင်အေး(ခ)ဗိုလ်ခင်အေး]၏ဇနီး၊ ဒေါက်တာကွန်းဇော်-ဒေါ်မြင့်မြင့်ရီ (ခေတ္တ-Austrilia)၊ [ဒေါက်တာဦးသန်းဆွေ (ပါမောက္ခချုပ်-ငြိမ်း၊ စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာမြို့)]-ဒေါ်ယုယုခင်(ခ)နုနုခင်၊ ဗိုလ်ကြီးတင်ထွန်း(ထွေ/ဂျာ-ငြိမ်း၊ စက်မှု-၁)-ဒေါ်ဝေဝေခင်၊ ဒေါက်တာကွန်းမော်-ဒေါ်တင်ဦးဝေတို့၏မိခင်၊ မြေး၁၁ယောက်၊ မြစ်ကိုးယောက်၊ တီနှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၁၂-၂၀၁၇(တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်နန်းသူ (၈၄)နှစ်

**အင်ဂျင်နီယာမှူး (မြို့ပြ-ငြိမ်း)၊ လမ်းဦးစီးဌာန**

**ပထမဦးဆုံး A.G.T.I လက်မှတ်ရအမျိုးသမီး (MTU)**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ယ-၄)၊ (က)ရပ်ကွက်၊ လမ်း(၇၀)၊ အမှတ်(၈၈)နေ (ဦးရွှေစိုး-ဒေါ်ခင်ခင်)တို့၏သမီး၊ [ဦးမြင့်ကို (ဦးစီးအရာရှိ-ငြိမ်း၊ လမ်းဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး)]၏ ဇနီး၊ (၇၁)လမ်း၊ (၂၈×၂၉လမ်းကြား၊ ရွှေလှန်ရပ်နေ ဒေါ်ခင်နန်းမူ(ခ)ဒေါ်နန်း၏အစ်မ၊ ဦးပြေငြိမ်း-ဒေါ်သီတာအောင်၊ ဦးနေလင်းအောင်၊ (ရွှေမန္တလေး အကျိုးဆောင်ကုမ္ပဏီ)-မဖြူဖြူစက်၊ ဦးရန်အောင်(ELPC)၊ ဦးဇော်ဇော်လင်း၊ မသန္တာအောင်၊ ဦးစိုးလင်းအောင်-ဒေါ်သက်နှင်းထိုက် (လ/ထ ကထိက)တို့၏ အဒေါ်၊ ဦးသစ်အောင် (ဘူမိဗေဒ အင်ဂျင်နီယာ)-ဒေါ်စိုးမြင့်မြတ်သူ(ခ)မစန္ဒာ (ငယ်/ယာ-၂၊ မြို့ပြ၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်)၊ ဦးရဲကိုကို၊ ဦးမျိုးမောင်မောင် (မိုးကုတ်မြို့နယ်၊ လမ်းဦးစီးဌာန)-ဒေါ်မြင့်မြင့်စော(ခ)မပပ (ရွှေ/ပစ်တိုင်းထောင် ပိုးထည်ချည်ထည်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၈-၁၂-၂၀၁၇ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းညွန့် အသက်(၈၀)

**တောင်ငူမြို့ (ကော့ကရိတ်)**

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်နေ (ဦးဘို-ဒေါ်နွဲ့)တို့၏ သမီးကြီး၊ ဦးသွင်-ဒေါ်ရွှေတင်၊ ဦးသိန်းမောင်-ဒေါ်မြိုင်ညွန့်၊ (ဦးဒိဝင်း)-ဒေါ်လှရွှေတို့၏ အစ်မကြီး၊ ဦးဇင်းဦးဥတ္တရ၊ ဦးကျော်မြင့်-ဒေါ်ခင်ခင်သန်း၊ ဦးထွန်းခင်သန်း-ဒေါ်ဝင်းဝင်းမော်တို့၏မွေးသမိခင်၊ မြေးငါးယောက်၏အဘွား ဒေါ်သန်းသန်းညွန့်သည် ၁၉-၁၂-၂၀၁၇(အင်္ဂါနေ့) ညနေ ၄း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်မေ အသက် (၇၄)နှစ်

သံတွဲမြို့နယ်၊ ပြည့်ဝကျေးရွာနေ (ဦးတင်ညွန့်)၏ ဇနီး၊ ဦးဇော်လင်း၊ ဒေါ်မေနွယ်စိုး(မီးမီး)တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) ည ၉း၅၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၅-D၊ အခန်း ၃၀၃၊ ဒဂုံလွင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းတင်အေး (၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးဘိုးမှန်လမ်း၊ အမှတ်(၁၈)နေ (ဦးမောင်ပု-ဒေါ်အေးရီ)တို့၏သား၊ (ဒေါ်ကြီး)၊ (ဦးအောင်ရင်)၊ (ဦးအောင်ခင်)၊ ဦးထွန်းသိန်းတို့၏ မောင်/ညီ၊ ဒေါ်ပုပုခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေရောင် (ပြည်တွင်းအခွန်)-ဒေါ်ခင်ပပသင်း (လ/ထ ညွှန်ကြားရေးမှူး၊ SEAMEO CHAT)၊ ဒေါက်တာထွန်းထွန်းဝင်း (ကထိက၊ ရူပဗေဒဌာန၊ ပဲခူးတက္ကသိုလ်)-ဒေါက်တာမိုးမြတ်မြတ်သိန်းဝင်း(ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးအောင်မျိုးခိုင် (CHIEF ENGINEER)-ဒေါ်စုမာလာလှိုင် (အငြိမ်းစားအထက်တန်းသူနာပြု၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး)၊ ဒေါက်တာကောင်းထက် (ဦးစီးအရာရှိ၊ အနောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)-ဒေါက်တာသူဇာဝင်းတို့၏ဖခင်၊ မောင်ပြည့်စုံ၊ မဆုရတီ၊ မရွှေဘုံစံ၊ မစန္ဒကူးခိုင်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၇(အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁၂-၂၀၁၇(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အမှတ်(၁၈)၊ ဦးဘိုးမှန်လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အနိစ္စ**

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်မြရင်(သံဖြူဇရပ်) အသက်(၁၀၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဟိုက်ပတ်(၁)လမ်း၊ အိမ်အမှတ် (၁၃၇၁)နေ (ဦးဖိုးကျင်-ဒေါ်ငွေလုံး)တို့၏ သမီး၊ (ဦးထွန်းတင်)၏ဇနီး၊ ဦးစောရှိန်-(ဒေါ်တင်တင်မြ)၊ ဒေါ်တင်တင်ရီ၊ (ဦးမောင်မောင်-ဒေါ်တင်တင်ဝင်း)၊ ဦးတင်သိန်း-ဒေါ်တင်တင်ဌေး၊ ဒေါ်တင်တင်အေးတို့၏ မိခင်ကြီး၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၂း၄၅နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မွန်နှစ်ခြင်းအသင်းတော် အင်းစိန်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိန်ခိုင် (ကျိုက်ထော်) အသက် (၁၀၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅) ရပ်ကွက်၊ ဦးဖိုးကျားလမ်း၊ အမှတ် (၂၅၅)နေ ဒေါ်တင်အေး (ကျိုက်ထော်)၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်ယဉ်လှ၊ ဦးသန်းကျော်-(ဒေါ်စိန်စိန်)တို့၏ ဦးလေး၊ ဦးဇော်ခိုင်-ဒေါ်သီတာမျိုးတို့၏ ဖခင်၊ မမိုးမြင့်မြင့်ဇော်၊ မောင်ဇင်မင်းဘိုတို့၏ အဘိုးသည် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရွှေပေါက်ကံနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**

## ဦးမြသွင်(ခ)ဦးမြင့်စိုး အသက်(၇၇)နှစ်

ဒေးဒရဲမြို့နယ်၊ ကျုံကနန်ကျေးရွာနေ (ဦးဘိုးစော-ဒေါ်မြရင်)တို့၏ သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက်(၉/၆)၊ အခန်း (၁၃)နေ ဒေါ်အေးအေး၏ ခင်ပွန်း၊ ဦးမြသွင်(ခ)ဦးမြင့်စိုး (မြို့နယ်အသင်းဝင်အမှတ်-၅၆၃)သည် ၁၆-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် အသင်းသူ/သားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ကိုရဲတင့် (၄၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရွာကောက်ကျေးရွာနေ (ဦးထွန်းဉာဏ်-ဒေါ်တင်ညွန့်)တို့၏သား၊ အမှတ်(၂၆)၊ ရှင်စောပုလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ဒလမြို့နယ်နေ (ဦးစိန်ဝင်း)-ဒေါ်စိုးရင်တို့၏ သားသမက်၊ (ဦးလှမြင့်-ဒေါ်ဝိုင်းကြည်)၊ ဦးရဲမြင့်-ဒေါ်ဟန်စိန်၊ ဦးသိန်းဇော်-ဒေါ်မြင့်မြင့်သိန်း၊ ဦးမင်းသိန်း(CDSG)-ဒေါ်ခင်ညွန့်တို့၏ ညီ/မောင်၊ ကိုဝင်းနိုင်-မဇင်မာလွင်တို့၏အစ်ကို၊ မကြယ်စင်ရွှန်းလဲ့၏ဖခင်၊ ဒေါ်မိုးသန္တာဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဓနိတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၂၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝေစု(ခ)ကျောက်စိမ်း အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် (၄)လမ်း၊ အမှတ် (၅၄)နေ ဦးဝေစု(ခ)ကျောက်စိမ်းသည် ၁၉-၁၂-၂၀၁၇ ရက်တွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီ(မြောင်းမြမြို့) (၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၈၀)၊ ခုနစ်လွှာနေ (ဦးသောင်းဖေ-ဒေါ်မယ်ဖြေ)တို့၏သမီး၊ (ဦးဌေးအောင်)၏ဇနီး၊ ဦးမျိုးသိန်းထွန်း၊ မခင်မျိုးမြတ်၊ ကိုမျိုးအောင်ခိုင်၊ ကိုမျိုးအောင်နိုင်တို့၏ မိခင်ကြီးသည် ၁၉-၁၂-၂၀၁၇ ရက် နံနက် ၆း၁၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တိုး(ခ)ဂူချင်ရန် အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ပတ်ဆွေဘုရားကျောင်းဝင်း(မီးရထားဝင်း)၊ ခြံအမှတ်(၁၀)နေ ဦးတင်စိုး၏ဇနီး၊ ဦးသန်းထိုက်-ဒေါ်စန္ဒာအောင်၊ ဦးသန်းကြည်-ဒေါ်နီလာဝင်း၊ ဦးသန်းလင်း-ဒေါ်ခင်နီလာထွန်း၊ ဒေါ်သန်းသန်းမြင့်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်ကြင် (၇၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဥဇ္ဇနာ(၁)လမ်း၊ အမှတ်(၂၂၅)နေ (ဦးကံဘော်-ဒေါ်သောင်းမေ)တို့၏သမီး၊ (ဦးဘလွင်-ဒေါ်ခင်သန့်)တို့၏သမီးချွေးမ၊ (ဦးတင်စိုး)၏ဇနီး၊ ဦးမောင်မောင်သိန်း-ဒေါ်စန်းစန်းမူ၊ ဦးတင်ဝင်းလှိုင်-ဒေါ်အေးအေးသန်း (မျိုးမင်းထိုက်-အထည်ဆိုင်)တို့၏မိခင်၊ ကိုမျိုးမင်းထိုက်၊ ကိုလင်းမောင်မောင်(ပုလဲ-ဆေးဆိုင်)-မမြင့်မြင့်သော်၊ ကိုရဲမောင်မောင်-မခိုင်ဇာလွင်၊ မငုဝါလှိုင်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၁၂-၂၀၁၇(တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်း အသက် (၇၃) နှစ်

**စက်ခန်းမှူး-ငြိမ်း၊ MPE ရေနံသယ်ပို့**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ်(၂၄၉)နေ (ဦးလှခင်-ဒေါ်မြင့်သိန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမြမောင်-ဒေါ်ပန်းညွန့်)တို့၏သားသမက်၊ ဒေါ်ကြူကြူ၏ခင်ပွန်း၊ (ဦးလှချစ်-ဒေါ်ဝင်းရီ)၏မောင်၊ (ဦးထိန်လင်း)-ဒေါ်သန်းနွဲ့၊ (ဦးခင်မောင်မြ-ဒေါ်အုန်းမြင့်)၊ (ဦးအောင်ကျော်နိုင်)-ဒေါ်တင်အုံး၊ ဒေါ်အုန်းကြည်တို့၏အစ်ကို၊ ဦးတိုးတိုးထွန်း (မြို့နယ်အုပ်ချုပ်ရေးမှူး-မတူပီမြို့၊ ထွေ/အုပ်)-ဒေါ်ခင်မြင့်သူ၊ ဦးဟန်မျိုးထွန်း [MOGE(CNG)]-ဒေါ်ဇင်မင်းနွဲ့၊ ဦးဇော်မင်းမင်းထွန်း (ဝန်ကြီးရုံး-စိုက်/မွေး/ဆည်)-ဒေါ်ခင်ခင်ဌေး၊ မအေးသီတာထွန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၇(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးကိုကိုလတ် (၆၃)နှစ်

**အထက (၃) ကမာရွတ်**

**(ဘောင်ဒရီအလွတ်ပညာသင်ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်၊ အုတ်လမ်း၊ အမှတ် (၁၂၀-E)နေ [ဦးလှရွှေ(ခ)နောင်မဲ-ဒေါ်ခင်ရီ]တို့၏သား၊ ဦးမြင့်ဝင်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ခင်အေး (မအူပင်ခရိုင်ဥပဒေအရာရှိ-ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ)တို့၏မောင်၊ ဦးကိုကိုနိုင်-ဒေါ်ညိုညိုသက် (မြန်မာ့ရုပ်သံ-ငြိမ်း)၊ (ဦးကိုကိုဦး)၊ (ဦးကိုကိုအောင်)၊ ဦးကိုကိုကျော်၊ ဒေါ်ခင်ချိုပြုံးတို့၏အစ်ကို၊ မောင်ပြည့်စုံ၊ မောင်မျိုးသီဟနိုင် (U.C.S.Y 4th year)တို့၏ဘကြီး ဦးကိုကိုလတ်သည် ၁၈-၁၂-၂၀၁၇(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှမင်း(ခ)ဦးမင်းမင်း (၅၈)နှစ်

**(မြောင်းမြ)**

မြောင်းမြမြို့နေ (ဦးမောင်ကြည်-ဒေါ်ကျင်ထွေး)တို့၏သား၊ (ဦးသခူး-ဒေါ်ချို)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် (၉၂၃)နေ ဒေါ်အဲယ်ဆဲဝါး၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဒေါက်တာဦးလှကြည်၊ (ဦးလှရွှေ)၊ (ဦးလှငွေ)၊ ဦးသန်းထွေးတို့၏ညီ၊ ဒေါက်တာဦးလှချစ်(အလုံ)၊ ဒေါက်တာဦးလှမြင့်၊ ဒေါ်အေးအေးမာတို့၏အစ်ကို၊ မောင်ကျော်ဇင်မင်း၊ မောင်ဟိန်းထက်တို့၏ ချစ်လှစွာသောဖခင်သည် ၁၈-၁၂-၂၀၁၇ရက် ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၇ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း

## ခတီဇာဘီဘီ(ခ)ဒေါ်မူမူအောင် (၅၄)နှစ်

**စာရင်းကိုင်(၃)၊ ဆည်မြောင်းဦးစီးဌာန (တည်ဆောက်ရေး-၉)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် (၁၁၇)၊ ခြောက်လွှာနေ ဦးလှမြင့် (ဦးစီးအရာရှိ၊ ဆ/မ-ငြိမ်း)-ဒေါ်စန်းကြည်တို့၏ သမီးချွေးမ၊ ဦးကိုကိုကြီး(ခ)ဦးကျော်ဇေယျ၏ ချစ်လှစွာသောဇနီး၊ မိတ္ထီလာမြို့၊ (RTC)ဝင်းနေ (ဦးဝင်းအောင်-ဒေါ်ခင်လေးပြုံး)တို့၏ သမီးကြီး၊ (ကိုမြတ်စိုးအောင်)-မဇင်မွန်ကျော် (Marble Psychological Service)၊ မောင်ကျော်ဇင်အောင်၊ မောင်ကျော်ထူးအောင်တို့၏ ချစ်လှစွာသောမိခင်၊ မမြတ်သီရိကျော် (အမက-၂၆၊ တာမွေ)၏ ချစ်လှစွာသောအဘွားသည် ၁၆-၁၂-၂၀၁၇ ရက် ည ၈း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၇-၁၂-၂၀၁၇ ရက် ညနေ ၃ နာရီတွင် ရေဝေးစွန်နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် ကောင်းမွန်သည့် ရလဒ်များရရှိရန် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့က ကြိုးစားဆောင်ရွက်မည်

**ချင်းမိုင် ဒီဇင်ဘာ ၁၉**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့၏ နိုင်ငံရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ PPST နှင့် လုပ်ငန်းကော်မတီများအကြား လာမည့် ဇန်နဝါရီလအတွင်း ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပသည်။

KNU (ကရင်အမျိုးသားအစည်းအရုံး) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက "ငြိမ်းချမ်းရေးတည်ဆောက်မှုအောင်မြင်ဖို့အတွက် လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ အောင်မြင်ပြီး ကောင်းမွန်တဲ့ ရလဒ်တွေထပ်ရှိဖို့အတွက် ကျွန်တော်တို့ ရှစ်ဖွဲ့က ကြိုးစားဆောင်ရွက်သွားမယ်၊ ပူပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့ သဘောထားချမှတ်ပါတယ်"ဟု အစည်းအဝေးအပြီးတွင် ပြောကြားသည်။

ငါးရက်တာ အစည်းအဝေး၌ တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ အစည်းအဝေးတွင် တင်သွင်းဆွေးနွေးမည့် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ ငါးရပ်ကို ဆွေးနွေးခဲ့ကြသည်။

ပဒိုစောကွယ်ထူးဝင်းက "ကျွန်တော်တို့ အခုဆွေးနွေးပွဲက လာမယ့်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကနေ တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို တင်သွင်းမယ့် သက်ဆိုင်ရာကဏ္ဍအလိုက် စာတမ်းတွေကို သက်ဆိုင်ရာလုပ်ငန်းကော်မတီက PPST အစည်းအဝေးကို တင်သွင်းတယ်၊ ဒါကို ဆွေးနွေးပြီး အတည်ပြုပါတယ်၊ အဲဒီအတည်ပြုမှုကို သက်ဆိုင်ရာလူမျိုးအလိုက် ကျင်းပမယ့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပြန်လည်တင်ပြပြီး သူတို့ရဲ့ သဘောထားတွေကို စုစည်းသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ငါးရက်တာ ကျင်းပခဲ့သည့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အစည်းအဝေးတွင် ကဏ္ဍကြီးငါးရပ်ဖြစ်သော နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် စသည့် ကဏ္ဍများကို ဆွေးနွေးခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



# ထိုင်းကလပ် ချင်းရိုင်အသင်းသို့ ကျော်ကိုကို ပြောင်းရွှေ့ကစားမည်



**ရန်ကုန် ဒီဇင်ဘာ ၁၉**

ထိုင်းကလပ် အသင်းများသည် မြန်မာကစားသမားများကို စိတ်ဝင်စားမှု မြင့်တက်လာခဲ့ပြီး ဒုတိယမြောက် ခေါ်ယူမှုအဖြစ် ရန်ကုန်အသင်း၏ မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး ကျော်ကိုကိုအား ချင်းရိုင်ယူနိုက်တက်အသင်းက ခေါ်ယူရန် သဘောတူညီမှုရခဲ့ပြီး ယခုလကုန်တွင် အပြီးသတ်စာချုပ် ချုပ်ဆိုဖွယ်ရှိနေသည်။

ချင်းရိုင်ယူနိုက်တက်အသင်းသည် ကျော်ကိုကိုအား တစ်လလျှင် လစာ ဒေါ်လာ ၇၀၀၀၊ နေထိုင်ရန်အိမ်နှင့် သွားလာရန် ကားတစ်စီး စီစဉ်ပေးမည်ဖြစ်ပြီး အခြားခံစားခွင့်များလည်း ရရှိမည်ဖြစ်သည်။ ကျော်ကိုကိုသည် ယခုလအတွင်း ချင်းရိုင်ယူနိုက်တက်အသင်း၌ ဆေးစစ်မှုခံယူမည်ဖြစ်ပြီး

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒**

# YBS ယာဉ်မောင်းများအား YRTA အသိအမှတ်ပြု စမတ်ကတ်များ ထုတ်ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

YBS ယာဉ်များတွင် ခရီးသည်တင်ဆောင် မောင်းနှင်ခွင့်ရှိသော သတ်မှတ်ယာဉ်မောင်းလိုင်စင်ကိုသာ မောင်းနှင်ခွင့်ပြုမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ၏ အသိအမှတ်ပြု စမတ်ကတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ သိရသည်။

ခရီးသည်တင်ယာဉ်များကို သတ်မှတ်ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူသာ မောင်းနှင်ခွင့်ရှိပြီး ( င)လိုင်စင် ကိုင်ဆောင်ထားသူများနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးတို့ ပူးပေါင်းဖွင့်လှစ်နေသည့် YBS အထူးယာဉ်မောင်းသင်တန်းပြီးမြောက်အောင်မြင်ပြီး၍ သင်တန်းဆင်းလက်မှတ် ရရှိသူများကို YRTA အသိအမှတ်ပြု ယာဉ်မောင်းကတ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခရီးသည်တင်ယာဉ်ကို လိုင်စင်အနီ ကိုင်ထားသူသာ မောင်းနှင်ခွင့်ရှိတာပါ၊ YRTA အနေနဲ့ လိုင်စင်အနီ ရှိသူတွေ၊ YRTA ယာဉ်မောင်းသင်တန်းဆင်း ယာဉ်မောင်းတွေကို

**စာမျက်နှာ ၇ ကော်လံ ၄ သို့ ✪**